# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဒါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၂ ရက် | ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၃ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၈)၊ အမှတ် (၂၇၆)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနတို့မှ တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် ဇူလိုင် ၂**

နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး စုပေါင်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဒုတိယဝန်ကြီး ဦးတင်မြင့်၊ နိုင်ငံတော်သမ္မတရုံး အမြဲတမ်းအတွင်းဝန် ဦးခင်လတ်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အမြဲတမ်းအတွင်းဝန် ဦးဇော်သန်းသင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျောင်းသားမိဘများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အရေးကြီးတဲ့ မှတ်တိုင်တစ်ခုဖြစ်**

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားရာ၌ "ကျွန်မတို့ရုံးတွေက ဝန်ထမ်းတွေရဲ့ သားသမီးတွေ ၁၀ တန်းစာမေးပွဲအောင်တာနဲ့ပတ်သက်ပြီး ကျင်းပတဲ့အခမ်းအနား ဖြစ်ပါတယ်။ ဒီလို ၁၀ တန်းစာမေးပွဲအောင်တယ်ဆိုတာ အရေးကြီးတဲ့ မှတ်တိုင်တစ်ခုဖြစ်ပါတယ်။ အသက်မွေးဝမ်းကျောင်းပညာနောက် လိုက်မယ်ဆိုရင်လည်း ကိုယ့်ရဲ့အသက်မွေးလမ်းကြောင်း စပြီးခြေလှမ်းပြီဆိုတာနဲ့ 

*စာမျက်နှာ ၃ ကော်လံ ၁* ❄



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၆ ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မောင်မင်းပြည့်ပြည့်ဦးအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်

## အမျိုးသမီးများ အကြမ်းဖက်မှုမှကာကွယ်ရေး အားလုံးကူညီစောင့်ရှောက်ပေး

ဆောင်းပါး | စာ ၆

## အများပြည်သူပိုင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အလွဲသုံးစားပြုနေကြသဖြင့် စိုက်ပျိုးမြေများ လျော့နည်းလာ

နိုင်ငံတော်နှင့် ပြည်သူ့အကျိုးရှေးရှု လွှတ်တော်များ၏ဖော်ဆောင်မှု | စာ ၁၀


KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

**မြန်မာ့အလင်း**

# ကလေးငယ်တို့၏ဘဝသည် နိုင်ငံ၏အနာဂတ်

ယနေ့ပြည်သူလူထုအကြား တုန်လှုပ်ဖွယ်အကောင်းဆုံး၊ စိတ်မလုံမခြုံ အဖြစ်ရဆုံး၊ ကြားရသည်နှင့် စက်ဆုပ်ရွံရှာမှု အဖြစ်ရဆုံးသတင်းများမှာ သက်ငယ်မုဒိမ်းဟူသည့်ဖြစ်ရပ်များဟု ဆိုချင်ပါသည်။

သက်ငယ်မုဒိမ်းဟူသည်မှာ စကားလုံးကသည်ပင်လျှင် လူမှုအသိုင်းအဝိုင်းအတွက် အလွန်ပင် မကြားဝံ့မနာသာဖြစ်ရသော အသုံးအနှုန်းဖြစ်ပါသည်။ မည်သို့မျှ နားလည်နိုင်စွမ်းမရှိလောက်အောင် ယုတ်မာဆိုးရွားလှသည့်၊ မည်သို့မျှ ခွင့်လွှတ်နိုင်စရာမရှိသည့် အမူအကျင့်လုပ်ဆောင်မှုကို တစ်နေရာ၊ နှစ်နေရာမျှမဟုတ်ဘဲ ဟိုမှာသည်မှာ၊ နေရာအများအပြားမှာ တွေ့ရကြားရသည်ကိုက နိုင်ငံအတွက်ဝမ်းနည်းစရာ ဖြစ်လှပါပြီ။

ဤမျှလောက်အနာဂတ်ကို ခြိမ်းခြောက်နေသော အဖြစ်ဆိုးကို နိုင်နိုင်နင်းနင်းကိုင်တွယ်ထိန်းကွပ်ကြရန်လိုပါမည်။ အနိုကိစ္စကို တစ်မျိုးသားလုံး၏အရေးအဖြစ် သဘောထားဆုံးဖြတ်ချက်ချကာ အရေးယူဆောင်ရွက်ကြရန် လိုပြီဟုလည်း ယူဆပါသည်။

ပစ္စက္ခကာလတွင် ကလေးငယ်များကို မည်သို့စောင့်ရှောက်နေသည်၊ မည်သို့ထိန်းသိမ်းနေသည်၊ မည်သို့ဂရုစိုက်ကာ ပြုစုပျိုးထောင်နေသည် ဆိုခြင်းကို လေ့လာလျှင် ထိုနိုင်ငံ၏အနာဂတ်မည်သို့ ပွင့်လန်းတိုးတက်လာမည်လဲ၊ မည်သို့ဆုတ်ယုတ် နိမ့်ကျသွားမည်လဲဆိုသည်ကို တပ်အပ်မှချ ပြောနိုင်ပြီဟု အဆိုရှိသည်။

ယနေ့ လူကြီးများနေရာတွင် နေရာယူလာကြမည့် ကလေးငယ်များကို ကိုယ်ခန္ဓာရော၊ စိတ်ဓာတ်ခွန်အားပါ သန်သန်မာမာစွမ်းရည်ရှိရှိ ရင့်ကျက်သူများ၊ ယဉ်ကျေးသူများ ဖြစ်လာရေးဟူသည် လုံခြုံစိတ်ချပညာပြည့်ဝ နွေးထွေးသည့်ဝန်းကျင်နှင့် အာဝါသအောက်ကသာ ဖြစ်နိုင်ပါသည်။

ကလေးငယ်များ၏ ပညာရေးဆိုင်ရာဝန်းကျင်များတွင်ပါ သည်ကဲ့သို့ ဖြစ်ရပ်မျိုးကို ကြုံတွေ့နေရသည်မှာ သည့်ထက် ဆိုးရွားသော အခြေအနေ မရှိတော့ဟုပင် ဆိုနိုင်ပါသည်။

ကလေးငယ်များအတွက် လုံခြုံဘေးကင်းစေရေးနှင့် ကလေးငယ်များအား ဤကိစ္စမျိုးနှင့်ဆက်နွယ်ပတ်သက်သော လိုအပ်သည့် ပညာပေးရေး လုပ်ငန်းမှန်သမျှတို့ကို အရေးပေါ်အထူးပြုဆောင်ရွက်ကြရန် လိုပါမည်။

အမှုကိစ္စများ မဖြစ်ပေါ်ရေးအတွက် အစီအမံများ လိုအပ်သကဲ့သို့ ဖြစ်ပေါ်သမျှသောအမှုများကိုလည်း နိုင်နင်းစွာ ကိုင်တွယ်ဆောင်ရွက် အရေးယူကြရန် လိုပါမည်။ အပြစ်ကျူးလွန်သူ ပိုင်ပိုင်နိုင်နိုင်ဖမ်းမိရေး၊ ပြစ်မှုနှင့်ကိုက်ညီထိုက်သင့်သော ပြစ်ဒဏ်ပေးနိုင်ရေးအစရှိသည့် ထိရောက်သော ဥပဒေစိုးမိုးမှုများကို လွှမ်းခြုံသည့်အနေအထားဖြစ်ရန် လိုပါမည်။

မြို့ကြီးပြကြီး၊ လူမြင်သူမြင်၊ မမြင်ကွယ်ရာဟူ၍ မရှိနိုင်လောက်သည့် ခေတ်မီနည်းပညာများ၊ အခြေခံအဆောက်အအုံများ၏ ဝန်းကျင်မှာပင် သည်လိုအမှုအခင်းများဖြစ်ပွားနေသည်ဆိုလျှင် ဝေးလံသီခေါင်သည့် ဒေသများအတွက် ပိုမိုရင်လေးစရာ၊ စိတ်ပူပန်စရာဖြစ်ပါလိမ့်မည်။ သည်လို အခြေအနေတွင် ဥပဒေစိုးမိုးရေးနှင့် ကလေးသူငယ်ဆိုင်ရာ ပညာပေးရေး လုပ်ငန်းများက ရှေ့တန်းရောက်နေဖို့ လိုအပ်ပါသည်။

ကလေးငယ်များ လုံခြုံဘေးကင်းစွာ ပျော်ရွှင်စွာနေထိုင်ဆော့ကစား ရှင်သန်ရေး၊ ပညာသင်ကြားနိုင်ကြရေးဆိုသည်တို့ထက် ပို၍အရေးကြီးသည့် အမျိုးသားရေးလိုအပ်ချက်မရှိဟု ဆုံးဖြတ်ချက်ချမှတ်ကာ ပိုင်နိုင်ထိရောက်စွာ အရေးတယူ ဆောင်ရွက်ကြရန် နှိုးဆော်အပ်ပါသတည်း။ ။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ (မိုး/ဇလ)

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာအမှတ်၊ ၈၄/၂၀၁၉**
**၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)**

### တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းခြင်း

သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အသီးသီး၏ သဘောတူညီချက်အရ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့ရှိ အောက်ပါဝန်ကြီးဌာနများကို ယှဉ်တွဲပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | လက်ရှိဝန်ကြီးဌာန | ပြင်ဆင်ဖွဲ့စည်းသည့်ဝန်ကြီးဌာန |
|---|---|---|
| (၁) မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အလုပ်သမားရေးရာဝန်ကြီးဌာန |
| (၂) မွန်ပြည်နယ်အစိုးရအဖွဲ့ | စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင် ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး၊ ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ (မိုး/ဇလ)

## တိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၄/၂၀၁၉**
**၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)**

### တိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါ်မိုးမိုးစုကြည်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာန တိုးချဲ့ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာအမှတ်၊ ၈၅/၂၀၁၉**
**၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)**

### တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာန တိုးချဲ့ဖွဲ့စည်းခြင်း

သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အသီးသီး၏ သဘောတူညီချက်အရ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့တွင် **"လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန"** ကို တိုးချဲ့ဖွဲ့စည်းလိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်


## အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ(၆)ရက် (စနေနေ့)

MOALI
6 July 2019 #coopsday International Day of Cooperatives
COOP International Co-operative Alliance

" Coops 4 Decent Work "

"အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ဖို့ သမဝါယမအသင်းများဆောင်ရွက်စို့"


## သတိပေးနှိုးဆော်ချက်

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့ အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုသည့် ပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ဗိုလ်ချုပ်ပြတိုက်လမ်းအား နံနက် ၅ နာရီမှ ပြတိုက်ပိတ်ချိန်အထိ မော်တော်ယာဉ်များ သွားလာခွင့်မပြုဘဲ ခေတ္တလမ်းပိတ်ထားမည်ဖြစ်သဖြင့် မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် အခြားလမ်းများမှ သွားလာ အသုံးပြုကြပါရန် ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## ကြက်သွန်နီ ရန်ကုန်ဈေးကွက်တွင် နယ်စပ်အပို့အဝယ်ရှိသော်လည်း ဈေးငြိမ်နေပြီး ယခင်နှစ်ကာလတူထက်ဈေးမြင့်

**ရန်ကုန် ဇူလိုင် ၂**

ရန်ကုန်ကြက်သွန်နီဈေးကွက်တွင် မြစ်ဝကျွန်းပေါ်ဒေသများသို့ တင်ပို့ရန်နှင့် ရန်ကုန်မြို့တွင်းဈေးများမှ ဝယ်ယူနေကြရာ ယခုရက်ပိုင်းတွင် နယ်စပ်အပို့အဝယ်များ (ဈေးကွက်အခေါ်လိုင်းသမားများ) ပါရှိလာသည်။ သို့သော်အလုံးကြီး ရှယ်အရွယ်အစားကို တစ်ပိဿာလက်ကားဈေး ၈၀၀ ကျပ်အောက်ကိုသာ အဝယ်ရှိသည်ဟု ရေတမာလမ်း ကြက်သွန်ပွဲရုံနှင့် နယ်အပို့အဝယ်တော်များထံမှ သိရသည်။

ဇူလိုင် ၁ ရက်နှင့် ၂ ရက်တို့တွင် ဆိပ်ဖြူကြက်သွန်နီလက်ကား တစ်ပိဿာ ၆၀၀၊ ၇၀၀၊ ၇၇၅၊ ၈၅၀ ကျပ်နှုန်း၊ မုံရွာ၊ ပခုက္ကူ၊ ကြက်သွန်နီ ၆၂၅၊ ၇၂၅၊ ၈၀၀၊ ၈၇၅ ကျပ်နှုန်းရှိသည်ဟု နေ့စဉ်ကြက်သွန်ဒိုင် ဈေးနှုန်းများတွင်ဖော်ပြထားသည်။ သို့သော် ကြက်သွန်အခွံလုံ ခြင်းနှင့် အရွယ်အစား ခွဲခြားမှုမှန်ကန်ခြင်းတို့အပေါ် မူတည်ကာ ဈေးနှုန်းကွာခြားခြင်း ရှိသည်ဟု မြစ်ဝကျွန်းပေါ် ဒေသသို့ ကုန်ဝယ်ပို့နေသူ ကိုဇော်ထွန်းက ဆိုသည်။

ကြက်သွန်များကို မူဆယ်နယ်စပ်ဈေးကွက်နှင့် ဘုရင့်နောင်ရန်ကုန်ဈေးကွက်များသို့ ကြက်သွန်ထွက်ရှိရာ မြင်းခြံ၊ ပခုက္ကူ၊ ဆိပ်ဖြူ၊ မုံရွာ စသည့် နယ်စုံမှတင်ပို့နေသည်။ မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်သို့ ယခုနှစ်မတ်လအတွင်း ကြက်သွန်နီတန်ချိန် ၁၀၂၃၈ တန်၊ ဧပြီလတွင် ၁၀၈၁၇ တန်၊ မေလတွင် ၁၀၇၆၀ တန် တင်ပို့ခဲ့သည်ဟု နယ်စပ်ကုန်သွယ်ရေးသတင်းများအရ သိရသည်။ ဇွန် ၅ ရက်မှ ၂၅ ရက်အတွင်းတွင် ကြက်သွန်နီ ၅၇၂၈ တန်တင်ပို့ထားသည်ဟု သိရသည်။

မူဆယ်သို့ ယခင်လများအတွင်း တစ်လလျှင်ကြက်သွန်နီတန်ချိန် ၁၀၀၀၀ ဝန်းကျင် ( ပိဿာချိန်အားဖြင့် သိန်း၆၀ ဝန်းကျင်) တင်ပို့နေသကဲ့သို့ ရန်ကုန်ဘုရင့်နောင်ဈေးကွက်အတွင်းသို့လည်း တစ်လလျှင် ကြက်သွန်နီပိဿာချိန် သိန်း ၄၀ မှ ၅၀ အတွင်း နယ်စုံမှ ကြက်သွန်နီတင်ပို့နေသည်။

ယခုအခါ ရန်ကုန်ကြက်သွန်ဈေးကွက်သည် ရန်ကုန်မြို့တွင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသအဝယ်များသာ ရှိနေသည်။ ကျောင်းဖွင့်ရာသီနှင့် လယ်ယာလုပ်ငန်းခွင်ဝင်ချိန်တို့ ဖြစ်သဖြင့် ယခုလပိုင်း ဘုရင့်နောင်ဈေးကွက်တွင် အရောင်းအဝယ်ကျဆင်းနေချိန် လိုင်းသမားအချို့ ကြက်သွန်နီအဝယ်ထွက်လာသော်လည်း ဈေးနှုန်းပေါ်မူတည်ဝယ်ယူနေသဖြင့်ဈေးငြိမ်နေသည်ဟု ဈေးကွက်အတွင်း သုံးသပ်ပြောဆိုနေကြသည်။

မူဆယ်နယ်စပ် ကြက်သွန်ဈေးသည် ဘုရင့်နောင် ဈေးနှုန်းထက်နိမ့်နေဆဲရှိသဖြင့် ရန်ကုန်ဈေးကွက်တွင် ကြက်သွန်နီဈေးနှုန်း ပြန်ကျလာခြင်းဖြစ်သည်ဟု ပွဲရုံပိုင်ရှင်တစ်ဦးကဆိုသည်။ ယခင်နှစ်ကာလတူဖြစ်သော ၂၀၁၈ ခုနှစ် ဇူလိုင် ၂ ရက်တွင် ဆိပ်ဖြူ ကြက်သွန်နီလက်ကား တစ်ပိဿာ ၅၀၀၊ ၅၅၀ ကျပ်နှုန်း ရှိခဲ့သော်လည်း ၂၀၁၇ ဇူလိုင် ၁ ရက် တွင်မူ ဆိပ်ဖြူ ၉၀၀၊ ၁၁၂၅၊ ၁၂၀၀၊ ၁၂၅၀ ကျပ်နှုန်းရှိခဲ့သည်ဟု ဈေးနှုန်းဟောင်းများအရ သိရသည်။

**ခင်ဆိုင်**



# တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လို

တိုင်းသူပြည်သား လူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှိုရှို့ စစ၊ မိမိတို့ အဓိက ပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

**“နိုင်ငံ့ဝန်ထမ်းလုပ်ရတယ်ဆိုတာက ချမ်းသာတဲ့နိုင်ငံတွေနဲ့ မချမ်းသာတဲ့ ကျွန်မတို့နိုင်ငံလို ဖွံ့ဖြိုးဆဲနိုင်ငံတွေနဲ့ အခြေအနေချင်းက မတူပါဘူး။ အခြေအနေချင်း မတူဘူးဆိုပေမယ့် ကိုယ့်တာဝန်ကျေပွန်မှုမှာဆိုရင် ကိုယ့်တာဝန်ကျေပွန်ရင် ကမ္ဘာက ဘယ်လောက်ပဲ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံဖြစ်စေ၊ ဘယ်လောက်ပဲ ချမ်းသာတဲ့နိုင်ငံဖြစ်စေ အဲဒီကနိုင်ငံတွေက ဝန်ထမ်းတွေနဲ့ ကိုယ်ကရင်ပေါင်တန်းနိုင်ပါတယ်။ နောက်ဆုံးကျတော့ တာဝန်ကျေမှုပါပဲ။ ဒီလိုတာဝန်ကျေမှုစိတ်ဓာတ်ကို ကိုယ့်သားသမီးတွေကို ပေးလိုက်မယ်ဆိုရင် ဒါကတော့ အကောင်းဆုံးအမွေအနှစ်ပဲ”**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်



❊ရှေ့ဖုံးမှ

ကျောင်းတုန်းက အခြေအနေနဲ့ မတူပါဘူး။ ဒါပေမယ့် ဘယ်လိုပဲ ကြည့်ကြည့် ဒီမှတ်တိုင်ဟာ ဘဝကိုဖြတ်သန်းတဲ့အခါမှာ အတိုင်းအတာတစ်ခုအထိ ရောက်လာပြီဆိုတာ ပြတာဖြစ်ပါတယ်။ မိဘများသည်လည်း ဒီနေရာအထိ ကိုယ့်သားသမီးတွေကို ပံ့ပိုးစောင့်ရှောက်ကြည့်ရှုခဲ့တယ်။ ဒီဟာအတွက်လည်း ဂုဏ်ယူနိုင်ပါတယ်။ ကျေနပ်နိုင်ပါတယ်။

### ကြိုးစားခြင်းကို ဂုဏ်ပြုပေးတဲ့သဘောဖြစ်

“ကျောင်းသူ ကျောင်းသားများကလည်း ဒီအခြေအနေအထိ ရောက်လာပြီး အောင်အောင်မြင်မြင်နဲ့ စာမေးပွဲတွေကို ဖြတ်သန်းနိုင်ခဲ့တာကိုလည်း ဂုဏ်ယူနိုင်ပါတယ်။ တချို့ကတော့ ဂုဏ်ထူးများစွာရတယ်၊ တချို့က သာမန်ပဲအောင်တယ်၊ ကျွန်မတို့က ဂုဏ်ထူးရတဲ့သူတွေကို ဂုဏ်ပြုတယ်ဆိုတာ ကြိုးစားတာကို၊ လုံ့လဝီရိယကို ဂုဏ်ပြုတဲ့သဘောပါ။ ဘယ်သူက ဘယ်သူ့ထက် တော်တယ်ဆိုပြီး ခွဲခြားတဲ့သဘော မဟုတ်ပါဘူး။ လုံ့လ၊ ဝီရိယရှိခြင်း၊ ဝီရိယစိုက်ထုတ်ခြင်း၊ ကြိုးစားခြင်းကို ဂုဏ်ပြုပေးတဲ့သဘောဖြစ်ပါတယ်။ ဒါကြောင့် ဂုဏ်ထူးမထွက်ခဲ့တဲ့၊ သာမန်အောင်ခဲ့တဲ့ ကျောင်းသားတွေကလည်း စိတ်ဓာတ်ကျစရာ မလိုပါဘူး။ သိမ်ငယ်စရာလည်း မလိုပါဘူး။ ပြောရမယ်ဆိုရင် စာမေးပွဲလုံးဝကျပြီးတော့ ဒီအခမ်းအနားကို မတက်နိုင်တဲ့ ကလေးတွေတောင်မှ စိတ်ဓာတ်ကျစရာမရှိပါဘူး။

“ဘဝမှာ အခွင့်အရေးတွေက တစ်ခုပြီးတစ်ခု လာပါတယ်။ လာတဲ့အခွင့်အရေးတွေကို မှန်မှန်ကန်ကန်သုံးနိုင်ဖို့ပဲ လိုပါတယ်။ ကျွန်မတို့အနေနဲ့ ဒီလိုအခွင့်အရေးတွေကို မှန်မှန်ကန်ကန် သုံးနိုင်တယ်ဆိုတာ ဘယ်လိုသတ်မှတ်လဲဆိုတာကို ပြောရမယ်ဆိုရင် အများအကျိုး၊ ကိုယ့်အကျိုးပါ။ ဒီအကျိုးနှစ်သွယ်ကို အားပေးနိုင်တဲ့ ခြေလှမ်းများဟာ အောင်မြင်တဲ့ခြေလှမ်းများ၊ မှန်ကန်တဲ့ခြေလှမ်းများပဲလို့ မှတ်ယူပါတယ်။ အတ္တဟိတ ကိုယ့်အကျိုးချည်းပဲ လုပ်နေလို့မဖြစ်ပါဘူး။ ပရဟိတ အများအကျိုးပဲ လုပ်ရမယ်။ ကိုယ့်အကျိုးကို လျစ်လျူရှုထားရမယ်ဆိုတာလည်း လက်တွေ့မကျပါဘူး။ အများအကျိုး၊ ကိုယ့်အကျိုး အကျိုးနှစ်ခုစလုံးကို အောင်မြင်အောင်လုပ်နိုင်တဲ့ ခြေလှမ်းတိုင်းဟာ မှန်ကန်တဲ့ ခြေလှမ်းလို့ သတ်မှတ်ပါတယ်။ ဒီနေ့ဂုဏ်ပြုတဲ့ ကျောင်းသားများရဲ့မိဘများဆိုရင် ဝန်ထမ်းလုပ်သက်က တော်တော်ကိုရှည်ပါတယ်။ ဒီလိုအကြာကြီး နိုင်ငံ့ရဲ့ဝန်ကို ထမ်းဆောင်ခဲ့တဲ့သူတွေကိုလည်း ကြုံတုန်းဂုဏ်ပြုချင်ပါတယ်။

### အကောင်းဆုံးအမွေအနှစ်

“နိုင်ငံ့ဝန်ထမ်းလုပ်ရတယ်ဆိုတာက ချမ်းသာတဲ့နိုင်ငံတွေနဲ့ မချမ်းသာတဲ့ ကျွန်မတို့နိုင်ငံလို ဖွံ့ဖြိုးဆဲနိုင်ငံတွေနဲ့ အခြေအနေချင်းက မတူပါဘူး။ အခြေအနေချင်း မတူဘူးဆိုပေမယ့် ကိုယ့်တာဝန်ကျေပွန်မှုမှာဆိုရင် ကိုယ့်တာဝန်ကျေပွန်ရင် ကမ္ဘာက ဘယ်လောက်ပဲ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံဖြစ်စေ၊ ဘယ်လောက်ပဲ ချမ်းသာတဲ့နိုင်ငံဖြစ်စေ အဲဒီကနိုင်ငံတွေက ဝန်ထမ်းတွေနဲ့ ကိုယ်က ရင်ပေါင်တန်းနိုင်ပါတယ်။ နောက်ဆုံးကျတော့ တာဝန်ကျေမှုပါပဲ။ ဒီလိုတာဝန်ကျေမှုစိတ်ဓာတ်ကို ကိုယ့်သားသမီးတွေကို ပေးလိုက်မယ်ဆိုရင် ဒါကတော့ အကောင်းဆုံးအမွေအနှစ်ပဲလို့ ကျွန်မကတော့ ယူဆပါတယ်။

### နိုင်ငံတစ်နိုင်ငံရဲ့ကျောရိုး

“ဒါကြောင့် ဝန်ထမ်းများအနေနဲ့ နိုင်ငံ့ဝန်ကိုထမ်းရတာ ဂုဏ်ယူသလို ဝန်ထမ်းသားသမီးများအနေနဲ့ ကိုယ့်မိဘများဟာ နိုင်ငံ့ဝန်ကိုထမ်းတဲ့ ပုဂ္ဂိုလ်တွေဆိုပြီး ဂုဏ်ယူစေချင်ပါတယ်။ တချို့တွေက ဝန်ထမ်းလုပ်ရတာဟာ စီးပွားရေးလုပ်ငန်းရှင်တွေလောက် ဝင်ငွေမကောင်းဘူး။ ဂုဏ်မရှိဘူးလို့ ထင်ရင်လည်း ထင်ကြမယ်။ ဒါပေမယ့် နိုင်ငံတစ်နိုင်ငံရဲ့ကျောရိုးဟာ ကောင်းမွန်တဲ့ ဝန်ထမ်းအဆောက်အအုံတစ်ခုပါပဲ။ နိုင်ငံတစ်နိုင်ငံရဲ့ကျောရိုး တောင့်မှ နိုင်ငံဟာလည်း တောင့်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီနေ့ဂုဏ်ပြုနေတဲ့ ကျောင်းသူ ကျောင်းသားတွေထဲက ဝန်ထမ်းလောကထဲကို ဝင်ချင်မယ့် ကျောင်းသူ ကျောင်းသားတွေလည်း ပါလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ဝန်ထမ်းတွေရဲ့ အဆင့်မြင့်လာတာနဲ့အမျှ ဝန်ထမ်းလောကထဲကို ဝင်လာတဲ့ လူငယ်တွေလည်း များလာမယ်လို့ မျှော်လင့်ပါတယ်။

“အထူးသဖြင့် ယောက်ျားလေးတွေကို ဝန်ထမ်းလောကထဲကို ဝင်ဖို့ ဆွဲဆောင်ချင်ပါတယ်။ ဝန်ထမ်းတွေထဲမှာ အမျိုးသမီးတွေကများလာပြီး အမျိုးသားတွေက နည်းလာတယ်။ အမျိုးသမီး အမျိုးသားတန်းတူညီရေးဆိုတာ မျှမျှတတဖြစ်စေချင်တယ်။ ဘယ်မှာမဆို အမျိုးသားလည်းရှိရမယ်။ အမျိုးသမီးလည်း ရှိရမယ်။ တချို့နေရာတွေမှာ အမျိုးသမီးတွေက အားသာတယ်။ တချို့နေရာတွေမှာ အမျိုးသားတွေက အားသာတယ်။ နေရာတိုင်းမှာ တစ်ဦးချင်း တစ်ဦးချင်း ပြောမယ်ဆိုရင် ကိုယ့်အားနည်းချက်နဲ့ ကိုယ့်အားသာချက်ဆိုတာ ရှိတာချည်းပဲ။ ပူးပေါင်းဆောင်ရွက်မှ ပြီးပြည့်စုံနိုင်မှာပါ။

### ကိုယ့်တစ်ယောက်ထဲအတွက် မကြည့်ပါနဲ့

“ဒီနေ့ တက်ရောက်လာကြတဲ့ ကျောင်းသူ ကျောင်းသားများဟာ ဘဝမှာ ဘာလုပ်မယ်စိတ်ကူးထားလဲလို့တော့ ကျွန်မလည်း မသိဘူး။ မိဘများဟာ ဘယ်လိုမျှော်မှန်းထားလဲဆိုတာ မသိဘူး။ မိဘများကလည်း ကိုယ့်သားသမီးတွေအတွက် မျှော်မှန်းတဲ့နေရာမှာ သိပ်ပြီးတော့ ကျဉ်းကျဉ်းလေး မကြည့်ပါနဲ့၊ နိုင်ငံ့အတွက်လည်း ကြည့်ပါ။ သားသမီးတွေအတွက်လည်း ကြည့်ပါ။ မိသားစုအတွက်လည်းကြည့်ပါ။ ဒါပေမယ့် မျှမျှတတတော့ ကြည့်စေချင်ပါတယ်။ လူငယ်များ၊ ကျောင်းသူ ကျောင်းသားများကလည်း ဒီအတိုင်းပါပဲ။ ဒီအတိုင်းပဲ ကြည့်စေချင်ပါတယ်။ ကိုယ့်တစ်ယောက်ထဲအတွက် မကြည့်ပါနဲ့။ ကိုယ့်မိသားစုအရေးအတွက်လည်း မကြည့်ပါနဲ့ ကိုယ့်နိုင်ငံအတွက် ကြည့်ပါ။ အားလုံးအတွက် စုပြီးကြည့်မှသာ ကိုယ်ကနေပြီးတော့ ပြီးပြည့်စုံတဲ့လူသားတစ်ယောက် ဖြစ်နိုင်မှာပါ။ ပြီးပြည့်စုံတဲ့လူသားဆိုတာ ကိုယ့်အကျိုးပဲ ဆောင်နိုင်ရုံနဲ့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ သူများအကျိုးဆောင်ဖို့ဆိုတာလည်း ပုထုဇဉ်

စာမျက်နှာ ၄ သို့

စာမျက်နှာ ၃ မှ

လူသားတွေဖြစ်တဲ့အတွက် ဒါကတော့ လက်တွေ့မကျတဲ့ တောင်းဆိုမှုမျိုး ဖြစ်ပါလိမ့်မယ်။

**သူ့အားသာချက်နဲ့သူရှိ**

"ဒါကြောင့် ဘဝရဲ့မှတ်တိုင်တစ်ခုကို အောင်မြင်စွာ ဖြတ်သန်းပြီးတဲ့ ကျောင်းသား၊ ကျောင်းသူများဟာ အခုဆက်ပြီးတော့ ပညာလိုက်စားဦးမှာလား၊ ဘဝအတွက်၊ အသက်မွေးဝမ်းကျောင်းအတွက် လောကထဲကိုထွက်ပြီး ရှာမှာလား၊ ဘယ်လိုပဲသွားသွား၊ ဘယ်နေရာပဲသွားသွား၊ ကိုယ်ဟာ ကိုယ်တစ်ယောက်တည်းအတွက် လုပ်တာမဟုတ်ဘူး။ အများအတွက်ချည်းပဲ လုပ်လို့လည်း လက်တွေ့မကျဘူး၊ အားလုံး ကိုယ့်အကျိုး၊ အများအကျိုးအတွက်လုပ်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ စဉ်းစားပါ။ ဒီလောကကြီးရဲ့ ပြောင်းလဲနေမှုတွေကိုလည်း သတိပြုပါ။ လူငယ်များကတော့ မာန်ရှိတတ်တယ်။ ငါတို့ခေတ်က အရင်ခေတ်တွေထက် တိုးတက်တယ်၊ ငါတို့က ပိုပြီးတော့တတ်တယ်၊ သိတယ်၊ အထူးသဖြင့် နည်းပညာခေတ်မှာ ဒီလိုစဉ်းစားတတ်ကြပါတယ်။ ဒါလည်းလုံးဝမှန်တာ မဟုတ်ပါဘူး။ ခေတ်တိုင်းခေတ်တိုင်းက သူ့အားသာချက်နဲ့သူ ရှိပါတယ်။

"ဒါကြောင့် လူငယ်များဟာ အသက်ကြီးလာတာနဲ့အမျှ တစ်နေ့မှာ လူငယ်ဟုတ်တော့မှာ မဟုတ်ပါဘူး။ အခုကတည်းက လူကြီးလောကထဲကိုဝင်မယ့် လူငယ်တွေဖြစ်တာကြောင့် လူကြီးပီပီ စဉ်းစားဖို့လည်း တစ်ဖက်ကနေစပြီး ခြေလှမ်းရပါလိမ့်မယ်။ ဒါပေမယ့် တက်ကြွတဲ့လူငယ်စိတ်၊ ဆန်းသစ်တီထွင်ချင်တဲ့ လူငယ်စိတ်တွေကိုလည်း မပျက်အောင် ထိန်းသိမ်းထားရပါမယ်။ ဒီလိုနှစ်ခုလုံး ထိန်းသိမ်းထားမယ်ဆိုရင် လူကြီးစိတ်၊ လူငယ်စိတ် မျှမျှတတ ရင့်ကျက်တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်လာအောင်၊ ရင့်ကျက်တဲ့ လူသားတစ်ယောက်ဖြစ်လာအောင် လုပ်နိုင်မယ်ဆိုရင် ဒါဟာ တကယ့်ဘဝမှတ်တိုင်တစ်ခုကို အောင်အောင်မြင်မြင်ကျော်လွှားလာနိုင်တယ်လို့ ကျွန်မတို့ ဒီလိုသတ်မှတ်လို့ ရပါတယ်။

"ကျွန်မနိဂုံးချုပ်အနေနဲ့ အားလုံးကို ဂုဏ်ပြုတယ်ဆိုတာ ပထမဦးဆုံးကတော့ စာမေးပွဲတွေအောင်ခဲ့တဲ့၊ ကျောင်းသူ၊ ကျောင်းသားများမဟုတ်တော့တဲ့ လူငယ်များကို ဂုဏ်ပြုပါတယ်၊ မိဘများကို ဂုဏ်ပြုပါတယ်။ အားလုံးဝိုင်းဝန်းပြီးတော့ ဒီလို အခမ်းအနားကျင်းပနိုင်အောင် ရဲဘော်၊ ရဲဘက်စိတ်နဲ့ ကူညီပေးတဲ့ ဌာနအသီးသီးက ဝန်ထမ်းတွေကိုလည်း ဂုဏ်ပြုပြီးတော့ ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်"ဟု ပြောကြားသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၆ ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မဟန်မေစိုးအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်

**၆ ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၆ ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် မောင်ဘုန်းသုတ၊ မနွေးနွေးကျော်၊ မောင်မင်းပြည့်ပြည့်ဦး၊ မဟန်မေစိုးနှင့် မဟန်နီသော်တို့အား ဂုဏ်ပြုဆုငွေနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၅ ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် မဇွန်ဖူးအိမ်၊ မချမ်းမြေ့နေခြည်၊ မမေပြည့်စုံစိုး၊ မောင်ဇင်မျိုး၊ မောင်စန်းပွင့်အောင်၊ မောင်စိုင်းအောင်ကျော်ထက်နှင့် မဆုသန္တာအောင်တို့အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်**

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးတင်မြင့်က ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၄ ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၁၀ ဦး၊ အမြဲတမ်းအတွင်းဝန် ဦးခင်လတ်က နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သူ ၁၁ ဦး၊ အမြဲတမ်းအတွင်းဝန် ဦးဇော်သန်းသင်းက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သူ ၅ ဦးတို့အား ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေသည့် နိုင်ငံတော်သမ္မတရုံးမှ ကျောင်းသား ကျောင်းသူများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ကျောင်းသား ကျောင်းသူများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနမှ ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများကိုယ်စား ၆ ဘာသာဂုဏ်ထူးရှင် မောင်ဘုန်းသုတက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် နိုင်ငံတော်သမ္မတရုံးမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့မှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကျောင်းသားမိဘများ၊ တက္ကသိုလ်ဝင် စာမေးပွဲ ထူးချွန်စွာအောင်မြင်သူများနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စကား ပြောကြားသည်။ **သတင်းစဉ်**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဒုတိယဝန်ကြီး ဦးတင်မြင့်နှင့် တာဝန်ရှိသူများ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# GGI က အတိုးရစာသင်သား အသက်အာမခံမိတ်ဆက်

**ရန်ကုန် ဇူလိုင် ၂**

မြန်မာနိုင်ငံတွင် အသက် ၁၂ နှစ်အောက် ကလေးငယ်များအတွက် ပထမဆုံး အသက်အာမခံ အမျိုးအစားဖြစ်သည့် အတိုးရစာသင်သား အသက်အာမခံ (Student Life Insurance) ကို Grand Guardian Insurance (GGI) က စတင်မိတ်ဆက်လိုက်ပြီဖြစ်ကြောင်း ယမန်နေ့ ညနေပိုင်းက ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ Pan Pacific ဟိုတယ်၌ ကျင်းပသည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

စာသင်သား အသက်အာမခံသည် သားသမီးများ၏ အနာဂတ်ကို ပညာရေးဖြင့် စိတ်ချသေချာစေလိုသည့် မိဘတိုင်းအား စိတ်အေးချမ်းမှုပေးရန် ရည်ရွယ်ကြောင်း သိရသည်။

**အာမခံအတွက် အကျိုးခံစားခွင့်**

GGI ဒုတိယအမှုဆောင် အရာရှိချုပ် ဒေါ်နှင်းစိန်က "GGI က မိတ်ဆက်တဲ့ အတိုးရစာသင်သား အသက်အာမခံလုပ်ငန်းဟာ မိဘများအနေနဲ့ သားသမီးတွေရဲ့အနာဂတ်ပညာရေးအတွက် စိတ်အေးချမ်းမှုရှိစေဖို့ ရည်ရွယ်ပါတယ်။ အတိုးရစာသင်သား အသက်အာမခံဟာ မိဘတွေက ကလေး အသက်တစ်လကနေ ၁၂ နှစ်အထိ အနာဂတ် တက္ကသိုလ်ပညာရေးကို မျှော်မှန်းပြီး အာမခံထားနိုင်ပါတယ်။ ပရီမီယံပေးသွင်းရမယ့်ကာလက အနည်းဆုံး ၅ နှစ်ကနေ ၁၆ နှစ်အထိ ပေးသွင်းရမှာဖြစ်ပြီး အာမခံသက်တမ်းက အနည်းဆုံး ၈ နှစ်ကနေ ၁၉ နှစ်အထိ ရှိပါတယ်။ အာမခံဝယ်ယူသူ မိဘရဲ့ အသက်က ၁၈ နှစ်ကနေ ၅၅ နှစ်အထိ ဖြစ်ရပါမယ်။ အာမခံထားနိုင်တဲ့ ငွေပမာဏက အနည်းဆုံးငွေကျပ် ၁၀ သိန်းကနေ အများဆုံးသိန်း ၁၀၀၀ အထိ ထားနိုင်ပြီး အာမခံသက်တမ်းအလိုက် ပရီမီယံကြေးကို တစ်လတစ်ကြိမ်၊ သုံးလတစ်ကြိမ်၊ ခြောက်လတစ်ကြိမ်၊ တစ်နှစ်တစ်ကြိမ် စသဖြင့် ပေးသွင်းနိုင်ပါတယ်။ ဥပမာဆိုရင် အာမခံထားသူကလေးက အသက် တစ်နှစ်ဆိုရင် အာမခံသက်တမ်းက ၁၆ နှစ်၊ အသက် ၁၇ နှစ်မှာ လျာထားငွေကျပ် ၁၀ သိန်း၊ ငွေကျပ် သိန်း ၁၀၀၊ ငွေကျပ်သိန်း ၁၀၀၀ စသဖြင့် ငွေပမာဏအလိုက် အသက် ၁၇ နှစ်က အသက် ၂၀ အထိ လေးနှစ်ခွဲပြီးရပါမယ်။ ပရီမီယံ အာမခံကြေးပေးသွင်းရမယ့် ကာလမပြည့်မီ အာမခံဝယ်သူ မိခင် (သို့မဟုတ်) ဖခင် သေဆုံးခဲ့ရင်ဖြစ်စေ၊ ထာဝစဉ် မသန်စွမ်းဖြစ်ခဲ့ရင်ဖြစ်စေ အာမခံကြေးကို ဆက်လက်ပေးသွင်းဖို့ မလိုတော့ဘဲ GGI က ဆက်သွင်းပေးပြီး ပရီမီယံကင်းလွတ်ခံစားခွင့် ရရှိကာ ကလေးအသက် ၁၇ နှစ်ပြည့်ကစပြီး ပညာသင်ထောက်ပံ့မှု အကျိုးခံစားခွင့်ကို တစ်နှစ်ကို တစ်ကြိမ်နဲ့ လေးကြိမ် ရရှိမှာဖြစ်ပါတယ်။ အာမခံသက်တမ်းအတွင်း အာမခံထားသူ ကလေးတစ်ခုခုဖြစ်ခဲ့ရင်လည်း ကလေးအတွက် အာမခံငွေတွေကို တစ်လုံးတည်း မိဘတွေကို ပြန်လည်ပေးမှာပါ။ ကလေးအသက် အာမခံအတွက် အကျိုးခံစားခွင့် အပြည့်ရမှာပါ" ဟု ဆိုသည်။

**ပူးပေါင်းဆောင်ရွက်ခွင့်ရရှိရန်**

အတိုးရ စာသင်သား အသက်အာမခံကို ဂျပန်နိုင်ငံ၏ အကြီးဆုံးသော အသက်အာမခံကုမ္ပဏီထဲမှ တစ်ခုဖြစ်သည့် အာမခံလုပ်ငန်းသက်တမ်း နှစ်ပေါင်း ၁၃၀ ရှိပြီဖြစ်သော Nippon Life မှ နည်းပညာ ပံ့ပိုးပေးခဲ့ပြီး ၂၀၁၉ ခုနှစ် ဇွန်လတွင် Nippon Life က GGI တွင် ရှယ်ယာ ၃၅ ရာခိုင်နှုန်း ထည့်ဝင်ရင်းနှီးမြှုပ်နှံခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခွင့်ရရှိရန် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သို့ တင်ပြထားကြောင်း သိရသည်။

**ဆက်သွယ်စုံစမ်းနိုင်**

အတိုးရ စာသင်သား အသက်အာမခံနှင့် စပ်လျဉ်း၍ အသေးစိတ်သိလိုပါက GGI ဒုတိယအမှုဆောင် အရာရှိချုပ် ဒေါ်နှင်းစိန်၊ ဖုန်း ၀၉-၅၁၇၀၇၆၃ နှင့် အီးမေးလ် hninsein@ggipinsurance.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **ရီရီမြင့်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဇနီး ဒေါ်ချိုချို မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ခရေပင်ကို စိုက်ပျိုးပေးစဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ(ဟောင်း)ဦးထင်ကျော်၏ ဇနီး ဒေါ်စုစုလွင် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ခရေပင်ကို စိုက်ပျိုးပေးစဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေး မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ပိတောက်ပင်ကို စိုက်ပျိုးပေးစဉ်။ သတင်းစဉ်

# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အကြို သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဇူလိုင် ၂**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ဦးဆောင်၍ ၂၀၁၉ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် နေပြည်တော် မြို့ပတ်လမ်း (B-4) လမ်းဘေးရှိ ရန်အောင်မြင်ကြိုးဝိုင်း အကွက်အမှတ် (၁၃) ၌ ကျင်းပရာ **(ယာပုံ)** နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဇနီး ဒေါ်ချိုချို တက်ရောက်၍ အထိမ်းအမှတ် ခရေပင်ကို စိုက်ပျိုးပေးသည်။

**တက်ရောက်**

သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ(ဟောင်း)ဦးထင်ကျော်၏ ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏ ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ ဇနီး နန့်ကြင်ကြည်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်၏ ဇနီး ဒေါ်ဌေးရီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း၏ ဇနီး ဒေါ်အေးသီတာ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ ဇနီး၊ ဒုတိယဝန်ကြီးများ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဇနီး ဒေါ်ချိုချိုက အထိမ်းအမှတ် ခရေပင်ကို သတ်မှတ်နေရာတွင် စိုက်ပျိုးပေးသည်။

**ပိတောက်ပင်စိုက်ပျိုး**

အလားတူ နိုင်ငံတော်သမ္မတ (ဟောင်း)၏ ဇနီးက ခရေပင်ကိုလည်းကောင်း၊ ဒုတိယသမ္မတ၏ ဇနီးက ပိတောက်ပင်ကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ဇနီးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ဇနီးတို့က ကံ့ကော်ပင်ကိုလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၏ ဇနီးနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ဇနီးတို့က ပိတောက်ပင်ကိုလည်းကောင်း သတ်မှတ်နေရာများ၌ စိုက်ပျိုးပေးကြသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ ဇနီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း၊ အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်၊ မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ ကျား၊ မ ရေးရာတန်းတူညီမျှရေးကွန်ရက်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျား၊ မ တန်းတူညီမျှရေး ပူးပေါင်းဆောင်ရွက်မှု အသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် သစ်ပင်ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ ဇနီးနှင့် အဖွဲ့ဝင်များသည် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ၏ သစ်ပင်စိုက်ပျိုးမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

**ဆက်လက်ပျိုးထောင်သွားမည်**

ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတွင် ခရေ၊ ကျွန်း၊ မဟော်ဂနီ၊ ယင်းမာ၊ ပိတောက်၊ ရေတမာ၊ ကံ့ကော်နှင့် မန်ကျည်းရှားပျိုးပင် ၁၀၀၀ ကျော်ကို စိုက်ပျိုးခဲ့ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနက ဆက်လက်ပျိုးထောင်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၉ ခုနှစ်၊ ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ကျင်းပလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပပြီးစီး

**ဟားခါး ဇူလိုင် ၂**

ဒုတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၉ ဦး တက်ရောက်ကြသည်။

ယနေ့အစည်းအဝေးတွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် ၂၃/၂၀၁၉ ဖြင့် ချင်းပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနတွင် ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်သည့် ဦးဖွေအားက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်၌ ကတိသစ္စာပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်း ဆောင်ရွက်ခဲ့ပြီး (၁၈)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ကျင်းပပြီးစီးခဲ့သည်။

ဒုတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ဇွန် ၂၇ ရက်မှ ယနေ့အထိ ကျင်းပခဲ့ရာ မေးခွန်း ၁၄ ခု မေးမြန်းဖြေကြားခြင်း၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းနှင့် ကတိသစ္စာပြုခြင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ချင်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေသုံးစွဲရေးဥပဒေ(မူကြမ်း)နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်း အတည်ပြုခြင်း၊ ချင်းပြည်နယ် သတ္တုအသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်းဆိုင်ရာ ဥပဒေ(မူကြမ်း)အတည်ပြုခြင်း၊ ရေအားလျှပ်စစ်စီမံကိန်းများ စူးစမ်းလေ့လာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ အတည်ပြုခြင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန တိုးချဲ့ဖွဲ့စည်းရန် သဘောတူခြင်း၊ ယင်းဝန်ကြီးဌာနတွင် ခန့်အပ်တာဝန်ပေးရန် ချင်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ဦးဖွေအားကို သဘောတူအတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အမျိုးသမီးများ အကြမ်းဖက်မှုမှကာကွယ်ရေး အားလုံးကူညီစောင့်ရှောက်ပေး

**သိုက်စိုးထွန်း (နတ်ရွာ)**

**လူ့ယဉ်ကျေးမှုအဆင့်အတန်းဟာ ကမ္ဘာဦးအစကနေ ဒီကနေ့အချိန်အထိ အဆင့်ဆင့် တိုးတက်မြင့်မားလာခဲ့တယ်။ ယဉ်ကျေးမှုအဆင့်အတန်းတွေ မြင့်မားလာလေလေ အကြမ်းဖက်မှုတွေ လျော့နည်းလာလေလေလို့ ပြောရမှာပါ။ ယဉ်ကျေးတာနဲ့၊ ကြမ်းတမ်းတာနဲ့က ဆန့်ကျင်ဘက်တွေပါ။ လူ့သမိုင်းကသာ ကာလရှည်ခရီးတစ်လျှောက်မှာ တိုးတက်ပြောင်းလဲလာခဲ့တာ။ အကြမ်းဖက်မှုဆိုတာကြီးက ဒီကနေ့ အချိန်အထိ လူ့လောကထဲကနေ ပျောက်ကွယ်မသွားသေးပါဘူး။ ကမ္ဘာကြီးရဲ့နေရာဒေသပေါင်းစုံက အကြမ်းဖက်မှုဆိုင်ရာသတင်းဆိုးတွေကို ဒီကနေ့အချိန်အထိ စိတ်မကောင်းဖွယ်ရာ တွေ့မြင်ကြားသိနေရဆဲပဲ ဖြစ်ပါတယ်။**

> **"လူ့လောကကြီးအကြောင်း ဘာတစ်ခုမှ မသိနားမလည်ရှာကြသေးတဲ့ သုံးလေးငါးနှစ် အရွယ်၊ ဆယ့်လေးငါးနှစ်အရွယ် အမျိုးသမီးငယ်လေးတွေမှာ လိင်မှုကိစ္စအကြမ်းဖက်မှုကြီးတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေကြရတာ ဖြစ်ပါတယ်။ လောကကြီးဆိုတာ ဘယ်လိုဟာမှန်းတောင် မသိသေးတဲ့ ကလေးလေးတစ်ယောက်မှာ ရက်စက်ကြမ်းကြုတ်တဲ့၊ လူမဆန်တဲ့သူတစ်ယောက်ရဲ့ အနိုင်အထက် ပြုကျင့်မှုတွေနဲ့ ကြောက်လန့်စရာ ရင်ဆိုင်ကြုံတွေ့လိုက်ရတော့ သူတို့ဘဝမှာ ဒီအဖြစ်ဆိုးကြီးက ဘဝတစ်လျှောက်လုံး အိပ်မက်ဆိုးကြီးတစ်ခုအနေနဲ့ အဆက်မပြတ် ခြောက်လှန့်နေတော့မယ် ထင်ပါတယ်"**

**ဘယ်အကြမ်းဖက်မှုမဆို မကောင်းပါဘူး**

အကြမ်းဖက်မှုလို့ပြောလိုက်တာနဲ့ ဘယ်အကြမ်းဖက်မှုမှ မကောင်းပါဘူး။ နိုင်ငံတစ်နိုင်ငံက တခြားနိုင်ငံတစ်နိုင်ငံအပေါ် ကျူးလွန်တဲ့အကြမ်းဖက်မှုပဲဖြစ်ဖြစ်၊ လူမျိုးစုတစ်ခုက တခြားလူမျိုးစုတစ်ခုအပေါ် ကျူးလွန်တဲ့အကြမ်းဖက်မှုပဲဖြစ်ဖြစ်၊လူတစ်ဦးတစ်ယောက်က တခြားတစ်ဦးတစ်ယောက်အပေါ် ကျူးလွန်တဲ့အကြမ်းဖက်မှုပဲဖြစ်ဖြစ်၊ အမျိုးသားတစ်ဦးက အမျိုးသမီးတစ်ဦးအပေါ် ကျူးလွန်တဲ့ အကြမ်းဖက်မှုပဲဖြစ်ဖြစ်၊ အမျိုးသမီးတစ်ဦးက အမျိုးသားတစ်ဦးအပေါ် ကျူးလွန်တဲ့ အကြမ်းဖက်မှု (ရှားတော့ရှားပါလိမ့်မယ်) ပဲဖြစ်ဖြစ်၊ အမျိုးသားအချင်းချင်း ကျူးလွန်တဲ့အကြမ်းဖက်မှုပဲဖြစ်ဖြစ်၊ အမျိုးသမီးအချင်းချင်း ကျူးလွန်တဲ့အကြမ်းဖက်မှုပဲဖြစ်ဖြစ် ဘယ်လိုအကြမ်းဖက်မှုမျိုးကိုမှ ကောင်းမွန်မှန်ကန်တဲ့ လုပ်ရပ်လို့မဆိုနိုင်ပါဘူး။ အကြမ်းဖက်မှုမှန်သမျှဟာ ရွံရှာစက်ဆုပ်ဖွယ်ချည်းဖြစ်ပါတယ်။

အော့နှလုံးနာစရာအကြမ်းဖက်မှုကြီးတွေကို ဘာ့ကြောင့်များ ဆက်လက် ကျူးလွန်နေကြရတာလဲဆိုတာ လေးလေးနက်နက် စဉ်းစားစရာကောင်းပါတယ်။

အကြမ်းဖက်မှုကို သိသိကြီးနဲ့ကျူးလွန်နေကြတာရှိနိုင်သလို ကိုယ်ပြုလိုက်တဲ့ အပြုအမူတစ်ခုက အကြမ်းဖက်မှုကြီးပါလားဆိုတာကို မသိနားမလည်တဲ့အတွက် အကြမ်းဖက်မှုတွေကို ဘာသိဘာသာပြုလုပ်မိနေတာမျိုးလည်း ရှိနေနိုင်ပါတယ်။

အကြမ်းဖက်မှုဆိုတာ ဘယ်လိုဟာမျိုးလဲဆိုတာကို အရင်ဆုံး လေ့လာကြည့်လိုက်ကြရအောင်ပါ။ အများအားဖြင့်တော့ အကြမ်းဖက်မှုလို့ဆိုလိုက်တာနဲ့ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုကြီးတွေ၊ အသေခံဗုံးခွဲမှုကြီးတွေ၊ ကားဗုံးဖောက်ခွဲမှုကြီးတွေ၊ မိုင်းထောင်ဖျက်ဆီးမှုကြီးတွေ၊ ပြန်ပေးဆွဲမှု၊ မုဒိမ်းမှုကြီးတွေ စသည်အားဖြင့် အလွန်တရာ ရက်စက်ကြမ်းကြုတ်တဲ့ ပြစ်မှုကြီးတွေကိုသာ ပြေးမြင်လိုက်မိ တတ်ကြပါတယ်။ တကယ်တော့ အကြမ်းဖက်မှုဆိုတဲ့စကားရပ်ရဲ့နယ်ပယ် ဟာ ဒီ့ထက်ပိုပြီး ကျယ်ပြန့်ပါတယ်။ ကိုယ့်ပတ်ဝန်းကျင်မှာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေပြီးတော့ ကိုယ်တောင်သတိမထားလိုက်မိတဲ့ အကြမ်းဖက်မှုတွေ တကယ်ပဲရှိနေကြပါတယ်။

**အမျိုးသမီးနှင့်ကလေးများအပေါ် အကြမ်းဖက်မှု**

အထူးသဖြင့် အမျိုးသမီးတွေအပေါ်မှာ ကျူးလွန်နေတဲ့ အကြမ်းဖက်မှုတွေနဲ့ ကလေးသူငယ်တွေအပေါ်မှာ ကျူးလွန်နေကြတဲ့ အကြမ်းဖက်မှုတွေဟာ လူမှုပတ်ဝန်းကျင်မှာ သိသိပ်ကျယ်ပြန့်စွာနဲ့ ဖြစ်ပေါ်နေကြပါတယ်။ အကြမ်းဖက်မှု အတိမ်အနက်သာ ကွာချင်ကွာမယ်၊ အကြမ်းဖက်မှုတွေကတော့ ပုံစံအမျိုးမျိုးနဲ့ ရှိနေတတ်ကြပါတယ်။ ဒီနေရာမှာတော့ အမျိုးသမီးတွေအပေါ်မှာ ကျူးလွန်မိလေ့ရှိကြတဲ့ အကြမ်းဖက်မှုတွေအကြောင်းကို တင်ပြသွားမှာဖြစ်ပါတယ်။

အမျိုးသမီးလို့ဆိုလိုက်တာနဲ့ အားနွဲ့သူဆိုတဲ့စကားလုံးကို နာမဝိသေသနအဖြစ်နဲ့ ပူးတွဲပြီးမြင်လိုက်တတ်ကြပါတယ်။ အသိဉာဏ်အရာမှာ အားမနည်းပေမယ့် ဇီဝကမ္မသဘောအရ ကိုယ်ခန္ဓာဖွဲ့စည်းတည်ဆောက်ပုံမှာတော့ အမျိုးသားတွေထက် အားနွဲ့တယ်လို့ဆိုရမှာဖြစ်ပါတယ်။ သူတို့တွေအပေါ်မှာ အမျိုးသားတွေက ဘယ်ပုံဘယ်နည်းနဲ့ အကြမ်းဖက်မှုတွေကျူးလွန်နေလေ့ရှိကြသလဲဆိုတာကို သိရှိအောင် ကြိုးစားပြီးတော့ ကိုယ့်ပတ်ဝန်းကျင်မှာ ဒီလိုအကြမ်းဖက်မှုမျိုးတွေ မဖြစ်အောင် ကာကွယ်စောင့်ရှောက်မှုတွေကို တတ်စွမ်းသမျှ ကြိုးစားဆောင်ရွက်ကြသင့်ပါတယ်။ ဒါမှသာ ကိုယ်နေထိုင်တဲ့လောက၊ ကိုယ့်ပတ်ဝန်းကျင်ဟာ တဖြည်းဖြည်းနဲ့ ပိုမိုလှပလာမှာ ဖြစ်ပါတယ်။

သိသာမြင်သာတဲ့ အကြမ်းဖက်မှုတွေကတော့ ကိုယ်ထိလက်ရောက် ရိုက်နှက်ကန်ကြောက်တာတွေပါပဲ။ ယဉ်ကျေးမှုအဆင့်အတန်းတွေမြင့်မားလာပါပြီဆိုတဲ့ ဒီကနေ့ခေတ်ရဲ့ လူမှုပတ်ဝန်းကျင်ထဲမှာလည်း ယောကျ်ားက မိန်းမကို ရိုက်လား နှက်လားလုပ်တယ်ဆိုတဲ့အဖြစ်တွေ ရှိနေသေးပါတယ်။ ဇနီးမယားကိုပဲဖြစ်ဖြစ်၊ သမီးမိန်းကလေးတွေ၊ ညီမလေးတွေကိုပဲဖြစ်ဖြစ်၊ အရွယ်မရောက်သေးတဲ့ ကလေးသူငယ်လေးတွေကိုပဲ ဖြစ်ဖြစ်၊ တခြားမိန်းကလေးတွေကိုပဲဖြစ်ဖြစ် ရိုက်နှက်ပုတ်ခတ်မှု ကျူးလွန်တာတွေဟာ အရုပ်ဆိုးအကျည်းတန်တဲ့ အပြုအမူတွေ ဖြစ်ပါတယ်။ အထူးသဖြင့် လင်ယောကျ်ားက ဇနီးကို ရိုက်တဲ့နှက်တဲ့ကိစ္စတွေက တော်တော်များများကို ရှိနေကြဆဲဖြစ်ပါတယ်။

ဘယ်လောက်ပဲကြမ်းတမ်းရိုင်းပျနေတဲ့ လင်ယောကျ်ားပဲဖြစ်ဖြစ်၊ ဘယ်လောက်ပဲ မူးရူးသောက်စားရမ်းကားနေတဲ့ယောကျ်ားကိုပဲဖြစ်ဖြစ် ဇနီးသည်တွေကတော့ သည်းခံနိုင်သမျှသည်းခံနေလေ့ရှိကြပါတယ်။ ဒါကလည်း မိန်းမကောင်းပန်းပန်တစ်ပွင့်တန်ဆိုတဲ့ မြန်မာ့ဆိုရိုးစကားအရ တတ်နိုင်သမျှတစ်သက်မှာ တစ်အိမ်ထောင်ပဲ တည်ဆောက်လိုကြတဲ့အတွက် ဖြစ်ပါတယ်။

ကွဲကြကွာကြဖို့ အခြေအနေရောက်လာပြန်တော့လည်း အလွယ်တကူနဲ့ ကွဲခွင့်ကွာခွင့်ရကြတာမဟုတ်ပါဘူး။ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဆီ သွားရမှာလိုလို၊ ရှေ့နေရှေ့ရပ်တွေနဲ့ တိုင်ပင်ရမှာလိုလို၊ အမျိုးသမီးရေးရာအဖွဲ့က တာဝန်ရှိသူတွေဆီ သွားရမှာလိုလိုနဲ့ ဇဝေဇဝါဖြစ်နေကြပါသေးတယ်။ ပြီးတော့ ကွဲကွာခွင့်တောင်းတဲ့ကိစ္စက တစ်ခါတည်းအဆင်ပြေသွားရင်တော်သေးရဲ့ အဆင်မပြေခင် စပ်ကြားမှာ ဒီအိမ်ကိုပဲ ပြန်ပြန်လာရမှာဆိုတော့ ဒီကြားကာလမှာ ထပ်ပြီး ကိုယ်အားဖြင့် သော်လည်းကောင်း၊ စိတ်ဓာတ်စစ်ဆင်ရေးအားဖြင့် သော်လည်းကောင်း အနည်းနည်းအဖုံဖုံ နှိပ်စက်နေရင် မခက်ဘူးလား။ ဒီလိုတွေတွေးဖြစ်ကြတာနဲ့ ကွဲခွင့်ကွာခွင့်တောင်းတဲ့ အခြေအနေကို မရောက်ဖြစ်ကြတာတွေ ရှိပါတယ်။

**စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများလည်း ကြုံတွေ့နိုင်**

ဓားနဲ့ခုတ်မှု၊ တုတ်နဲ့ရိုက်မှု မဟုတ်ပါဘူး။ စိတ်ပိုင်းဆိုင်ရာနဲ့ပတ်သက်လို့ အကြမ်းဖက်မှုတွေကလည်း ပုံစံမျိုးစုံနဲ့ စိမ့်ဝင်ပျံ့နှံ့နေပါသေးတယ်။ "ငါက တစ်မိသားစုလုံးကို ရှာဖွေကျွေးမွေးနေတာ၊ နင်ဘာအသုံးကျသလဲ"တို့၊ "ငါရှာထားတဲ့ ပိုက်ဆံ ငါသုံးချင်သလို သုံးမယ်၊ နင့်ပိုက်ဆံတစ်ပြားမှ မပါဘူး" တို့ စသည်အားဖြင့် အိမ်မှုကိစ္စဗာဟီရတွေနဲ့ နပန်းလုံးနေရတဲ့ အိမ်ရှင်မအပေါ်မှာ စော်ကားမော်ကားပြုမူပြောဆိုတာတွေဟာလည်း စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေပဲ ဖြစ်ပါတယ်။

အမျိုးသမီးတစ်ယောက်၊ အိမ်ရှင်မတစ်ယောက်ရဲ့ကိုယ်ရေးအချက်အလက်ကို ဖြည့်စွက်ရတဲ့အခါတိုင်း မှီခိုဆိုတဲ့စကားလုံးက တော်တော်များများမှာ ပါလေ့ရှိကြပါတယ်။ မှီခိုဆိုတဲ့စကားလုံးက သူတစ်ပါးရဲ့ လုပ်စာအပေါ်မှာ မှီခိုစားသောက်နေရတယ်ဆိုတဲ့ သဘောကြီးဖြစ်နေတယ်။ တကယ်တော့ အိမ်ရှင်မတွေရဲ့ ဘဝဟာ သေသေချာချာတွေးကြည့်ရင် ကိုယ်ချင်းစာတရားထားစရာ သိပ်ကောင်းပါတယ်။ အများအားဖြင့် လင်ယောကျ်ား အိပ်ယာမထခင်မှာ အိပ်ရာထကြရတယ်။ မိုးလင်းက မိုးချုပ် အိမ်မှုကိစ္စဗာဟီရတွေနဲ့ တကုပ်ကုပ် အလုပ်တွေရှုပ်နေကြရတယ်။ ထမင်းချက်၊ ဟင်းချက်ကိစ္စတွေ၊ အဝတ်လျှော်၊ မီးပူတိုက်ရတာတွေ၊ အိမ်သန့်ရှင်းရေးလုပ်ရတာတွေ၊ ယုတ်စွအဆုံး အိမ်ကဘုရားမှာ ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီး ကပ်လှူကြရပြန်တော့လည်း သူတို့အလုပ်၊ အိမ်ကကလေးကို ကျူရှင်ပို့လိုက်၊ ကျောင်းပို့လိုက်လုပ်ရပြန်တော့လည်း သူတို့အလုပ်၊ အိမ်မှာရှိသမျှ စုံစီနဖာအလုပ်တွေ အားလုံးကို နေ့စဉ်နဲ့အမျှ သိမ်းကျုံးလုပ်ကိုင်နေကြရသူတွေက အိမ်ရှင်မတွေချည်း ဖြစ်နေတတ်ကြပါတယ်။

တချို့ကပြောပါလိမ့်မယ်။ ဒီခေတ်အမျိုးသမီးအများစုက အိမ်ထဲမှာပဲ ကုပ်ကပ်နေပြီး အိမ်တွင်းပုန်းအိမ်ရှင်မကြီးလုပ်မနေကြတော့ဘူး။ အမျိုးသားတွေနဲ့ ရင်ပေါင်တန်းပြီး ကုမ္ပဏီတွေမှာ၊ ရုံးတွေ၊ ဌာနတွေရဲ့ အရေးပါတဲ့နယ်ပယ်တွေမှာ ဝင်ရောက်လုပ်ကိုင်နေကြပါပြီလို့။ ဒီလိုဆိုပြန်တော့လည်း သူတို့အိမ်မှာ စောစောကပြောတဲ့ ဗာဟီရကိစ္စတွေကို ဘယ်သူတွေလုပ်ကိုင်နေကြရသလဲလို့ ပြန်မေးစရာရှိလာပါတယ်။ အိမ်ရှင်မက အိမ်မှုကိစ္စတွေမလုပ်နိုင်တဲ့အခါ တခြားအမျိုးသမီးတစ်ယောက်ယောက်ကို အိမ်အကူအနေနဲ့ ခေါ်ယူပြီး လုပ်ကိုင်စေတာမျိုးပဲ အများအားဖြင့် တွေ့ရတတ်တာပါပဲ။ အိမ်ရှင်မပဲဖြစ်ဖြစ်၊ အိမ်အကူပဲဖြစ်ဖြစ် ဒီအလုပ်တွေကို အမျိုးသမီးအများစုလုပ်ကိုင်နေကြရတာကတော့ အမှန်ပါပဲ။ အများအားဖြင့်ကတော့ အိမ်မှုကိစ္စအလုပ်တွေ၊ မီးဖိုချောင်အလုပ်တွေကို အိမ်ရှင်မတွေကသာ လုပ်ကြကိုင်ကြရတာ ဖြစ်ပါတယ်။

မိုးလင်းကမိုးချုပ် ဘယ်လိုပင် အလုပ်တွေရှုပ်နေပေမယ့် အလုပ်အကိုင်ဆိုတဲ့ နေရာမှာဖြည့်ရတော့ မှီခိုဆိုတဲ့စကားလုံးသာဖြစ်နေပါတယ်။ ဒါကိုက သူတို့အတွက် သိမ်ငယ်စရာလိုဖြစ်နေပြန်ပါတယ်။ ဒီကြားထဲမှာ ကိုယ့်အိမ်ထောင်ဘက်က ချိုးနှိမ်ဆက်ဆံနေတယ်၊ ကိုယ်ရောစိတ်ပါ အကြမ်းဖက်မှုတွေ ပြုလုပ်နေတယ်ဆိုရင် ဒီလိုပြုမူခံနေရတဲ့ အမျိုးသမီးတွေရဲ့ဘဝဟာ ဘယ်လောက်သနားစရာကောင်းသလဲဆိုတာကို ကိုယ်ချင်းစာကြည့်စရာ ဖြစ်ပါတယ်။ "ကျွန်မသူ့ကို ကြောက်လည်း ကြောက်လှပါပြီ၊ ရွံလည်း ရွံလှပါပြီ၊ သူနဲ့ဝေးရာမှာ လွတ်လွတ်ကျွတ်ကျွတ် နေခွင့်ရအောင်၊ ကျွန်မတို့သားအမိနှစ်ယောက် ကိုယ့်အိမ်ကိုယ် ပြန်နေခွင့်ရအောင် ကူညီပါဦး"လို့ နီးစပ်ရာလူကြီးသူမတွေဆီမှာ အပူကပ်နေကြတဲ့သူတွေ တွေ့ဖူးကြပါလိမ့်မယ်။ အကူအညီတောင်းခံရတဲ့သူတွေဘက်ကကျပြန်တော့လည်း "သူဒီလိုပြောတာ သူစိတ်ဆိုးတုန်းခဏမို့ ဖြစ်မှာပါ။ စိတ်ပြေသွားရင်တော့ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားမှာပါ"လို့ တွေးမိပြီး ရွှေပြည်အေးတရားပဲ ပြန်ဟောလိုက်မိကြတာ များပါလိမ့်မယ်။

စိတ်နုကြတယ်လို့ပဲ ပြောရမလား။ မိသားစုအရေး၊ သားသမီးအရေးတွေကို ငဲ့ကြတယ်လို့ပဲပြောရမလား။ အများအားဖြင့်ကတော့ မောင့်ဆိုးမျိုးကို ကြိတ်မှိတ် ခံပါ့မယ်ဆိုတဲ့သူတွေသာ များနေကြပြန်ပါတယ်။ ဒီလိုခံကြရသူတွေက အများအားဖြင့် အမြဲလိုလို သောက်စားမူးယစ်နေသူကိုမှ အိမ်ထောင်ဘက်အဖြစ် ရွေးချယ်လက်ခံခဲ့မိသူတွေမှာ တွေ့ကြုံရလေ့ရှိပါတယ်။

ကွာရှင်းဖို့ ပြောမိပြန်တော့ "နင်က နောက်လင် ယူချင်နေပြီလား"ဆိုတာနဲ့ ပြောစရာစကားမရှိ၊ ဆွံ့အသွားရတဲ့အဖြစ်ကို ရောက်သွားရပြန်တယ်။ "နောက်တစ်ခါပြောရဲပြောကြည့်၊ သတ်ပစ်မယ်"ဆိုပြန်တော့ ဒီစကားမျိုး ဟတောင်မဟရဲတော့လောက်အောင် ကြောက်ကြရပြန်တယ်။

ဒီနေရာမှာ သတိချပ်ရမှာက အိမ်ထောင်ရှင်အားလုံးရဲ့ ဘဝတွေကို ဖော်ကျူးနေတာမဟုတ်ဘဲ အကြမ်းဖက်ခံအမျိုးသမီးတွေရဲ့ ဘဝကိုသာ ဖော်ကျူးနေတယ်ဆိုတဲ့အချက်ပါ။ အားလုံးကို သိမ်းကျုံးပြီး ဝါးလုံးရှည်နဲ့ ရမ်းနေခြင်းမဟုတ်ပါဘူး။

**လိင်မှုကိစ္စအကြမ်းဖက်မှုများ**

အမျိုးသမီးတွေ ကြုံတွေ့နေရတဲ့ အကြမ်းဖက်မှုတွေက အိမ်တွင်းမှာသာ မကပါဘူး။ ပတ်ဝန်းကျင်အသိုင်းအဝိုင်းကြားမှာလည်း ဖြစ်ပျက်နေကြပါသေးတယ်။ အလွန်တရာအရုပ်ဆိုးအကျည်းတန်တဲ့ မုဒိမ်းမှုဆိုတာကြီးတွေ ရှိနေကြသေးတယ်။ ပိုပြီး ရက်စက်ယုတ်မာတာက လူ့လောကကြီး အကြောင်း ဘာတစ်ခုမှ မသိနားမလည်ရှာကြသေးတဲ့ သုံးလေးငါးနှစ်အရွယ်၊ ဆယ့်လေးငါးနှစ်အရွယ် အမျိုးသမီးငယ်လေးတွေမှာ လိင်မှုကိစ္စအကြမ်းဖက်မှုကြီးတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေကြရတာ ဖြစ်ပါတယ်။ လောကကြီးဆိုတာ ဘယ်လိုဟာမှန်းတောင် မသိသေးတဲ့ ကလေးလေးတစ်ယောက်မှာ ရက်စက်ကြမ်းကြုတ်တဲ့၊ လူမဆန်တဲ့သူတစ်ယောက်ရဲ့အနိုင်အထက် ပြုကျင့်မှုတွေနဲ့ ကြောက်လန့်စရာရင်ဆိုင်ကြုံတွေ့လိုက်ရတော့ သူတို့ဘဝမှာ ဒီအဖြစ်ဆိုးကြီးက ဘဝတစ်လျှောက်လုံး အိပ်မက်ဆိုးကြီးတစ်ခုအနေနဲ့ အဆက်မပြတ် ခြောက်လှန့်နေတော့မယ် ထင်ပါတယ်။

မုဒိမ်းမှုဆိုတဲ့အဆင့်ကြီးအထိ မရောက်ပေမယ့် ပွတ်သိပ်ညပ်ကျပ်နေတဲ့ လိုင်းကားပေါ်မှာ လူ့သရမ်းတွေရဲ့ တို့ထိကိုင်တွယ်မှုကိုကြုံရတာမျိုး၊ လူစည်စည်ရှိရာ အရပ်တွေမှာ ဘယ်သူကမှန်းမသိ လှမ်းအဆွဲခံလိုက်ရတာမျိုးတွေလည်း တချို့တလေကြုံကြရတယ်လို့ဆိုပါတယ်။

တချို့နိုင်ငံတွေမှာတော့ ရမ္မက်ခိုးဝေတဲ့ မျက်လုံးမျိုးနဲ့ စိမ်းစိမ်းကြည့်တာမျိုးကိုတောင်မှ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုလို့ သတ်မှတ်ထားကြပါတယ်။ စေ့စေ့မကြည့်သင့်တဲ့နေရာတွေကိုမှ မျက်နှာပြောင်တိုက်ပြီး စေ့စေ့ကြည့်နေတာမျိုးတွေဟာ မြန်မာ့ယဉ်ကျေးမှုနဲ့လည်း မလျော်ညီသလို ကျင့်ဝတ်ပိုင်းအရလည်း ရိုင်းပျမှုတစ်မျိုးဖြစ်ပါတယ်။ ဒီကြားထဲကမှ ထင်ပေါ်ကျော်ကြားလိုဇောနဲ့ ရေလိုက်လွဲပြီး ကိုယ့်ကိုကြည့်စေချင်လို့ အဖော်အချွတ်၊ အတိုအပြတ်တွေ ဝတ်ကြဆင်ကြ၊ ဓာတ်ပုံ၊ ဗီဒီယိုတွေရိုက်ပြီး တင်ကြတဲ့ အမျိုးသမီးတချို့ရှိနေပြန်တော့ ဒီပြဿနာတွေကို ရှင်းဖို့လင်းဖို့က ပိုပြီးတော့ အခက်ကြုံရပြန်ပါတယ်။ ဒါကတော့ အမျိုးသမီးတွေကိုယ်တိုင် ရှောင်ကြဉ်ကြရမယ့်အပိုင်းတွေ ဖြစ်ပါတယ်။

အမျိုးသမီးတွေမှာ အကြမ်းဖက်မှုတွေသာမက ခွဲခြားဆက်ဆံမှုနည်းမျိုးစုံနဲ့လည်း ရင်ဆိုင်ကြုံတွေ့နေကြရပါသေးတယ်။ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပပျောက်ရေးကော်မတီစာချုပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လို့ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုနည်းမျိုးစုံ ပပျောက်ရေးဆောင်ရွက်နေတာ မှန်သော်လည်းပဲ ဒီကနေ့အထိ အမြစ်မပြတ်နိုင်သေးတာကိုတော့ ဝန်ခံကြရဦးမှာ ဖြစ်ပါတယ်။ ရှေ့ဆက် အမြစ်ပြတ်သွားအောင် ဘယ်လိုတွေဆောင်ရွက်ကြရင် ကောင်းမလဲဆိုတာကိုလည်း ခေါင်းချင်းဆိုင်ပြီး တိုင်ပင်ဆွေးနွေးကြရဦးမှာ ဖြစ်ပါတယ်။

အမျိုးသမီးတွေအပေါ်မှာ အကြမ်းဖက်မှုတွေ ကွယ်ပျောက်သွားဖို့အတွက် အားလုံးဝိုင်းဝန်းကူညီပေးကြရမှာ ဖြစ်ပါတယ်။

**ဥပဒေအောက် ရောက်မလာဖြစ်သော အကြမ်းဖက်မှုများလည်းရှိနေ**

အမျိုးသမီးတွေအတွက် လိုအပ်တဲ့ဥပဒေပြဋ္ဌာန်းချက်တွေကတော့ ရှိနေကြပြီးသားဖြစ်ပါတယ်။ ဒါပေမယ့်လည်း အရှက်အကြောက်တရားအားကြီးတဲ့ မြန်မာလူမျိုးတွေဖြစ်တဲ့အားလျော်စွာ ဒီအမှုကြီးကို ရုံးရောက်၊ ဂါတ်ရောက် တိုင်လိုက်တောလိုက်ရင်ဖြင့် ငါတို့တစ်မျိုးလုံး အရှက်တွေဖြန်းဖြန်းကွဲရချည်ရဲ့၊ နောင်အစဉ်သဖြင့် လူတောမတိုးဝံ့အောင်၊ ခေါင်းမဖော်နိုင်အောင်ဖြစ် ရချေရဲ့ဆိုတာမျိုး၊ တစ်ရက်က နှစ်ရက်အကွဲမခံပါရစေတော့နဲ့၊ ဒီကိစ္စဒီမှာတင် ပြီးပါစေတော့၊ ဝဋ်ကြွေးရှိလို့ဆပ်ရတယ်လို့သာ မှတ်လိုက်ပါ့မယ်ဆိုတာမျိုးနဲ့ ဥပဒေကြောင်းအရ အဆုံးအဖြတ် ခံယူရမယ့်အဆင့်ကို ရောက်မလာဘဲနဲ့ ကိုယ့်ဘာသာ ကြိတ်မှိတ်မျိုသိပ်ရင်းနဲ့သာ လောကခံကို ခါးစည်းခံလိုက်ကြတဲ့သူတွေလည်း ရှိနေကြပါတယ်။

တချို့က ပထမတစ်ကြိမ်အနိုင်ကျင့်လိုက်တယ်။ အရှက်ကွဲမှာစိုးလို့ ကာယကံရှင်က မတိုင်ဘူး။ ဒါကို သူလည်းအလိုတူအလိုပါပဲဆိုတဲ့ သဘောမျိုးနဲ့ အကြိမ်ကြိမ်ထပ်မံကျူးလွန်ဖို့ ကြိုးစားတာမျိုးလည်း ရှိနေကြပြန်ပါတယ်။ ဒီတော့ ဒီကိစ္စမျိုး ကြုံလာရပြီဆိုရင် ဥပဒေကြောင်းအရ ရင်ဆိုင်ဖြေရှင်းလိုက်ခြင်းကသာ အကောင်းဆုံး ဖြစ်ပါတယ်။

လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှုကိုခံရတဲ့ အမျိုးသမီးတွေကိုလည်း လူ့အသိုင်းအဝိုင်းက နှာခေါင်းမရှုံ့ကြဖို့ လိုအပ်ပါတယ်။ ကံမကောင်းအကြောင်းမလှလို့ အဖြစ်ဆိုးကြီးကို ကြုံခဲ့ရ ပြီးခါမှ

*စာမျက်နှာ ၇ သို့*

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် မန္တလေးမြို့ ဈေးချိုတော် ဈေးသူဈေးသားများနှင့် တွေ့ဆုံ

**မန္တလေး ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင် မန္တလေးမြို့ အဆင့်မြင့်ဈေးချိုတော် ဈေးသူဈေးသားများနှင့် တွေ့ဆုံပွဲကို ယနေ့ နံနက် ၉ နာရီက အဆင့်မြင့် ဈေးချိုတော် အနီးရှိ မြို့တော်ခန်းမ(၂)တွင် ကျင်းပခဲ့သည်။

**ဖွံ့ဖြိုးမှု အစိတ်အပိုင်းတစ်ခု**

အဆိုပါတွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က "ကျွန်တော်တို့ အစိုးရအဖွဲ့ တာဝန်ယူခဲ့တဲ့ သုံးနှစ်ခွဲကာလမှာ မန္တလေးတိုင်းဒေသကြီး အတွင်းမှာရှိတဲ့ မြို့နယ် ၂၈ မြို့နယ်လုံးကို ကွင်းဆင်းပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးတွေကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ပေမယ့် ဈေးချိုကို ခြေဦးမလှည့်နိုင်ခဲ့ပါဘူး။ ဈေးချိုမှာ အခက်အခဲတွေ ရှိတယ်ဆိုတာလည်း သိပါတယ်။ တင်ပြကြလိမ့်မယ်ဆိုတာလည်း သိပါတယ်။ ကျွန်တော်တို့ ဖြေရှင်းနိုင်တာကို ရှင်းပေးမယ်။ မဖြေရှင်းနိုင်တာကိုလည်း နည်းလမ်းရှာရမှာပါ။ ကျွန်တော် တင်ပြချက်တွေကိုလည်း နားထောင်ချင်ပါတယ်။ ဈေးချိုကို ဆိုးဆေးကင်းတဲ့ ဈေးအဖြစ် ဆောင်ရွက်တုန်းက ကျွန်တော် ရောက်ခဲ့ပါတယ်။ ဒီလိုဖြစ်ဖို့ ဈေးသူဈေးသားတွေ ပူးပေါင်းပါဝင်လို့ အောင်မြင်တာပါ။ ဒီအတွက် ပါဝင်ခဲ့တဲ့ ဆိုင်တွေကိုလည်း ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ ဒါကြောင့် ဈေးချိုကို အလေးထားတယ်ဆိုတာ ပြချင်တဲ့အတွက် ဒီနေ့ တွေ့ဆုံပွဲမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစုံအလင်နဲ့ မန္တလေးစည်ပင်အဖွဲ့တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေအားလုံး စုံစုံလင်လင်လာခဲ့ကြတာပါ။ ဈေးချိုတော် ဖွံ့ဖြိုးတိုးတက်မှုက မန္တလေးရဲ့ဖွံ့ဖြိုးမှု အစိတ်အပိုင်းတစ်ခုပါ။ ဈေးချိုဟာ ကျွန်တော်တို့ မန္တလေးရဲ့အချက်အချာအကျဆုံးနေရာဆိုတာ အသိပေးချင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဆက်လက်၍ အဆင့်မြင့်ဈေးချိုတော် တိုက်တန်းကြီး ဈေးအကျိုးတော်ဆောင်အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးမြတ်ကျော်ဦးက ဝန်ကြီးချုပ်နှင့် ဈေးချိုဈေးအကျိုးတော်ဆောင်များ ယခုကဲ့သို့ တွေ့ဆုံပြီး နောက်ပိုင်းတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သက်ဆိုင်ရာဌာနများနှင့် ဈေးအကျိုးတော်ဆောင်များ ရင်းနှီးစွာ ပူးပေါင်းလက်တွဲ၍ ဈေးချိုတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောင်မြင်မှုများရရှိရန် ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ဈေးချိုတော်ကြီးအား မီးဘေး၊ ငလျင်ဘေး အန္တရာယ်များမှ လုံခြုံစေလိုကြောင်းနှင့် မီးဘေးအန္တရာယ်အတွက် အာမခံထားရှိနိုင်ရေးကိစ္စတို့ကို တင်ပြဆွေးနွေးခဲ့ပြီး ဆက်လက်၍ ဈေးအကျိုးတော်ဆောင် အဖွဲ့ဝင်အသီးသီးမှလည်း တင်ပြဆွေးနွေးခဲ့ကြသည်။



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင် မန္တလေးမြို့ အဆင့်မြင့်ဈေးချိုတော် ဈေးသူဈေးသားများနှင့် တွေ့ဆုံပွဲ ကျင်းပစဉ်။

**ဆွေးနွေးပြောကြား**

ထို့နောက် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဝင် ဦးကျော်ဆန်းမြင့်က ဈေးချိုအကျိုးတော်ဆောင် အဖွဲ့အသီးသီးမှ တင်ပြဆွေးနွေးချက်များအား ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ဈေးချိုအကျိုးတော်ဆောင် အသီးသီး၏ အဓိက တင်ပြချက်များမှာ ဈေးချိုတော်ကြီး၏ မီးဘေး၊ ငလျင်ဘေး စသည့်လုံခြုံရေးဖြစ်ကြောင်း၊ မန္တလေး ဈေးချိုတော်သည် စည်ပင်တစ်ခုတည်းနှင့် မသက်ဆိုင်ဘဲ အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ် စသည့်အဖွဲ့အစည်း အားလုံးနှင့် သက်ဆိုင်ပါကြောင်း၊ ထို့ကြောင့် ဈေးချိုနှင့်ပတ်သက်၍ အစိုးရအဖွဲ့ ဦးဆောင်ပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဌာန၊ ရဲတပ်ဖွဲ့များ ပါဝင်သည့် ပူးပေါင်းအဖွဲ့အစည်းကို ဖွဲ့စည်း၍ ယခု တင်ပြကြသည့် ပေါင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်း၊ မီးဘေး၊ ငလျင်ဘေး စသည့်အန္တရာယ်များကို ကာကွယ်နိုင်မည့် စနစ်များနှင့် မီးအာမခံထားရှိနိုင်ရေးကိစ္စများကို အသေးစိတ် ဆွေးနွေးညှိနှိုင်းကာ ဆောင်ရွက်စေလိုကြောင်း၊ အများသုံး သန့်စင်ခန်းများနှင့် ရေမြောင်းများ သန့်ရှင်းရေးလုပ်ငန်းကို စည်ပင်မှ ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ဈေးချိုတော် လုံခြုံရေး အတွက် အဓိက နေရာများတွင် CCTV ကင်မရာများ တပ်ဆင်ပေးနိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခုတွေ့ဆုံပွဲတွင် မန္တလေးမြို့ အဆင့်မြင့်ဈေးချိုတော် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်ကာ လွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဌာန၊ ရဲတပ်ဖွဲ့များ ပါဝင်သည့် မန္တလေးမြို့ဈေးချိုတော်ဖွံ့ဖြိုးရေး ဦးစီးကော်မတီကို မကြာမီကာလတွင် ဖွဲ့စည်းပေးသွားမည်ဖြစ်ကြောင်းနှင့် ဈေးအကျိုးတော်ဆောင်များ တင်ပြလာသည့် မန်းမြန်မာပလာဇာနှင့် ပေါင်းကူးတံတား တည်ဆောက်ခြင်းကို ဘက်ပေါင်းစုံမှ အကျိုးရှိမည်ဆိုပါက အဆိုပါဖွဲ့စည်းမည့် ဦးစီးကော်မတီမှ ဆွေးနွေးညှိနှိုင်းကာ အဆင့်ဆင့်တင်ပြ၍ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

*စာမျက်နှာ ၆ မှအဆက်*

ပတ်ဝန်းကျင်အသိုင်းအဝိုင်းကပါ ဖယ်ကြဉ်နေကြဦးမယ်ဆိုရင်တော့ သူ့အဖြစ်က ဆိုးသထက်ဆိုးဖို့သာ ရှိပါတော့တယ်။ ကိုယ်ချင်းစာ တရားလက်ကိုင်ထားပြီး ကူညီဖေးမမှုတွေ၊ မေတ္တာခြုံတဲ့ စောင့်ရှောက်မှုတွေ ပေးနိုင်ကြရမှာဖြစ်ပါတယ်။

အိမ်တွင်းအကြမ်းဖက်မှုတွေကျူးလွန်ခံရပြီဆိုရင်လည်း ဒီပြစ်မှုအတွက် သက်ဆိုင်ရာပြစ်ဒဏ်တွေကို သတ်မှတ်ပြဋ္ဌာန်းထားပြီးသား ဖြစ်ပါတယ်။ ဒီ့အတွက် ဥပဒေနဲ့အညီ ရင်ဆိုင်ဖြေရှင်းလိုက်ကြဖို့သာ ရှိပါတယ်။ တစ်ကြိမ်၊ နှစ်ကြိမ်မို့လို့၊ ကိုယ့်ယောကျ်ားမို့လို့ ရုံးတွေဂါတ်တွေအထိ မပို့ချင်ဘူးဆိုရင်လည်း ဒီလိုကျူးလွန်တာဟာ ပြစ်မှုမြောက်တဲ့အကြောင်း၊ အမှုဖွင့်တိုင်ကြားလိုက်ရင် ဥပဒေနဲ့အညီ အရေးယူခြင်း ခံရနိုင်တဲ့အကြောင်း သိအောင်ပြောထားပေးရမှာ ဖြစ်ပါတယ်။

**အမျိုးသမီးတွေ ကိုယ်တိုင်ဥပဒေများ သိဖို့လိုအပ်**

ဒီလိုပြောနိုင်ဖို့အတွက် အမျိုးသမီးတွေကိုယ်တိုင်က ဒီဥပဒေတွေကို သိနေဖို့လည်း လိုအပ်ပါတယ်။ သူတို့တစ်တွေ သိနိုင်ဖို့အတွက် ဥပဒေဆိုင်ရာ ပညာပေးမှုတွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးကြရမှာ ဖြစ်ပါတယ်။ အမျိုးသမီးတွေနဲ့ပတ်သက်တဲ့ အဖွဲ့အစည်းတွေ၊ ကွန်ရက်တွေလည်း မြောက်မြားစွာ ရှိနေကြပြီဖြစ်တဲ့အတွက် ဒီအဖွဲ့အစည်းတွေရဲ့အားကို ယူကြရမှာဖြစ်ပါတယ်။

အစဉ်အလာဆိုတဲ့စကားတွေအရ အကြမ်းဖက်မှုခံကြရတာတွေ၊ ခွဲခြားဆက်ဆံမှုခံရတာတွေက များနေပြီ ဖြစ်ပါတယ်။ ဒီအစဉ်အလာဆိုတာကြီးတွေ၊ ဓလေ့ထုံးစံဆိုတာကြီးတွေကို ကျော်လွှားနိုင်ဖို့အတွက် သတ္တိရှိရှိနဲ့ ရင်ဆိုင်ဖြေရှင်းကြရမှာ ဖြစ်ပါတယ်။

တစ်စုံတစ်ယောက်က ကိုယ့်ကို တစ်ခုခုကျူးလွန်လာပြီဆိုရင်၊ ဒီလိုလုပ်တာကို ကိုယ့်ဘက်ကလည်း သဘောမတူဘူးဆိုရင် ကိုယ်သဘောမတူတာကို သဘောမတူတဲ့အကြောင်း ရဲရဲဝံ့ဝံ့ဖော်ထုတ်ပြသနိုင်ရမှာ ဖြစ်ပါတယ်။ အားနာနေဖို့ မကောင်းပါဘူး။ ဒီလိုလုပ်ခြင်းအားဖြင့် ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်မှာဖြစ်သလို တစ်ဖက်လူရဲ့ အကျင့်စာရိတ္တကိုလည်း ပြုပြင်ပေးရာ ရောက်ပါတယ်။ ကိုယ်ခံရသလိုမျိုး တခြားအမျိုးသမီးတွေ မခံရအောင် ကာကွယ်တားဆီးပေးရာလည်း ရောက်ပါတယ်။ တစ်ရှက်က နှစ်ရှက်အကွဲမခံနိုင်တော့ပါဘူးဆိုပြီး ခေါင်းငုံ့နေလိုက်ရင် ဒီခေါင်းငုံ့နေမှုအပေါ်မှာ ထပ်ပြီး အတင့်ရဲလာစရာ၊ အတွန့်တက်လာစရာလမ်းစကို ဖွင့်ပေးလိုက်သလို ဖြစ်သွားမှာ ဖြစ်ပါတယ်။

ဥပဒေဆိုတာကတော့ ရှိနေပြီးသားဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဥပဒေချည်းသက်သက်နဲ့ အလုံးစုံပြီးပြည့်စုံတဲ့ ကာကွယ်မှုကို မပေးနိုင်ဘူးဆိုတာလည်း အားလုံးသိကြပြီးဖြစ်ပါတယ်။ ဥပဒေကိုလူတိုင်းသိရှိနားလည်အောင် ပညာပေးနိုင်ဖို့ လိုသလို ဒီဥပဒေတွေကို လက်တွေ့ကျင့်သုံးအကောင်အထည်ဖော်ဖို့၊ တိုင်စရာတောစရာရှိလာရင်လည်း မကြောက်မရွံ့ တိုင်တောနိုင်ဖို့အတွက် အသိပညာတွေပေးကြရမှာ၊ ဆွေးနွေးအားပေးကြရမှာ ဖြစ်ပါတယ်။ မကောင်းတာတစ်ခုခု တွေ့ပြီဆိုတာနဲ့ အနီကတ် ပြနိုင်တဲ့သူတွေ၊ ခရာမှုတ်နိုင်တဲ့ သူတွေ၊ သတ္တိရှိရှိ ဖော်ထုတ်တားဆီးရဲတဲ့သူတွေ လိုအပ်နေပြီ ဖြစ်ပါတယ်။ ဒီလိုလုပ်ရပ်မျိုးကို လူ့အသိုင်းအဝိုင်းက လက်မခံဘူးဆိုတာကို သိသွားအောင် သင်ခန်းစာပေးကြရမှာ ဖြစ်ပါတယ်။

အကြမ်းဖက်မှုဆိုမှတော့ အမျိုးသမီးအပေါ်ပဲ အကြမ်းဖက်ဖက်၊ အမျိုးသားအပေါ်ပဲအကြမ်းဖက်ဖက် ဘယ်အကြမ်းဖက်မှုမျိုးမဆို အော့နှလုံးနာစရာတွေချည်း ဖြစ်ပါတယ်။ ဒီလို အရုပ်ဆိုးအကျည်းတန်တဲ့ဖြစ်ရပ်ကြီးတွေ လူ့ဘောင်လောက အတွင်းက ပျောက်ကွယ်သွားဖို့အတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းပေးကြဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

**ကိုယ်ချင်းစာတရားမွေးမြူရမှာဖြစ်**

အဓိကကတော့ ကိုယ်ချင်းစာတရားမွေးမြူကြဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ကိုယ်ချင်းစာတရားထားဖို့ဆိုတာကလည်း ငယ်စဉ်ကတည်းက ဆုံးမပဲ့ပြင်မှုတွေ လိုအပ်နေမှာဖြစ်ပါတယ်။ ကြီးလာမှပြောပြန်တော့ နားမဝင်တော့ပါဘူး။ နားမဝင်သူတွေအတွက် ဥပဒေဆိုတာနဲ့ ကန့်သတ်ပေးထားရတာ ဖြစ်ပါတယ်။ ဒီတော့ ဥပဒေလည်း ရှိနေတယ်။ ဆုံးမပဲ့ပြင်မှုတွေလည်း ရှိနေမယ်၊ မဖြစ်အောင်လည်း အဘက်ဘက်က ပညာပေးနေမယ်၊ ဖြစ်လာရင်လည်း တိတိကျကျအရေးယူပေးမယ်ဆိုရင်တော့ ဒီဖြစ်ရပ်ကြီးတွေ တစ်စတစ်စ လျော့နည်းပျောက်ကွယ်သွားနိုင်စရာ ရှိပါတယ်။

အကြမ်းဖက်မှုဆိုတာ မတရားမှုဖြစ်ပါတယ်။ မတရားမှုကြီးတွေ မပေါ်ပေါက်ဖို့ အတွက် ကျူးလွန်သူတွေ၊ အကျူးလွန်ခံရသူတွေမှာသာ တာဝန်ရှိတာမဟုတ်ပါဘူး။ ဘေးပတ်ဝန်းကျင်က လူတွေမှာလည်း တာဝန်ရှိပါတယ်။ တားသင့်တာကို ရဲရဲဝံ့ဝံ့တား။ အရေးယူသင့်တာကို ပြတ်ပြတ်သားသားအရေးယူကြရမှာ ဖြစ်ပါတယ်။ အမျိုးသမီးတွေကို စောင့်ရှောက်ပေးဖို့ အားလုံးမှာ တာဝန်ရှိပါတယ်။ ဝတ္တရားလည်း ရှိပါတယ်။

ဒီဖြစ်ရပ်ကြီးတွေ ပျောက်ကွယ်သွားဖို့အတွက်က တစ်ယောက်စ၊ နှစ်ယောက်စရဲ့ အားနဲ့ မလုံလောက်ပါဘူး။ အားလုံးအားလုံး ပူးပေါင်းပါဝင်ပေးကြရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် "အမျိုးသမီးများ အကြမ်းဖက်မှုမှကာကွယ်ရေး အားလုံးကူညီ စောင့်ရှောက်ပေး"လို့ လေးနက်စွာ တိုက်တွန်းလိုက်ရပါတယ်။ ။

---




ထိုင်းနိုင်ငံမှ ပြန်လာသည့် မြန်မာနိုင်ငံသားများအား ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်သည့် လက်ခံကြိုဆိုရေးအဖွဲ့က ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

# ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများ ဆက်လက်လက်ခံဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂**

ဒုတိယနေ့ ပြန်လည်လက်ခံရေးအစီအစဉ်အဖြစ် ယနေ့တွင် ဘန်မန္ဒိုင်ဆွိုင်း ဒုက္ခသည်စခန်းမှ နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသား ၃၂ ဦးအား ဆက်လက်ပို့ဆောင်ခဲ့ရာ မြန်မာဘက်မှ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်သည့် လက်ခံကြိုဆိုရေးအဖွဲ့မှ မြန်မာဘက် မယ်စဲ့ဂိတ်တွင် လက်ခံကြိုဆိုခဲ့သည်။ ထို့အပြင် ထမ်ဟင်းဒုက္ခသည်စခန်းမှ နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားနှစ်ဦးအား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ လက်ခံရေးကော်မတီဝင်များမှ ထီးခီးဂိတ်တွင် ကြိုဆိုလက်ခံခဲ့သည်။ အဆိုပါ လွှဲပြောင်း လက်ခံသည့် အခမ်းအနားသို့ မြန်မာသံရုံး၊ ဗန်ကောက်မြို့မှ သံရုံး ဒုတိယအကြီးအကဲ(သံအမတ်) ဒေါ်အိအိတင်နှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ချင်းမိုင်မြို့မှ ကောင်စစ်ဝန်ချုပ် ဦးသိန်းတင်တို့လည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါနေရပ်ပြန် မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ခံရေး ကော်မတီဝင်များမှ နေရပ်ပြန်များ အခြေချနေထိုင်မည့် မူလဇာတိဒေသများ အရောက်ပို့ဆောင်ခြင်း၊ ထောက်ပံ့ပစ္စည်းနှင့် ငွေကြေးများပေးအပ်ခြင်း၊ နိုင်ငံသားဆိုင်ရာ အထောက်အထားစိစစ်ရေးကတ်များ ထုတ်ပေးခြင်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများမှ အခန်းကဏ္ဍအလိုက် ဆက်လက်ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် တတိယနေ့ ပြန်လည်လက်ခံရေး အစီအစဉ်အဖြစ် ဇူလိုင် ၃ ရက်တွင် မယ်လ၊ အုန်းပြန်နှင့် မယ်လအုန်း ဒုက္ခသည်စခန်းများမှ နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား မြဝတီမြို့ရှိ ကျောက်လုံးကြီးစခန်းတွင် ဆက်လက် လက်ခံကြိုဆိုသွားမည် ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ ပြန်ကြားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုမြင့်တင်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံ၏ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုခိုင်မာအားကောင်းအောင် ဆောင်ရွက်ရေး၊ မီဒီယာကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ရုပ်မြင်သံကြားဇာတ်လမ်းတွဲများ၊ ရေဒီယိုနှင့် ရုပ်ရှင်နယ်ပယ် ပူးပေါင်းဆောင်ရွက်ရေးတို့အပြင် စာပေဆိုင်ရာနှင့် ပုံနှိပ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် မြို့နယ်ပေါင်းစုံအမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲတက်ရောက်

**နေပြည်တော် ဇူလိုင် ၂**

၂၀၁၉ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား အသက်(၁၇)နှစ်အောက် မြို့နယ်ပေါင်းစုံအမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က မြို့နယ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲများကျင်းပပေးပြီး ထူးချွန်ထက်မြက်သော ကစားသမားများကို ပြည်ထောင်စုနယ်မြေ လက်ရွေးစင်အဖြစ် ရွေးချယ်ကာ တိုင်းဒေသကြီး၊ ပြည်နယ်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်သွားစေမည် ဖြစ်ကြောင်းနှင့် ပြိုင်ပွဲများကျင်းပပေးခြင်းဖြင့် မြို့နယ်တစ်ခုနှင့် တစ်ခုမတူကွဲပြားသောအားကစားနည်းစနစ်များ ရရှိတိုးပွားစေမည်ဖြစ်သည့်အပြင် အားကစားသမားများအချင်းချင်းစုစည်းတွေ့ဆုံ၍ ချစ်ခင်ရင်းနှီးတွေ့ဆုံစေရေးနှင့် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် အားကစားသမားများ ထွက်ပေါ်လာမည်ဖြစ်ပြီး ယခုပြိုင်ပွဲမှတစ်ဆင့် မြို့နယ်ဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်လာအောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားကာ ပြိုင်ပွဲအားဖွင့်လှစ်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်အတူ နေပြည်တော်ကောင်စီဝင်များဖြစ်သည့် ဗိုလ်မှူးကြီးမင်းနောင်၊ ဦးတင်ထွန်း၊ ဦးအေးမောင်စိန်၊ ဦးညီထွန်းနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများနှင့် ဒိုင်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် အဖွင့်ပွဲစဉ်အဖြစ် ဒက္ခိဏသီရိမြို့နယ် လက်ရွေးစင်ဘောလုံးအသင်းနှင့် တပ်ကုန်းမြို့နယ် လက်ရွေးစင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အားကစားဝါသနာရှင် ပြည်သူများတက်ရောက်အားပေးကြသည်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် အသက် (၁၇) နှစ်အောက် မြို့နယ်ပေါင်းစုံအမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

၂၀၁၉ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံအသက် (၁၇) နှစ်အောက် မြို့နယ်ပေါင်းစုံဘောလုံးပြိုင်ပွဲကို နေပြည်တော်အတွင်းရှိ မြို့နယ် (၈) မြို့နယ်တို့မှ ဘောလုံးလက်ရွေးစင် အားကစားသမားများပါဝင်ယှဉ်ပြိုင်ကာ ဇူလိုင် ၂ ရက်မှ စတင်ယှဉ်ပြိုင်၍ ဇူလိုင် ၁၈ ရက်တွင် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကယားပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများတွေ့ဆုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကယားပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ကယားပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ် (ကယားပြည်နယ် တာဝန်ခံ)၊ ကယားပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းစိုးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီ (၁၃)ပါတီမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲဆိုင်ရာ တက်ကြွစွာပါဝင်ဆောင်ရွက်နေကြသော လူမှုအဖွဲ့အစည်းများ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးများ တက်ရောက်ကြသည်။




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကယားပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်

**တွေ့ဆုံဆွေးနွေး**

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲများကို လွတ်လပ်ရမည်၊ တရားမျှတရမည်၊ ပွင့်လင်းမြင်သာမှုရှိရမည်၊ အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲဖြစ်ရမည်၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ်တစ်ထပ်တည်း ဖြစ်ရမည်ဟူသောစံ (၅) ရပ်နှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း၊ မဟာဗျူဟာစီမံကိန်း ( ၂၀၁၉-၂၀၂၂ ) ပါ အခန်းကဏ္ဍများအတိုင်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ပိုမိုအောင်မြင်စေရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဆင့်ဆင့်သောရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးကြခြင်းဖြစ်ပါကြောင်း။

**တာဝန်ယူဆောင်ရွက်ပေး**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့်နိုင်ငံသားများအားလုံး မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်းရေးဆွဲထားသည့် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူပြုစုခြင်း၊ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်အား အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ လူဦးရေစာရင်းအချက်အလက်များ ကောက်ယူပြုစုခြင်းအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အဓိက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက စိစစ်ပေးမည်ဖြစ်ကြောင်း၊ မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားများအားလုံးမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးနှင့် မှန်ကန်တိကျသည့် မဲဆန္ဒရှင်စာရင်းရရှိရေးအတွက် ပြည်သူလူထု၏ ပူးပေါင်းကူညီဆောင်ရွက်မှုသည် အဓိကအခန်းကဏ္ဍမှပါဝင်ကြောင်း၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများအနေဖြင့်လည်း မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းက ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းစိုးက မဟာဗျူဟာ စီမံကိန်း (၂၀၁၉-၂၀၂၂) နှင့် ပတ်သက်၍လည်းကောင်း၊ ပြည်နယ်ရွေးကောက်ပွဲအရာရှိ ဦးကျော်ဆန်းဝင်းက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်စေရေး ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေးပြီး နိုင်ငံရေးပါတီများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးချက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် ပြည်နယ်ရွေးကောက်ပွဲ အရာရှိတို့မှ ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေတိဂုံစေတီတော် (၅၇၃) ကြိမ်မြောက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က စီစဉ်ကျင်းပသော (၅၇၃) ကြိမ်မြောက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲနှင့် အလှူရှင်များအား ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ရွှေတိဂုံစေတီတော် ရင်ပြင်တော် တောင်ဘက်ရေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။ **(ယာပုံ)**

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ရှေးဦးစွာ အလှူရှင်များက အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိနှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ထုတိအနုမောဒနာဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**ငါးပါးသီလဆောက်တည်**

ထို့နောက် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဗဟန်းမြို့နယ် ညောင်တုန်းပါဠိ တက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဝရာဘိဝံသထံမှ ညီ့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ရေစက်ချ အနုမောဒနာတရားနာယူကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**လှူဒါန်းခဲ့**

ယနေ့ပြုလုပ်သော အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ၌ ရွှေသင်္ကန်းတော် (ရွှေပြား) အလှူရှင် ၁၆၄ ဦးထံမှ ရွှေပြား ပေါင်း ၁၇၇ ချပ်၊ ရင်ပြင်တော်အခင်း ကျောက်ပြားအလှူရှင် ၇၅၁ ဦးက ကျောက်ပြားချပ် ၂၂၅၃၇ ချပ် လှူဒါန်းခဲ့ကြပြီး ငွေသားအလှူရှင် ၁၂ ဦး အပါအဝင် လှူဒါန်းငွေစုစုပေါင်း ငွေကျပ် ၅၃၁၆၁၃၇၅၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





နေပြည်တော်လက်လုပ်တောင်၌ တရားအားထုတ်ခဲ့သော ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ကြီးနှင့် ဗောဓိရိပ်ငြိမ်ဆရာတော်တို့၏ ကျေးဇူးကို တရားဖြင့် ကျေးဇူးဆပ်သည့် အနေဖြင့် အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့ညများတွင် လက်လုပ်တောင် ရွှေနန်းသွင်စေတီ၌ ကံပွင့်ဉာဏ်ပွင့်စေမည့် ခင်ပွန်းကြီး(၁၀)ပါး တောင်းပန်ကန်တော့ခြင်း၊ စုပေါင်းတရားဘာဝနာပွားများခြင်း အစီစဉ်နှစ်ခုကို အပတ်စဉ်ကျင်းပစဉ်။ သတင်းစဉ်

# ရန်ကုန်ဆန်လှူအသင်း ဩဝါဒခံယူ

**ရန်ကုန် ဇူလိုင် ၂**

ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာနုဂ္ဂ ရန်ကုန်ဆန်လှူအသင်းကြီး၏ (၉၃) ကြိမ်မြောက် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲနှင့် သက်ကြီးပူဇော်ပွဲ၊ အသင်းသားစုံညီနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဇွန် ၃၀ ရက်က ကြည့်မြင်တိုင်မြို့နယ် အထက်ကြည့်မြင်တိုင်လမ်းမရှိ အသင်းတိုက်အဆောက်အအုံ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင်သိရောမဏိ ဝိဇ္ဇောတာရုံစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိဇ္ဇောတထံမှ အသင်းသားများနှင့်ညီ့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ပြီး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ အသင်းအကျိုးတော်ဆောင်ချုပ် ဦးစိန်မြို့က အသင်းလုပ်ငန်းဆိုင်ရာများလျှောက်ထားပြီး နိုင်ငံတော်ဩဝါဒါစရိယဆရာတော် မဟာအောင်မြေ ရိပ်သာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တကေသရ(သရက်)က ဩဝါဒကထာမိန့်ကြားပေးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တကောဝိဒထံမှ ရေစက်ချအနုမောဒနာတရား နာယူတော်မူခဲ့ကြသည်။

ယင်းနောက် အသက်(၇၅)နှစ်နှင့်အထက် အသင်းလူကြီးများအား သက်ကြီး ပူဇော်ပွဲကန်တော့ကြပြီး နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဆက်လက် ကျင်းပကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ရန်ကုန်အထူးကုဆေးရုံသစ်ကြီး စတင်ဆောက်လုပ်နေ

**ရန်ကုန် ဇူလိုင် ၂**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း သူနာပြုတက္ကသိုလ် (ရန်ကုန်)နှင့် မျက်နှာချင်းဆိုင်နေရာတွင် ရန်ကုန်အထူးကုဆေးရုံသစ်ကြီးကို စတင် ဆောက်လုပ် လျက်ရှိကြောင်း သိရသည်။

အဆိုပါဆေးရုံသစ်ကြီးကို ခုနစ်ထပ်အဆောက်အဦဆောက်လုပ်မည်ဖြစ်ပြီး ဂျပန် နိုင်ငံအစိုးရ၏ ဖွံ့ဖြိုးတိုးတက်မှုအကူအညီအောက်မှ ဂျပန်ယန်း ၈ ဒသမ ၆၆၁ ဘီလီယံ အကုန်အကျခံကာဆောက်လုပ်မည်ဖြစ်ကာ အချို့သောဆေးဘက်ဆိုင်ရာပစ္စည်းများ ကိုလည်း လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ ဆေးရုံသစ်ကြီး ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို မေ ၂၈ ရက်တွင် ကျင်းပခဲ့သည်။

ဆေးရုံသစ်ကြီးတည်ဆောက်ပြီးစီးပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ နှလုံးရောဂါ ကုသရေးဌာန၊ နှလုံးခွဲစိတ် ကုသရေးဌာန၊ ဦးနှောက်နှင့်အာရုံကြောကုသရေးဌာန ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်ကုသရေးဌာနများကို ပြောင်းရွှေ့ကုသမည်ဖြစ်ကြောင်း သိရသည်။ ဆေးရုံသစ် အဆောက်အဦတည်ဆောက်ရေးလုပ်ငန်းများကို ၂၀၂၁ ခုနှစ် နှစ်ဦးပိုင်းတွင်ပြီးစီးမည်ဟုခန့်မှန်းထားကြောင်း JICA ထုတ်ပြန်ချက်များအရ သိရသည်။

JICA အနေဖြင့် မြန်မာနိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှုများ တိုးတက် ကောင်းမွန်လာစေရန် ရည်ရွယ်၍ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် အားကောင်းလာစေရန် နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် လှိုင်ကော်၊ လားရှိုး၊ မကွေးတိုင်းဒေသကြီးနှင့် ထားဝယ်မြို့တို့ရှိ အထွေထွေ ရောဂါကုဆေးရုံကြီးများ ပြန်လည်ပြုပြင်မွမ်းမံရေးစီမံကိန်းများ၊ ကျေးလက်ကျန်းမာ ရေးဌာနများ ပြန်လည်ပြုပြင်မွမ်းမံခြင်းနှင့် အသစ်ဆောက်လုပ်ရေး စီမံကိန်းများ၊ လှိုင်ကော်အထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးရုံစီမံခန့်ခွဲမှုနည်းပညာများ သင်ကြားပေးခြင်း၊ ဆေးဘက်ဆိုင်ရာဆရာဝန် ၁၂ ဦးအား ဂျပန်နိုင်ငံသို့ ပါရဂူဘွဲ့ သင်တန်းများစေလွှတ်ခြင်း၊ ဆေးဘက်ဆိုင်ရာ ဆရာဝန်နှင့်ဆေးဘက်ဆိုင်ရာ ပညာရှင် ၅၅ ဦးတို့ကို ဂျပန်နိုင်ငံသို့ နှစ်တိုသင်တန်းများစေလွှတ်ခြင်း၊ ပထမဆုံးအကြိမ်အဖြစ် ဆေးဘက်ဆိုင်ရာ အင်ဂျင်နီယာ ၁၈ ဦး လေ့ကျင့်မွေးထုတ်ပေးခြင်း၊ ဆေးကုသမှု ဆိုင်ရာ မှတ်တမ်းကျွမ်းကျင်ပညာရှင် ၅၅၉ ဦး လေ့ကျင့်မွေးထုတ်ပေးခြင်း၊ ငှက်ဖျား ရောဂါတိုက်ဖျက်ရေး၊ HIV/AIDS နှင့် တီဘီရောဂါများအတွက် ဓာတ်ခွဲခန်း ဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်းများကို ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# "အနန္တ" သိပ္ပံရုပ်ရှင်ဇာတ်ကား တစ်နိုင်ငံလုံး ရုံတင်ပြသမည်

**ရန်ကုန် ဇူလိုင် ၂**

မြန်မာနိုင်ငံ၏ ပထမဦးဆုံးသိပ္ပံ ရုပ်ရှင်ဇာတ်ကားဖြစ်သည့် "အနန္တ" ရုပ်ရှင် ဇာတ်ကားကို ဇူလိုင် ၄ ရက်မှစ၍ တစ်နိုင်ငံလုံး၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကား အထူးပြပွဲမှ သိရသည်။

"အနန္တ" ရုပ်ရှင်ဇာတ်ကားအထူးပြပွဲကို ဇူလိုင် ၁ ရက် ညပိုင်းက ရန်ကုန်မြို့ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် ပြသခဲ့သည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် သားညီ၊ နန်းဆုဦး၊ ဖြိုးငွေစိုး၊ စိုင်းလွှမ်း၊ စိုးရန်အောင်၊ နေဝင်း၊ ဇေရီမှူးပိုင်၊ ကျော်ကိုကိုဝေ၊ ဇင်မိုး၊ ဂျွန်နသန်ချို၊ ချမ်းမေမြတ်နိုး၊ နန်းထိုက်အောင်၊ သက်ထားဝေဇင်၊ ညီ့သရုပ်ဆောင် အကယ်ဒမီ လူမင်းနှင့် သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားသည်။

"အနန္တ" ရုပ်ရှင်ဇာတ်ကားနှင့် ပတ်သက်၍ ဒါရိုက်တာညီမင်းလွင်က "ဒီဇာတ်ကားက ကျွန်တော်တို့ အားလုံးရဲ့ ဇာတ်ကားပါ။ ရုံတင်ပြီး ပြလို့ရလာတဲ့ ဝင်ငွေနဲ့ အနန္တဖောင်ဒေးရှင်းထူထောင်မယ်။ မြန်မာနိုင်ငံမှာ နည်းပညာတစ်ခု စိတ်ကူးရပြီးတော့ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ ဘတ်ဂျက်မရှိဘူးဆိုရင် ကျွန်တော်တို့ ဖောင်ဒေးရှင်းအနေနဲ့ ထောက်ပံ့သွားဖို့ စဉ်းစားထားပါတယ်။ နည်းပညာ ကြောင့် ကျွန်တော်တို့ နောက်ကျကျန်ခဲ့တာမျိုး လုံးဝမဖြစ်စေချင်ပါဘူး။ ဒီလိုမျိုး နည်းပညာကို အခြေခံပြီး ထုတ်လုပ်တဲ့ ဇာတ်ကားမျိုးတွေ တခြားထုတ်လုပ်မယ့် ထုတ်လုပ်သူမရှိဘူး ဆိုရင် ကျွန်တော်တို့ ဖောင်ဒေးရှင်းက ထုတ်လုပ်ပြီးတော့ မြန်မာနိုင်ငံမှာ ဒီလိုအထူး ပြုလုပ်ချက် အသားပေးတဲ့ ဇာတ်ကားမျိုးတွေ ထွက်လာအောင် ကြိုးစားသွားချင်ပါတယ်" ဟု ပြောသည်။

"ဒီဇာတ်ကားနဲ့ပတ်သက်ပြီး ဝေဖန်ပါ။ အကြံပေးပါ။ လိုအပ်တာတွေကို ဝိုင်းပြီး အဖြေရှာရင်တော့ သိပ္ပံဇာတ်ကားတွေက ဒီထက်ပိုပြီး တိုးတက်လာနိုင်ပါတယ်" ဟု ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသည့် သားညီက ပြောသည်။

**သန့်ဇင်ဝင်း**



မြန်မာနိုင်ငံ၏ ပထမဦးဆုံးသိပ္ပံ ရုပ်ရှင်ဇာတ်ကားဖြစ်သည့် "အနန္တ" သိပ္ပံရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ကြသူများကို တွေ့ရစဉ်။

*ပြည်သူများ ရွေးချယ်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များသည် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူတို့၏ မျှော်လင့်ချက်၊ လိုအပ်ချက်များကို ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး လွှတ်တော်အစည်းအဝေးများတွင် တင်ပြဆွေးနွေးခဲ့ကြပါသည်။ ဤကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြဆွေးနွေးစွမ်းဆောင်မှုများမှ ဒေသဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပေးမှုများကို အပတ်စဉ်ဖော်ပြသွားပါမည်။*

*(စာတည်းအဖွဲ့)*

# အများပြည်သူပိုင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အလွဲသုံးစားပြုနေကြသဖြင့် စိုက်ပျိုးမြေများ လျော့နည်းလာ

## မျိုးဝင်း(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ကြီးရဲ့(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးဟာ ဇွန် ၇ ရက်နေ့မှာ အောင်မြင်စွာနဲ့ပဲ ပြီးဆုံးခဲ့ပြန်ပါပြီ။ ဒါပေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးပူးပေါင်းကော်မတီနဲ့ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီမှာပါ တာဝန်ပေးအပ်ခြင်းခံထားရတဲ့ ကျွန်တော့်အဖို့တော့ နေပြည်တော်ကနေ မိုင် ၄၀၀ လောက် ဝေးကွာတဲ့ ကျွန်တော့်ရဲ့မဲဆန္ဒနယ်ရေးမြို့ဆီကို မပြန်နိုင်သေးဘဲ ကော်မတီရဲ့လုပ်ငန်းတာဝန်တွေကို နောက်ထပ်ရက်သတ္တတစ်ပတ် ထမ်းရွက်ရဦးမှာဖြစ်လို့ တက်ကြွရွှင်လန်းစွာနဲ့ မိမိတို့ရဲ့မဲဆန္ဒနယ်အသီးသီးကို ပြန်သွားတဲ့ ကိုယ်စားလှယ်တော်ကြီးတွေကို နှုတ်ဆက်ရင်းနဲ့ပဲ နေပြည်တော်မှာ ဆက်လက်ကျန်နေရစ်ခဲ့ရပါတယ်။**

တာဝန်တွေပြီးဆုံးတဲ့ ဇွန်လ ၁၅ ရက်နေ့ရောက်မှပဲ တစ်ကိုယ်တည်း ကားမောင်းရင်း မိမိရဲ့မဲဆန္ဒနယ်ကို ပြန်လာခဲ့ပါတယ်။ နေပြည်တော်မှာ မိုးကရွာတစ်ချက်... မရွာတစ်ချက်ဆိုပေမယ့် ကိုယ့်ရဲ့မွန်ပြည်နယ်တံခါးဝ စစ်တောင်းတံတားကို ကျော်လွန်လာတာနဲ့ မိုးရိပ်မိုးသားတွေနဲ့ စတင် ထိတွေ့လာရပါတော့တယ်။ ဘီးလင်းမြို့မှာ မိုးခိုရင်း နံနက်စာစားအပြီး မိုးဖွဲဖွဲကြားမှာ ပြန်ထွက်လာပေမယ့် သထုံကိုလွန်လာတာနဲ့ မိုးကတဖြည်းဖြည်း ပြန်သည်းလာလိုက်တာ မော်လမြိုင် သံလွင်တံတားဖြတ်တဲ့အခါမှာတော့ မြစ်ကို ဖြတ်သန်းလာတဲ့ လေကြမ်းနဲ့အတူ တဝေါဝေါအော်မြည်နေတဲ့ မိုးသည်းသည်းအကြား ကားကိုသတိထားမောင်းနှင်ရင်း မွန်တို့ဌာနေ ရာမညမြေရဲ့မြို့တော် မော်လမြိုင်မှာ မိုးအစဲကိုစောင့်ရင်း ခရီးတစ်ထောက် နားခဲ့ရပြန်ပါတယ်။

### ပြောင်းလဲခဲ့တဲ့ပတ်ဝန်းကျင်

မော်လမြိုင်ကနေ နောက်ထပ် မိုင် ၁၀၀ လောက်ဆို ကိုယ့်ရဲ့မွေးရပ်မြေကို ရောက်ရှိတော့မှာဆိုတော့ သိပ်ပြီးစိုးရိမ်ပူပန်မနေတော့ပါဘူး။ မိုးလေးနဲနဲစဲလာတာနဲ့ ကားကို မှန်မှန်လေး မောင်းထွက်ခဲ့ပါတယ်။ လွှတ်တော်တက်နေတဲ့ နှစ်လတာကာလအတွင်း ပြောင်းလဲခဲ့တဲ့ပတ်ဝန်းကျင်အခြေအနေတွေကို လေ့လာကြည့်ရှုရင်းနဲ့ပဲ မုဒုံ၊ သံဖြူဇရပ်မြို့နယ်များကို ဖြတ်ကျော်လာခဲ့ပြီးတဲ့နောက် ကိုယ့်မြို့နယ်ရဲ့အစ ကရင်တိုင်းရင်းသား အများစုနေထိုင်ရာ ဘေးလမိုင်းကျေးရွာမှာ စိုက်ထူထားတဲ့ ရေးမြို့နယ်မှ လှိုက်လှဲစွာကြိုဆိုပါ၏ဆိုတဲ့ ဆိုင်းဘုတ်ကိုကြည့်ရင်း ကိုယ့်ဒေသ ပြန်ရောက်ခဲ့ရပြန်ပေါ့ဆိုတဲ့ စိတ်ကြည်နူးမှုအာရုံလေးကို ခံစားလိုက်ရပါတယ်။

ကိုယ့်ဒေသရောက်လာပြီဆိုတော့လည်း ခရီးသွားဟန်လွဲနဲ့ ကျန်နေသေးတဲ့ မိုင် ၃၀ ကျော်ခရီးကို ဘေးဘီဝဲယာလေ့လာကြည့်ရှုရင်း ကားကို ဖြည်းဖြည်းမှန်မှန် မောင်းလာခဲ့ပါတယ်။ မိုးကတော်တော်ရွာထားတာကြောင့် လမ်းဘေးလယ်ကွက်တွေမှာ မိုးရေတွေ အတော်အတန်ပြည့်နေပြီး မိုးရေစီးကြောင်းအသစ်တွေကြောင့် လမ်းပျက်စီးနိုင်မယ့်နေရာတွေကို လေ့လာမှတ်သားရင်း လာခဲ့တာမို့ ခရီးကသိပ်မတွင်ပါဘူး။ အချို့နေရာတွေမှာ လွှတ်တော်မတက်ခင်တုန်းက မြင်ခဲ့ရတဲ့ လယ်ကွက်အချို့ဟာ မြေဖို့ထားတဲ့ မြေကွက်ကြီးတွေအဖြစ် ပြောင်းလဲသွားတာတွေ့ရပြီး ရော်ဘာခြံ အချို့တွေထဲမှာလည်း ခုတ်လှဲထားတဲ့ ရော်ဘာပင်တွေ၊ ရော်ဘာခြံအဖြစ်ကနေ ကွန်ကရစ်တိုင်ထိုးထိုးထောင်ထောင်နဲ့ **အိမ်ကွက်ရောင်းရန်ရှိသည်** ဆိုတဲ့ ဆိုင်းဘုတ်တွေကို ကြည့်ပြီး သက်ပြင်းတွေချရင်း ဖြည်းဖြည်းချင်း မောင်းလာလိုက်တာ ကိုယ့်မြို့ကိုရောက်တော့ မှောင်စပျိုးနေပြီဖြစ်ပါတယ်။

### မြေယာပြဿနာ

လွှတ်တော်ပိတ်ရက်ထက် နောက်ကျပြီးမှ အိမ်ပြန်ရောက်လာခဲ့တဲ့အတွက် သူတို့ရင်ဆိုင်နေရတဲ့ အခက်အခဲပြဿနာတွေနဲ့ အများနဲ့သက်ဆိုင်တဲ့ မြေတွေအပေါ်က ဥပဒေမဲ့လုပ်ရပ်တွေကို မျက်နှာချင်းဆိုင် တွေ့ဆုံပြောပြလိုသူတွေဟာ နောက်နေ့မနက်စောစောမှာပဲ တစ်ဦးပြီးတစ်ဦး ရောက်ရှိလို့လာပါတော့တယ်။ ပြဿနာအများစုကတော့ကျေးလက်တွေမှာဆိုရင် မြေယာပြဿနာက အများစုဖြစ်ပြီး မြို့ပြမှာတော့ စည်ပင်သာယာရေးနဲ့ ပတ်သက်တဲ့ကိစ္စတွေ ဖြစ်ပါတယ်။ နောက်ရက်တွေမှာတော့ ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေအပါအဝင် နိုင်ငံတော်ဘဏ္ဍာနဲ့ တည်ဆောက်ထားတဲ့လုပ်ငန်းတွေကို လိုက်လံကြည့်ရှုရင်း လာရောက်ပြောဆိုထားကြတဲ့အကြောင်းအရာတွေနဲ့ ပတ်သက်တဲ့ မြေပြင်အခြေအနေကိုပါ လေ့လာကြည့်မိပါတယ်။ နေပြည်တော်က လာရာလမ်းတစ်လျှောက် တွေ့ခဲ့ရသလိုပါပဲ။ လယ်မြေခြံမြေတွေကို ဖြစ်သလိုအိမ်ကွက်ဖော်ဖို့ လုပ်ဆောင်နေကြတာတွေ၊ အများပြည်သူနဲ့ဆိုင်တဲ့ မြေတွေအပေါ် ကျူးကျော်မှုတွေ... အချို့ဆို ရေနုတ်ချောင်းမြောင်းတွေထဲအထိ ကျူးကျော်မှုတွေဟာ မမြင်ချင်မှ အဆုံးပါပဲ။ တကယ်လို့များ ဥပဒေပါ ပြဋ္ဌာန်းချက်တွေအတိုင်း ထိထိရောက်ရောက် အရေးယူဆောင်ရွက်လာတဲ့အခါမှာ ဥပဒေကိုမသိနားမလည်ဘဲ ကိုယ်မှန်တယ်ထင်ပြီးလုပ်မိလို့ အရေးယူခံရမယ့် ပြည်သူတွေအတွက်လည်း စိတ်ပူမိပါတယ်။

ဒီလိုအခြေအနေတွေ ဖြစ်ပေါ်နေလို့လည်း ဒီလိုကိစ္စတွေ လျော့နည်းစေဖို့အတွက် ရည်ရွယ်ပြီး အမျိုးသားလွှတ်တော်မှာ အဆိုတစ်ခု တင်ခဲ့ဖူးပါတယ်။ အဆိုလည်း အောင်ခဲ့ပါတယ်။ အဆိုမှာပါဝင်တဲ့အကြောင်းအရာကို အနှစ်ချုပ်ပြောရရင်တော့ မြန်မာနိုင်ငံမှာ အခုလို မြေယာနဲ့ပတ်သက်တဲ့ ကိစ္စတွေမှာ စည်းမဲ့ကမ်းမဲ့ ဖြစ်နေတာတွေကြောင့် နောင်တစ်ချိန်မှာ အသုံးလိုရင်ရအောင် ချန်လှပ်ထားတဲ့ မြို့ပြနဲ့ကျေးလက်က မြေလွတ်မြေလပ်တွေ လျော့နည်းပျောက်ဆုံးကုန်တာ၊ အစိုးရပိုင်မြေနဲ့ အဆောက်အဦတွေဟာ အင်မတန်နည်းပါးတဲ့ ငွေကြေးပမာဏလေးနဲ့ လုပ်ပိုင်ခွင့်ရှိသူတွေရဲ့ ဆွေမျိုးသားချင်းတွေနဲ့ သူတို့နဲ့နီးစပ်သူ လုပ်ငန်းရှင်တွေရဲ့လက်ထဲ သက်ဆင်းကုန်တာကြောင့် နိုင်ငံနဲ့ ပြည်သူတွေအတွက် မြောက်မြားစွာသော ဆုံးရှုံးနစ်နာမှုတွေ ဖြစ်စေတာ၊ စိုက်ပျိုးမြေတွေ လျော့နည်းပျောက်ဆုံးကုန်တာတွေနဲ့ပတ်သက်ပြီး ဆက်စပ်မှု အများဆုံးနဲ့ အဓိကတာဝန်အရှိဆုံးဖြစ်တဲ့ ကော်သုံးကော်နဲ့ ဆက်စပ်အဖွဲ့အစည်းတွေရဲ့အားနည်းချက်တွေနဲ့ အဂတိတရားမကင်းတဲ့ လုပ်ဆောင်ချက်တွေအပေါ် ထိန်းညှိပေးနိုင်မယ့် အစီအမံတစ်ရပ်ကို အမြန်ဆုံးရေးဆွဲချမှတ် အကောင်အထည်ဖော်ပေးဖို့ အစိုးရကို တိုက်တွန်းထားတဲ့ အဆိုပဲ ဖြစ်ပါတယ်။




မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးမျိုးဝင်း

### မီးမောင်းထိုးပြပေးနိုင်ခဲ့

ဒီအဆိုကို ကျွန်တော်လွှတ်တော်တင်တော့ ပါဝင်ဆွေးနွေးဖို့ အမည်စာရင်းပေးခဲ့သူ ၂၈ ဦး အထိရှိခဲ့ပြီး ဒီအထဲမှာ မြန်မာနိုင်ငံတစ်ဝန်း ဒေသအသီးသီးက ကိုယ်စားလှယ်တွေ ပါဝင်ဆွေးနွေးကြတဲ့အတွက် တောရောမြို့ပါမကျန် မြန်မာနိုင်ငံတစ်ဝန်းဖြစ်ပျက်နေတဲ့ မြေယာနဲ့ပတ်သက်တဲ့ စီမံခန့်ခွဲမှု အလွဲများနဲ့ အကျင့်ပျက်မှုများအပေါ် ပီပီပြင်ပြင် မီးမောင်းထိုးပြပေးနိုင်ခဲ့တယ်လို့ ထင်မိပါတယ်။ အစိုးရက စီမံခန့်ခွဲမှုရှိတဲ့မြေတွေကို လက်သင့်ရာ ချထားပေးတာတွေဟာ လက်ရှိအစိုးရလက်ထက်မှာ အများကြီးလျော့ကျသွားတာ တွေ့ရပါတယ်။ တစ်ဖက်မှာ ဒီလိုလျော့ကျသွားပေမယ့် အခြားတစ်ဖက်မှာတော့ စိုက်ပျိုးရေးအတွက် အသုံးပြုရမယ့် မြေတွေပေါ်မှာ လူနေထိုင်ဖို့နဲ့ အခြားနည်းအမျိုးမျိုးနဲ့ အသုံးပြုမှုတွေဟာ ဥပဒေအရရော ဥပဒေပြင်ပမှာပါ တစ်စစတိုးတက်များပြားလာတာကို တွေ့မြင်နေရပါတယ်။ အထူးသဖြင့် မြို့ချင်း၊ ရွာချင်းချိတ်ဆက်ထားတဲ့ လမ်းဘေးတစ်ဖက်တစ်ချက်က စိုက်ခင်းတွေကို လူနေအဆောက်အဦအဖြစ်နဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် ပြောင်းလဲသုံးစွဲလာတာတွေပဲ ဖြစ်ပါတယ်။ ဒီလိုဖြစ်နေတာတွေကို သက်ဆိုင်ရာအစိုးရဌာနတွေက ဖိဖိစီးစီး မတားဆီးနိုင်ကြဘူးဆိုရင်တော့ ကားလမ်းနံဘေးတွေမှာ ရွာတန်းရှည်ကြီးတွေဖြစ်ပြီး ယာဉ်တိုက်မှုတွေ တိုးတက်များပြားလာမယ့်အပြင် မော်တော်ယာဉ်တွေနဲ့ ခရီးသွားရာမှာလည်း ခရီးတွင်တော့မှာ မဟုတ်ပါဘူး။

*စာမျက်နှာ ၁၁ သို့*

**“အစိုးရက စီမံခန့်ခွဲမှုရှိတဲ့မြေတွေကို လက်သင့်ရာ ချထားပေးတာတွေဟာ လက်ရှိအစိုးရလက်ထက်မှာ အများကြီးလျော့ကျသွားတာ တွေ့ရပါတယ်။ တစ်ဖက်မှာ ဒီလိုလျော့ကျသွားပေမယ့် အခြားတစ်ဖက်မှာတော့ စိုက်ပျိုးရေးအတွက် အသုံးပြုရမယ့် မြေတွေပေါ်မှာ လူနေထိုင်ဖို့နဲ့ အခြားနည်းအမျိုးမျိုးနဲ့ အသုံးပြုမှုတွေဟာ ဥပဒေအရရော ဥပဒေပြင်ပမှာပါ တစ်စစတိုးတက် များပြားလာတာကို တွေ့မြင်နေရပါတယ်”**

*စာမျက်နှာ ၁၀ မှ*

ဒီနေရာမှာ ဥပဒေကို အကောင်အထည် ဖော်လုပ်ဆောင်ရမယ့် အဖွဲ့တွေရဲ့အားနည်းမှုက အဓိကကျတယ်လို့ ထင်မိပါတယ်။ လက်ရှိ ပြဋ္ဌာန်းထားတဲ့ မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများ ဥပဒေဟာ ပြီးပြည့်စုံတဲ့ ဥပဒေတစ်ရပ် မဟုတ်သေးပါဘူး။ ဒါကိုတောင်အပြည့်အဝလိုက်ပါ အကောင်အထည် မဖော်နိုင်သေးတာ တွေ့နေရပါတယ်။ ပြဋ္ဌာန်းထားတဲ့ ဥပဒေပုဒ်မတွေကို လက်တွေ့ဖော်ဆောင်ပေးကြရမယ့် အစိုးရ အင်စတီကျူးရှင်းရဲ့ လိုက်ပါအကောင်အထည် ဖော်ဆောင်ပေးနေတဲ့ ဝန်ထမ်းတွေအကြားမှာလည်း ရိုးသားသူတွေရှိသလို မရိုးမသားနဲ့ ဥပဒေကို လက်တစ်လုံးခြားလုပ်ပြီး ဆောင်ရွက်နေကြသူတွေကိုလည်း မြင်တွေ့နေရပါတယ်။

ဥပဒေကို ချိုးဖောက်ဆောင်ရွက်မိရင် အရင်ဆုံးခံရမှာက ဥပဒေကို အကျွမ်းတဝင်မရှိလှတဲ့ ကျွန်တော်တို့ပြည်သူတွေပဲ ဖြစ်တဲ့အတွက် တည်ဆဲ ၂၀၁၂ မြေလွတ်မြေလပ်နဲ့ မြေရိုင်းများဥပဒေနဲ့ ၂၀၁၂ လယ်ယာမြေ ဥပဒေထဲက သိလွယ်မြင်လွယ် ဥပဒေပုဒ်မအချို့ကို အနည်းငယ် ရှင်းပြလိုပါတယ်။ **ပထမဆုံးသိထားသင့်တာက ဒီဥပဒေအရ မြေလွတ်၊ မြေလပ်ကို လျှောက်ထားရာမှာ သီးနှံစိုက်ပျိုး ဖို့အတွက်သာ လျှောက်ထားရယူနိုင်တယ်ဆိုတာကိုပဲ ဖြစ်ပါတယ်။ လျှောက်ထားရယူထားသူများဟာ မိမိ လျှောက်ထားတဲ့မြေကို အခြားနည်းသုံးစွဲခွင့် လုံးဝမရှိပါဘူး။ အခြားနည်းသုံးစွဲခွင့်ဆိုတာ ၂၀၁၂ လယ်ယာမြေဥပဒေထဲမှာသာ ပါဝင်တာ ဖြစ်ပါတယ်။** မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများ ဥပဒေအရ မိမိလျှောက်ထားရယူထားတဲ့မြေကနေ တည်ငြိမ်တဲ့သီးနှံထွက်ကုန်တွေ ထွက်ရှိလာပြီဆိုတဲ့အခါမှသာ အဲဒီမြေကို လယ်ယာမြေ ဥပဒေပုဒ်မ ၃၄ အရ လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်ခွင့်ရှိပါတယ်။ အဲဒီလို လယ်ယာမြေဖြစ်သွားတဲ့အခါမှသာ လယ်ယာမြေ ဥပဒေပုဒ်မ ၃၀ အရ အခြားနည်းသုံးစွဲခွင့်ကို လျှောက်ထားနိုင်ခွင့်ရှိတာဖြစ်ပါတယ်။

ဒါကိုလည်းမြေလွတ်၊ မြေလပ် လုပ်ပိုင်ခွင့်ရရှိထားသူ လိုက်နာရမယ့် စည်းကမ်းချက်များထဲက ပုဒ်မ၁၆၊ ပုဒ်မခွဲ (က)မှာ **"ခွင့်ပြုထားတဲ့ လုပ်ငန်းအမျိုးအစားနဲ့ ဆက်စပ်လုပ်ငန်းများကိုသာ ဆောင်ရွက်ရမယ်"**ဆိုပြီး အတိအလင်း ဖော်ပြထားပါတယ်။ ဆိုလိုတာကတော့ မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းတွေကို စိုက်ပျိုးဖို့ကလွဲပြီး အခြားကိစ္စတွေသုံးဖို့ ဒီဥပဒေအရ လျှောက်ထားရယူခွင့် ပြုမထားပါဘူး။ ဒါပေမယ့် အချို့သူတွေဟာ ခွင့်ပြုချက် စတင်လျှောက်ထားလာကတည်းက အခြားရည်ရွယ်ချက်အတွက် လျှောက်ထားကြတာဆိုတော့ အပင်စိုက်ဖို့ မြေပြင်သလိုလိုနဲ့ အိမ်ကွက်တွေအဖြစ် ကြိုးစိတ်ထားပြီး ရောင်းဖို့ကြော်ငြာနေတာမျိုးတွေဟာ ဥပဒေကို ချိုးဖောက်လုပ်ဆောင်နေတာဖြစ်တဲ့အတွက် ဥပဒေအရအရေးယူလာရင် မိမိသာ ခံရမှာဖြစ်ပါတယ်။ ခွင့်ပြုချက်ချပေးတဲ့ အဖွဲ့အစည်း အဆင့်ဆင့်အနေနဲ့လည်း ဒီလိုကိစ္စတွေအပေါ် ဥပဒေနဲ့ မညီတာမျိုးကို ပြန်လည်စိစစ်ကြပ်မတ်စေလိုပါတယ်။



ဒီဥပဒေရဲ့ပုဒ်မခွဲ(ဂ)မှာ ဆိုရင်လည်း **"ခွင့်ပြုထားတဲ့မြေကို အစိုးရရဲ့ ခွင့်ပြုချက်မရှိဘဲ ပေါင်နှံတာ၊ ပေးကမ်းတာ၊ ရောင်းချတာ၊ အငှားချတာ၊ ခွဲစိပ်တာတွေနဲ့ အခြားနည်းနဲ့ လွှဲပြောင်းတာ မပြုလုပ်ရ"**လို့ အတိအကျ ပြဋ္ဌာန်းထားပါတယ်။ ဆိုလိုတာက မိမိရဲ့မြေဟာ လယ်ယာမြေအဖြစ် အမည်မပေါက်သေးဘဲ ပုဒ်မပါအချက်တွေကို လုပ်မိရင် ဥပဒေကို ချိုးဖောက်မိသလို ဖြစ်သွား နိုင်ပါတယ်။ ဒီလိုဖြစ်ရပ်အတွက် ၂၀၁၈ ခုနှစ် ပြန်လည်ပြင်ဆင်ထားတဲ့ ဥပဒေပုဒ်မ ၂၉-က ပုဒ်မခွဲ(က)အရ အရေးယူခံရမယ်ဆိုရင် နေရင်းထိုင်ရင်းနဲ့ ထောင်ဒဏ်နှစ်နှစ် (သို့မဟုတ်) ဒဏ်ငွေ ၁၀ သိန်း၊ ဒါမှမဟုတ် ဒဏ်နှစ်ရပ်စလုံး ကျခံရနိုင်တဲ့အတွက် သတိပြုရမှာ ဖြစ်ပါတယ်။ ဒီလိုလုပ်ရပ်တွေ မလုပ်မိစေဖို့ ဥပဒေနဲ့အညီ ထိန်းသိမ်းရမယ့် အဖွဲ့အစည်းတွေက ပြည်သူတွေကို အသေအချာ ရှင်းပြသင့်ပါတယ်။

အချို့တွေကျတော့လည်း ဒီဥပဒေမထွက်ခင်ကတည်းက ခြံစိုက်ထားပြီးသားဖြစ်ပေမယ့် အိမ်ခြံမြေတွေ ဈေးကောင်းလာတာကြောင့် အိမ်မြေကွက်စိတ်ရောင်းတဲ့အခါမှာ တရားဝင်ဖြစ်အောင်ဆိုပြီး မြေလွတ်မြေလပ် ပြန်လျှောက်နေကြတာတွေလည်း ရှိနေတာ တွေ့မြင်နေရပါတယ်။ ဒါဟာလည်း ပြစ်ဒဏ်ကို လက်ယပ်ခေါ်သလို ဖြစ်နေတဲ့အတွက် အထူးသတိပြုကြစေလိုပါတယ်။

နောက်တစ်ခုက ပုဒ်မခွဲ (စ) ဖြစ်ပါတယ်။ ဒီ ပုဒ်မမှာ ပါတာက **"ခွင့်ပြုချက်ရယူထားသော လုပ်ငန်းမှအပ မြေပေါ်မြေအောက်ရှိ အခြားသယံဇာတ ပစ္စည်းများကို ထုတ်ယူခြင်းမပြုရ"**ဆိုပြီး ဖြစ်ပါ တယ်။ ကျွန်တော်တို့ တောင်သူအများစုက ကိုယ့်ခြံထဲကပစ္စည်းအားလုံး ကိုယ့်ပစ္စည်းပဲလို့ လွယ်လွယ်တွေးပြီး လွယ်လွယ်လုပ်နေကြတာတွေကို တွေ့နေရပါတယ်။ မိမိခြံထဲမှာ ဂဝံမြေရှိတော့ အဲဒီဂဝံမြေကို ကိုယ်ပိုင်ပစ္စည်းအမှတ်နဲ့ တူးရောင်းနေတာ၊ ကျောက်မိုင်းလုပ်ပြီး ကျောက်ထုတ်နေကြတာတွေကိုလည်း သွားရင်းလာရင်း တွေ့နေရတော့ ဒီဥပဒေပြဋ္ဌာန်းထားတာကိုလည်း သိဟန်မတူဘူးလို့ထင်မိသလို တစ်ဖက်ကလည်း သက်ဆိုင်ရာတာဝန်ရှိသူတွေက တားဆီးပညာပေးတာတွေလည်း မတွေ့ရပါဘူး။ ဒီနေရာမှာ သယံဇာတဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဒီဥပဒေထဲမှာ မတွေ့ရပေမယ့် သယံဇာတဆိုတာဟာ လူသားတွေဖန်တီးလုပ်ယူထားတဲ့ အရာမဟုတ်ဘဲ ကမ္ဘာမြေကြီးရဲ့သဘာဝဖြစ်စဉ်နဲ့အတူ ဖြစ်ထွန်းပေါ်ပေါက်လာတဲ့အရာလို့ ယေဘုယျသတ်မှတ်ထားလေတော့ ဒါတွေဟာ တန်ဖိုးမကြီးမြင့်ပေမယ့် သယံဇာတလို့ အဓိပ္ပာယ်သတ်မှတ်လို့ ရနေပါတယ်။ တကယ်လို့များ အဲဒီလို သတ်မှတ်ခဲ့မယ်ဆိုရင် ဒီလိုဖြစ်ရပ်မျိုးအတွက် ထောင်ဒဏ်ခုနစ်နှစ်အထိ ကျခံရနိုင်ပြီး ငွေဒဏ်လည်း အရိုက်ခံရနိုင်တဲ့အတွက် ဒါဟာလည်း အထူးသတိထားရမယ့် ပုဒ်မဖြစ်ကြောင်း တင်ပြလိုပါတယ်။

လက်တွေ့မြေပြင်မှာ တကယ်ဖြစ်နေတာတွေက ဒီကဏ္ဍတစ်ခုတည်း မဟုတ်ဘဲ သစ်ထုတ်လုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း၊ ကျောက်မျက်သယံဇာတ တူးဖော်ထုတ်လုပ်တဲ့လုပ်ငန်း စတာတွေမှာလည်း ဥပဒေနဲ့ လုပ်ပိုင်ခွင့်ရှိသူတွေအကြား ဒီသဘော အတိုင်းပဲ ဖြစ်နေတာ တွေ့ရပါတယ်။ တစ်ခါတစ်ရံမှာ ဥပဒေကို အကောင်အထည်ဖော်ပေးရမယ့် ဝန်ထမ်းကိုယ်တိုင်က ဥပဒေကိုမလိုက်နာဘဲ ဥပဒေကို လက်တစ်လုံးခြားလုပ်ပြီး အဂတိတရားနဲ့ လုပ်ကိုင်ဆောင်ရွက်နေတာတွေကိုလည်း တွေ့နေရပါတယ်။

ခုအချိန်မှာ မြန်မာနိုင်ငံတစ်လွှား အလုပ်အကိုင်အခွင့်အလမ်း ကောင်းတဲ့နေရာကို ရှာဖွေပြီး သွားလာနေကြတဲ့ ရွှေ့ပြောင်းလုပ်သားတွေနဲ့ စီးပွားရေးလုပ်ငန်းတွေ တိုးချဲ့လုပ်ကိုင်မှု များပြားလာတာကြောင့် မြေလွတ်၊ မြေလပ်တွေဟာ အဲဒီဒေသတွေမှာ တစ်နေ့တခြား ရှားပါးလာနေပါတယ်။ အထူးသဖြင့် လမ်းဘေးနားကပ်နေတဲ့ မြေတွေဟာ စီးပွားရေးလုပ်ကိုင်ဖို့ အခွင့်အလမ်းသာတဲ့အတွက် မြေတန်ဖိုးတွေဟာလည်း တစ်နေ့တခြား မြင့်တက်လျက်ရှိတာကို တွေ့ရပါတယ်။ ဒီအခါမှာ ဒီလမ်းဘေးမြေတွေကို မရမက လိုချင်နေတဲ့ စီးပွားရေးသမားတွေနဲ့ လုပ်ပိုင်ခွင့်ရှိသူတွေအကြား ပူးပေါင်းမိသွားကြပြီး ဥပဒေကို မလိမ့်တစ်ပတ်နဲ့ ချိုးဖောက်ဖို့ ကြိုးစားနေတာတွေလည်း ရှိနေဆဲပဲဖြစ်ပါတယ်။

အားလုံးကို ခြုံငုံပြီးပြောရရင်တော့ မူလကတည်းက မြေယာကိစ္စတွေဟာ ကြီးမားကျယ်ပြန့်လှတဲ့အပြင် မြန်မာနိုင်ငံလို တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ရိုးရာဓလေ့ထုံးစံပေါင်းစုံတွေ အားလုံးနဲ့ လိုက်လျောညီထွေရှိမယ့် မြေယာမူဝါဒတွေ၊ ဥပဒေတွေ ဖြစ်ပေါ်လာစေဖို့အတွက်ဆိုရင် လက်ရှိဥပဒေတွေကို ပြင်ဆင်ရန် လိုအပ်နေဆဲဖြစ်ပါတယ်။ ဥပဒေများဟာ တည်ဆဲ ဖြစ်နေတယ်ဆိုရင် လိုအပ်ချက်တွေ ရှိနေသော်ငြားလည်း လိုက်နာရမှာပဲ ဖြစ်ပါတယ်။ ဥပဒေကို ချိုးဖောက်မိရင် မသိနားမလည်လို့ဆိုပြီး ဥပဒေက လွတ်ငြိမ်းခွင့်ပေးတာမျိုး မရှိတာကြောင့် မြေယာနဲ့ ဆက်စပ်ပတ်သက် လုပ်ကိုင်နေရသူများအနေနဲ့ မိမိတို့နဲ့ ပတ်သက်တဲ့ ဥပဒေတွေကို တတ်နိုင်သလောက် လေ့လာထားသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။



**"ခုအချိန်မှာ မြန်မာနိုင်ငံတစ်လွှား အလုပ်အကိုင်အခွင့်အလမ်း ကောင်းတဲ့နေရာကို ရှာဖွေပြီး သွားလာနေကြတဲ့ ရွှေ့ပြောင်းလုပ်သားတွေနဲ့ စီးပွားရေးလုပ်ငန်းတွေ တိုးချဲ့လုပ်ကိုင်မှု များပြားလာတာကြောင့် မြေလွတ်၊ မြေလပ်တွေဟာ အဲဒီဒေသတွေမှာ တစ်နေ့တခြား ရှားပါးလာနေပါတယ်။ အထူးသဖြင့် လမ်းဘေးနားကပ်နေတဲ့ မြေတွေဟာ စီးပွားရေးလုပ်ကိုင်ဖို့ အခွင့်အလမ်းသာတဲ့အတွက် မြေတန်ဖိုးတွေဟာလည်း တစ်နေ့တခြား မြင့်တက်လျက်ရှိတာကို တွေ့ရ"**

# တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲများ ယှဉ်ပြိုင်

**နေပြည်တော် ဇူလိုင် ၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအားကစား အဖွဲ့ချုပ်တို့ ပူးပေါင်းကာ ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီမှ စတင်၍ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးထွန်းမြင့်ဦး၊ ဦးကျော်ဆန်းနှင့် ဦးကျော်ဦး၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အမျိုးသားနှစ်ယောက်တွဲ ဆီမီးဖိုင်နယ်ပွဲအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်နိုင်ပြီး တတိယလုပွဲအဖြစ် ရန်ကုန်တိုင်းဒေသကြီး အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် နိုင်သည်။ ဗိုလ်လုပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကိုနှစ်ပွဲပြတ်ဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

အမျိုးသမီးနှစ်ယောက်တွဲ ဆီမီးဖိုင်နယ်ပွဲအဖြစ် ကရင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ မကွေးတိုင်းဒေသကြီး အသင်းက တနင်္သာရီတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်ဖြင့်နိုင်ပြီး တတိယလုပွဲအဖြစ် ပဲခူးတိုင်းဒေသကြီးအသင်းက တနင်္သာရီ တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် နိုင်သည်။ ဗိုလ်လုပွဲတွင် မကွေးတိုင်းဒေသကြီးက ကရင်ပြည်နယ်ကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။ ထို့နောက် အမျိုးသား အမျိုးသမီး သုံးယောက်တွဲ ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကစားကြောင်း သိရသည်။

အဆိုပါ ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇူလိုင် ၃ ရက် ပြိုင်ပွဲများအဖြစ် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)တွင် နံနက် ၉ နာရီမှ စ၍ အမျိုးသား အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ ပိုက်ကျော်ခြင်းအားကစား စိတ်ဝင်စားသောမိဘပြည်သူများ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



**တိုင်းဒေသကြီးနှင့် ပြည်နယ် သေနတ်ပစ်ပြိုင်ပွဲတွင် ရမှတ် ၂၉ မှတ်ဖြင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသော ရှမ်းပြည်နယ်အသင်းအား ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက တံခွန်စိုက်ဆုဖလား ချီးမြှင့်ပေးအပ်စဉ်။**

**(အဆိုပါ ပြိုင်ပွဲကို ဇွန်၂၃ ရက်မှ ၃၀ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်အားကစားကွင်း၌ ကျင်းပခဲ့ပြီး အသင်းပေါင်း ၁၁ သင်း၊ အားကစားသမား ၁၀၀ ကျော် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။)** အာကာစိုး

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ရက်ရှ်ဖို့ဒ် မန်ယူအသင်းနှင့် သက်တမ်းတိုးစာချုပ်တစ်ရပ်ချုပ်ဆို**

မန်ယူတိုက်စစ်ကစားသမား မားကပ်စ် ရက်ရှ်ဖို့ဒ်သည် တစ်ပတ် ပေါင်နှစ်သိန်းဖြင့် ၂၀၂၃ ခုနှစ် ဇွန်လအထိ ရှိမည်ဖြစ်သော သက်တမ်းတိုးစာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ၎င်းသည် မန်ယူအသင်းအတွက် ပွဲ ၁၇၀ ကစားပေးထားပြီး အင်္ဂလန်အသင်းအတွက် ၃၂ ပွဲ ပါဝင်ကစားထားပြီးဖြစ်ကြောင်း ဖော်ပြထားသည်။

**မက်ဂွိုင်ရီအတွက် ကမ်းလှမ်းမှုတစ်ရပ်ပြုလုပ်လိုက်သည့် မန်ယူ**

မန်ယူအသင်းသည် လက်စတာစီးတီးနောက်ခံကစားသမား မက်ဂွိုင်ရီအတွက် ပေါင်သန်း ၇၀ ဖြင့် ကမ်းလှမ်းမှုတစ်ရပ်ပြုလုပ်လိုက်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**ကလာကီအား ခေါ်ယူလိုက်ပြီဖြစ်သည့် တော့တင်ဟမ်**

တော့တင်ဟမ်အသင်းသည် လိစ်ဒ်ယူနိုက်တက်အသင်းမှ တောင်ပံကစားသမား ဂျက်ကလာကီအား ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ တော့တင်ဟမ်အသင်းနှင့် ၂၀၂၃ ခုနှစ်အထိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သော ကလာကီ (၁၈နှစ်) သည် ၂၀၁၈ ခုနှစ် ဇန်နဝါရီတွင် ပီအက်စ်ဂျီအသင်းမှ ဘရာဇီးတိုက်စစ်ကစားသမား လူးကပ်စ် မော်ရာအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် တော့တင်ဟမ်အသင်း၏ ပထမဆုံးအကြိမ် ခေါ်ယူမှုလည်းဖြစ်သည်။

**ဘိုဝန်ကို ခေါ်ယူရန် အာဆင်နယ်အသင်း ပြင်ဆင်နေ**

အာဆင်နယ်အသင်းသည် ဟူးလ်စီးတီးအသင်းမှ အသက်(၂၂ နှစ်)အရွယ် အင်္ဂလန်တိုက်စစ်ကစားသမား ဘိုဝန်ကို ပေါင် ၁၂ သန်းဖြင့် ခေါ်ယူရန် ပြင်ဆင်နေကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**ဘရာဟီမီနှင့် ဆွေးနွေးမှုများပြုလုပ်လိုက်သည့် အာဆင်နယ်**

အာဆင်နယ်အသင်းသည် ပေါ်တိုကစားသမားဟောင်း အယ်လ်ဂျီးရီးယားကွင်းလယ်တိုက်စစ်ကစားသမား ဘရာဟီမီ (၂၉နှစ်) နှင့် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။ **အောင်ဇော်**

✽ *ကျော့ဖုံးမှ*

ကျရောက်နေသောကြောင့် ခြေစမ်းပွဲကစားခြင်းဖြစ်သည်။ ထိုင်း ယူ-၁၉ အမျိုးသမီးအသင်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ကလည်း မြန်မာနိုင်ငံသို့ လာရောက်ကာ မြန်မာယူ-၁၉ အမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။

မြန်မာ ယူ- ၁၉ အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ဆက်လက်ကိုင်တွယ်နေပြီး ဇူလိုင်လဒုတိယပတ်မှစတင်ကာ ခြေစမ်းပွဲများ စတင်ကစားမည် ဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ**-ဒေါ်မြတ်မြတ်ဦး၊ **နည်းပြချုပ်**-ဒေါ်သက်သက်ဝင်း၊ **လက်ထောက်နည်းပြ**-ဒေါ်စန်းစန်းမော်၊ ဒေါ်စန်းယုနိုင်၊ **ဂိုးနည်းပြ**-ဦးကိုကိုအောင်၊ **ဂိုး**- ပိုးဥ၊ ဇူးလတ်နဒီ၊ ခင်မြတ်မိုး၊ စိမ်းလဲ့လဲ့ဦး၊ **နောက်တန်း**- ဇွန်ယုယဦး၊ နန်းဇူးဇူးထက်၊ သဲအိမိုး၊ ကြည်ပြာလင်း၊ နော်ထက်ထက်ဝေ၊ မိုးမစိုး၊ နှင်းမြသဇင်၊ မေသက်မွန်မြင့်၊ သဇင်အောင်၊ ကေကေ၊ အိအိကျော်၊ **အလယ်တန်း**- ပို့ပို့ပြည့်မောင်၊ ဝင်းဝင်း၊ မေဖူးကို၊ မိုးမိုးသန်း၊ ဇင်မာထွေး၊ အေးအေးထွေး၊ ဘွဲ့လျှန်ကိန်း၊ **ရှေ့တန်း**- နွယ်နီဝင်း၊ စန်းသော်သော်၊ ဆုပြည့်ပြည့်ကျော်၊ လင်းမြင့်မို၊ လင်းလဲ့ဦး၊ အေးမြတ်ခိုင်၊ ဆွေမာအောင်နှင့် အိစန္ဒာဇော်တို့ ပါဝင်ကြသည်။ **ညီမြတ်သော်တာ**

## သက်ငယ်မုဒိမ်းမှုကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ပေး



သက်ငယ်မုဒိမ်းမှုသည် ထောင်ဒဏ်နှစ် ၂၀ ချမှတ်နိုင်သော ပြစ်မှုဖြစ်သည်

အခြေအနေ အချိန်အခါ နေရာမရွေး သက်ငယ်မုဒိမ်းမှု ဖြစ်ပွားနိုင်သည်



သက်ငယ်မုဒိမ်းမှုဆိုသည်မှာ အသက် (၁၆) နှစ်အောက် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ မုဒိမ်းမှုကျူးလွန်ခြင်းကိုဆိုသည်

### ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရန်

#### ဌာနဆိုင်ရာ တာဝန်ရှိသူများမှ ဆောင်ရွက်ရန်

-နေရာမရွေး၊ အချိန်မရွေး၌ မည်သူမဆိုမှ ကလေးသူငယ်များအပေါ် မုဒိမ်းမှု ကျူးလွန်နိုင်ကြောင်း အသိပညာပေးရန်၊

-မိဘ၊ အုပ်ထိန်းသူများနှင့် ရပ်ရွာလူထုအား ကလေးသူငယ်များအပေါ် သက်ငယ်မုဒိမ်းမှု ကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးရန်၊

#### ရပ်ရွာလူထုမှ ဆောင်ရွက်ရန်

-မိမိနှင့် နီးစပ်ရာ ကလေးသူငယ်များကို မည်သို့ သွားလာနေထိုင်ရမည်၊ မည်သို့ အကူအညီတောင်းရမည်၊ မည်သို့တုံ့ပြန်ဆောင်ရွက်ရမည်ကို သင်ကြားထားသင့်ပါသည်။

- ကလေးသူငယ်နှင့် ပတ်သက်၍ မသင်္ကာဖွယ်တွေ့ရှိပါက မေးမြန်းခြင်း၊ လိုက်လံကြည့်ရှုခြင်း ပြုလုပ်ပါ။



### ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရန်

#### အုပ်ထိန်းသူများမှ ဆောင်ရွက်ရန်

-ကလေးသူငယ်အား တစ်ယောက်တည်း၊ အဖော်မပါဘဲ အပြင်သို့ မလွှတ်ရပါ။

-မိမိကလေးကို အကြောင်းကြောင်းကြောင့် ထားရစ်ခဲ့ရန် လိုအပ်ပါက ရပ်ရွာနှင့် ယုံကြည်စိတ်ချရသူများထံ အသိပေးအပ်နှံပါ။

-ကလေးအား မိမိ၏အိမ်လိပ်စာ၊ မိဘအား ဆက်သွယ်ရန် ဖုန်းနံပါတ်များအား အလွတ်ရရှိရေး သင်ကြားထားပါ။

-ကလေးသူငယ်၏ ထိတွေ့ကိုင်တွယ်ရန် မသင့်လျော်သည့် ပါးစပ်၊ရင်ဘတ်၊ လိင်အင်္ဂါ၊ စအို၊ တင်ပါးစသည့် ခန္ဓာကိုယ်အစိတ်အပိုင်းများအား တစ်စုံတစ်ဦးမှ ကိုင်တွယ်ပါကငြင်းဆန်တတ်အောင် သင်ကြားပေးပါ။

-ကလေး၏ ထူးခြားမှုကို အမြဲသတိပြုပြီး ဂရုတစိုက် မေးမြန်းပါ။

#### ကလေးသူငယ်များမှ ဆောင်ရွက်ရန်

-ကလေးသူငယ်၏ထိတွေ့ကိုင်တွယ်ရန်မသင့်လျော်သည့် ခန္ဓာကိုယ်အစိတ်အပိုင်းအား တစ်စုံတစ်ဦးမှ ကိုင်တွယ်ခြင်း၊ မလျော်မကန်ပြုမူခြင်းဆောင်ရွက်လာပါက ငြင်းဆန်ရန်၊ အော်ဟစ် အကူအညီတောင်းရန်၊ ထွက်ပြေးရန်နှင့် ယုံကြည်ရသူ တစ်ဦးဦးအား ပြောပြတိုင်ကြားရန်။




### ဖြစ်ပွားသည်ကို သံသယရှိ / သိရှိပါက / လက်ခံရရှိပါက / မျက်မြင်တွေ့ရှိပါက

အမြန်ဆုံးတိုင်ကြားနိုင်ရေးကိုဆောင်ရွက်ရန် အလွန်အရေးကြီးပါသည်-

- ရပ်ကွက် / ကျေးရွာအုပ်ချုပ်ရေးမှူး / အဖွဲ့အစည်းများထံ အကြောင်းကြားရန်၊
- ရဲစခန်းသို့ ချက်ချင်းတိုင်ကြားရန်၊
- အစိုးရကျန်းမာရေးဌာန / ဆေးရုံသို့ သွားရန်၊
- သက်ဆိုင်ရာ ရဲစခန်းသို့ သက်သေခံပစ္စည်းဟု ယူဆရသည့် အရာမှန်သမျှကို မူလအတိုင်း တစ်ပါတည်းယူဆောင်လာရန်၊
- လူမှုဝန်ထမ်းဦးစီးဌာနသို့ ဆက်သွယ်ရန်။




- ကျူးလွန်ခံရသည်ဟုသံသယရှိသော ကလေးငယ်အား ပစ်ပယ်မထားဘဲလုံခြုံဘေးကင်းရာထားရှိပို့ဆောင်ပေးပါ။
- ကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်အားပေးမှုများ လိုအပ်ပါသည်။
- ကျူးလွန်ခံရသူကို အပြစ်တင်ခြင်း မပြုရ။
- ကျူးလွန်ခံရသူ၏ ဆန္ဒမပါဘဲ အတင်းအကျပ် လက်ထပ်ထိမ်းမြားပေးခြင်း မပြုရ။

# နိုင်ငံတစ်ဝန်း Influenza A(H1N1) ကြောင့် သေဆုံးသူ ၂၁ ဦး ရှိပြီဖြစ်

ရန်ကုန် ဇူလိုင် ၂

**မိုးရာသီ၏ ရာသီတုပ်ကွေးရောဂါ Influenza A(H1N1)pdm 09 ကြောင့် ဇူလိုင် ၁ ရက်အထိ ကျန်းမာရေးစစ်တမ်းများအရ သေဆုံးသွားသောလူနာသည် နိုင်ငံနှင့်တစ်ဝန်းတွင် ၂၁ ဦး ရှိနေပြီး ပိုးတွေ့လူနာအများစုသည် အမျိုးသားအများစုဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ(နေပြည်တော်) မှ သိရသည်။**

ယခုအခါတွင် ရာသီတုပ်ကွေးရောဂါ Influenza A(H1N1)pdm 09 ကြောင့် နိုင်ငံနှင့်တစ်ဝန်း၌ ဇူလိုင် ၁ ရက်အထိ ကျန်းမာရေးစာရင်းများအရ သေဆုံးလူနာ ၂၁ ဦး ရှိနေပြီဖြစ်ကြောင်း၊ ယင်းတွင် ရန်ကုန်တိုင်းဒေသကြီး၌ ၁၈ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၌နှစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ တစ်ဦး တို့ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဆေးရုံတက်လူနာအနက် ရောဂါစစ်ဆေးသူ ၂၃၆ ဦးတွင် Influenza A(H1N1)pdm 09 ပိုး တွေ့ရှိသူ ၉၉ ဦး၊ Influenza A/H3 ပိုးတွေ့ရှိသူ ရှစ်ဦးရှိကြောင်း၊ ရောဂါပိုးတွေ့လူနာများတွင် အများစုသည် အမျိုးသားများဖြစ်ကြောင်း သိရသည်။

"သေဆုံးသွားတဲ့သူက ဇူလိုင် ၁ ရက်အထိ တစ်နိုင်ငံလုံးမှာ ၂၁ ဦး ရှိတယ်။ ဒီလိုသေဆုံးမှုတွေရှိနေလို့ အလွန်စိုးရိမ်မနေကြပါနဲ့။ သေသွားတဲ့လူတွေမှာ ရောဂါအခံတွေလည်း ရှိနေပါတယ်။ ကိုယ်ခံအားနည်းတော့ ရောဂါဝင်တာပေါ့။ အဓိကကတော့ ကိုယ်ကိုယ်တိုင်ကစပြီးကာကွယ်ဖို့ လိုပါတယ်။ ဒါဆို ပတ်ဝန်းကျင်ကို မပြန့်ပွားတော့ဘူးပေါ့။ ဒါကြောင့် နှာချေတိုင်း၊ ချောင်းဆိုးတိုင်းမှာ ပါးစပ်နဲ့နှာခေါင်းကို လက်ကိုင်ပဝါ၊ တစ်သျှူးစတဲ့ အကာအကွယ်တွေနဲ့ သေချာစွာဖုံးအုပ်ကြပါ။



ဒေါက်တာ ဒေါ်ခင်ခင်ကြီး

အပြင်ကပြန်လာပြီဆို ဘာမှမကိုင်တွယ်မီ ရေ၊ ဆပ်ပြာတို့နဲ့ လက်ကို သေချာစွာဆေးပါ။ လက်ဆေးအဆီ ဆောင်ထားပါ။ လူစုလူဝေးကို ဒီကာလတွေမှာ တတ်နိုင်သမျှရှောင်ကြဉ်ပါ၊ ကိုယ့်အိမ်မှာပဲနေကြပါ။ အလုပ်မှာ နှာစေး၊ ချောင်းဆိုးသူရှိနေရင် အနည်းဆုံးခြောက်ပေအကွာမှာနေကြပါ။ အိပ်ရေးဝဝအိပ်၊ လေဝင်လေထွက်ကောင်းတဲ့ နေရာမှာနေပါ။ အာဟာရပြည့်ဝအောင်စားပါ။ သင့်တင့်တဲ့ လေ့ကျင့်ခန်းလုပ်ပါ။ အဓိကက ကိုယ်ခံအားကောင်းအောင် နေထိုင်ကြပါလို့ ပြောလိုပါတယ်"ဟု ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ (နေပြည်တော်)ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်ခင်ခင်ကြီးက ပြောသည်။

အဆိုပါ သေဆုံးလူနာများတွင် အများစုသည် အသက်ခြောက်လနှင့် တစ်နှစ်အောက်ကလေးငယ်များနှင့် အသက် (၆၅)နှစ်အထက်ရှိ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါများဖြစ်သော ဆီးချို၊ သွေးတိုး၊ နှလုံး၊ အဆုတ်၊ ကျောက်ကပ်နှင့် အခြားသက်ကြီးရောဂါအခံရှိသောလူများနှင့် ကိုယ်ခံအားနည်းနေသူများ အများဆုံးပါဝင်ကြောင်း သိရသည်။ ရာသီတုပ်ကွေးရောဂါ Influenza A(H1N1)pdm 09 အတွက် ရောဂါကာကွယ်ဆေးရှိသော်လည်း ဆေးထိုးပြီးကာကွယ်ထားလျှင် ၅၀ ရာခိုင်နှုန်းအောက်သာလျှင်ကာကွယ်နိုင်ပြီး ကိုယ်ခံအားကောင်းကောင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုများဖြင့်သာ အဓိကကာကွယ်ရမည် ဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ (နေပြည်တော်) မှ သိရသည်။

**သတင်း- မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ-မျိုးကြီး**

# စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်နှင့် အကြီးတန်းစာရေး ဒေါ်ညိုညိုဝင်း (ခ) မညိုတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ

**နေပြည်တော် ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် မင်းကျောင်းကျေးရွာအုပ်စုရှိ မြေကွက်နှင့် ဆန်စက်အတွက် တံဆိပ်ခေါင်းဖိုး ကျသင့်ငွေကျပ်သိန်း ၃၀ ကို မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်အောင်အား လက်ရောက်ပေးအပ်ခဲ့ပြီး မြန်မာ့စီးပွားရေးဘဏ်သို့ ငွေသွင်းချလန်အရ နိုင်ငံတော်ရငွေတွင် ငွေကျပ်၁၈၇၈၀၀၀/- ဖြစ်၍ ပိုငွေကျပ် ၁၁၂၂၀၀၀/- ကို ၎င်းနှင့် ရုံးအဖွဲ့အတွက်ဟုဆိုကာ ငွေကြေးရယူခဲ့မှုအပေါ် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်သည် ရွှေဘိုမြို့မင်းကျောင်းကျေးရွာအုပ်စု ကွင်းအမှတ်(၂၈၁၀)၊ တပ်မြို့တောင်ကွင်း၊ ဦးပိုင်အမှတ် A.2(21) ဧရိယာ (၀ ဒသမ ၂၂၉)ကေနှင့် A.2(52) ဧရိယာ (၀ ဒသမ ၂၃၀)ကေ စုစုပေါင်း မြေကွက် နှစ်ကွက်ဧရိယာ (၀ ဒသမ ၄၅၉)ကေနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦတို့အား ကာလတန်ဖိုးသတ်မှတ်ခြင်းနှင့် တံဆိပ်ခေါင်းခွန် ငွေပေးသွင်းရန်အတွက် ငွေကျပ်သိန်း ၃၀ ကို ပိုင်ရှင်၏ကိုယ်စားလှယ်ထံမှ တောင်းခံရယူခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ် မေလ ၂၉ ရက် ရက်စွဲပါ ပိုင်ရှင်အမည်ဖြင့် မြန်မာ့စီးပွားရေးဘဏ်သို့ အမှန်တကယ်တံဆိပ်ခေါင်းခွန် ပေးသွင်းသည့် ငွေသွင်းချလန်တွင် တံဆိပ်ခေါင်းခွန်ကျသင့်ပေးသွင်းငွေမှာ ၁၈၇၈၀၀၀/-သာဖြစ်၍ ပိုငွေကျပ် ၁၁၂၂၀၀၀/-အား ရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်အောင်အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရလည်းကောင်း၊ အကြီးတန်းစာရေး ဒေါ်ညိုညိုဝင်း (ခ) မညိုသည် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်အောင်မှ အဂတိလိုက်စားမှုကျူးလွန်ရာတွင် အတူပူးပေါင်းကြံစည်ခြင်း၊ အားပေးကူညီခြင်းများ ဆောင်ရွက်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ရွှေဘိုမြို့နယ်အခွန်ဦးစီးဌာနမှ အကြီးတန်းစာရေး ဒေါ်ညိုညိုဝင်း (ခ) မညိုအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆/ ၆၃ အရလည်းကောင်း စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂**

မြစ်ကြီးနားခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁ ရက် နံနက် ၁၁ နာရီက မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် မော်တော်ယာဉ်ရပ်နားစခန်းဝင်းအတွင်းတွင် မလှမြိုင်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅၀၊ ဘိန်းဖြူဂရမ် ၄၄၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ည ၇ နာရီက မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ဖဝါကျေးရွာအထွက် မော်ပုံ- တောမော် သွားလမ်းတွင် လခရီတူးမိုင်မောင်းနှင်ပြီး မုန်ဂါလလိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူဂရမ် ၂၄၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ မော်ပုံကျေးရွာရှိ ၎င်းတို့၏နေအိမ်ကိုဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၅၀ ကိုလည်းကောင်း။

ညနေ ၆ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၁၈)မန္တလေး(တောင်ပိုင်း)မှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာအနီးလမ်းမပေါ်တွင် သောင်းရွှေ(ခ)ဦးသောင်းအား ဆိုင်ကယ်နှင့်အတူတွေ့ရှိ၍ စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၇၇၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့မွန်းလွဲပိုင်းက မူးယစ်တပ်ဖွဲ့စု(၄၁)ရန်ကုန်(အရှေ့ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် ရပ်ရှင်ရုံအနီးတွင် တွေ့ရှိသူ ရန်နိုင်ဦးအား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁)ရပ်ကွက်နေ နော်လွန်(ခ)နော့်နော်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းကိုမတွေ့ရှိဘဲ ဇနီးဖြစ်သူ မခင်ဝင့်ဝင့်ပန်ကို တွေ့ရှိရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၁၅ ပြား၊ အိုက်စ် ၆ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# လေပြင်းတိုက်မှုကြောင့် နေအိမ်ပျက်စီးမှုများဖြစ်ပေါ်

**ဇလွန်**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ဖားလက်ခိုကျေးရွာအုပ်စုအတွင်း ယနေ့ နံနက် ၆ နာရီခန့်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်ခြောက်လုံးပြိုလဲ၍ သုံးလုံးအမိုးလန်ခဲ့ကာ စုစုပေါင်းလူနေအိမ်ကိုးလုံး လေဘေးသင့်ဒဏ်ခံရမှုများ ဖြစ်ပေါ်ခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ငါးသိုင်းချောင်း**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ မျက်တိုကျေးရွာအုပ်စု တောင်ယာတန်းကျေးရွာ၌ ဇူလိုင် ၁ ရက် ညနေ ၅ နာရီက မိုးသက်လေပြင်းကျရောက်မှုကြောင့် ကျေးရွာအတွင်းရှိ သွပ်မိုးပျဉ်ထောင်နေအိမ်တစ်လုံးမှ အမိုးဒိုင်းတန်းများနှင့် သွပ်မိုးများလွင့်စဉ်၍ အနီးရှိ ဓနိမိုးထရံကာနေအိမ်အနောက်ဘက်ခြမ်းသို့ ကျရောက်ပျက်စီးခဲ့ရာ စုစုပေါင်း နေအိမ်နှစ်လုံး ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ နေအိမ်နှစ်လုံးရှိ အိမ်ထောင်စုဝင်များမှာ ကျေးရွာအတွင်းရှိ ဆွေမျိုးသားချင်းများ၏ နေအိမ်များတွင် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ ဖြစ်စဉ်ကြောင့် လူနှင့် တိရစ္ဆာန်ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ဇွန်လအတွင်း မိုးကြိုးပစ်မှုသုံးကြိမ်ဖြစ် နှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိ

**မုံရွာ ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြီးခဲ့သည့် ဇွန်လအတွင်းက မိုးကြိုးပစ်မှုကြောင့် နှစ်ဦးသေဆုံးခဲ့ပြီး တစ်ဦးဒဏ်ရာရရှိခဲ့ခြင်းကြောင့် ထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့ရကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးစဝီလီဖရန့်၏ ပြောကြားချက်အရ သိရသည်။

မိုးကြိုးပစ်မှုအနေဖြင့် ဇွန် ၂ ရက်တွင် စစ်ကိုင်းမြို့နယ် တစ်အိမ်တည်းကျေးရွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူတစ်ဦးသေဆုံးခဲ့ကြောင်း၊ ဇွန် ၈ ရက်တွင် ဖောင်းပြင်မြို့နယ် ရွှေထီးကုန်းကျေးရွာ၌ မိုးကြိုးပစ်မှုကြောင့် လူတစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ဇွန် ၂၆ ရက်တွင် မုံရွာမြို့ ရွှေပြည်အေးရပ်ကွက်တွင် မိုးကြိုးပစ်ခဲ့ပြီး လူတစ်ဦးသေဆုံးခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် ဇွန်လကုန်အထိ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ကိုးခုတွင် မိုးကြိုးပစ်မှုကိုးကြိမ် ဖြစ်ပွားခဲ့ရာ လူခြောက်ဦးသေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှုခုနစ်ဦးအထိ ရှိခဲ့ကြောင်းနှင့်သေဆုံးသူတစ်ဦးလျှင် ငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ ဒဏ်ရာရရှိပြီး ဆေးရုံသို့ဆေးကုသသူတစ်ဦးလျှင် ငွေကျပ်ငါးသောင်းကိုလည်းကောင်း စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂-** နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**

## မြန်မာ့ရုပ်မြင်သံကြား

၃- ၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - "မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ" (စတုတ္ထပိုင်း)
- ၉း၃၅ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ (သရုပ်ဆောင်- အကယ်ဒမီ စိုးပြည့်သဇင်)
- ၁၀း၃၀ - မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ
- ၁၂း၃၀ - ဓာတ်ငွေ့ယိုစိမ့်မှုနှင့် ကာကွယ်ရန်အချက်များ
- ၁၄း၁၀ - အန္တရာယ်ကြီးမား မူးယစ်ဆေးဝါး
- ၁၄း၂၅ - "မသန့်စွမ်းစက်ချုပ်သမလေး၏ ဒိုင်ယာရီ"

**ညပိုင်း**

- ၁၆း၂၅ - မြို့တော်များရဲ့မြို့ပြ
- ၁၇း၃၀ - MRTV Travelogue
- ၁၇း၅၅ - လူညွှန့်တုံးစေသောအရာ
- ၁၈း၃၀ - ဘ၀ထဲက၀တ္ထု၊ ၀တ္ထုထဲကဘ၀ "မိန်းမတစ်ယောက်၏ သံသယ"
- ၁၉း၁၅ - "မျက်ရည်သွန်လို့ဘဝင်ညှိုး ဇူလိုင်တစ်ဆယ့်ကိုး"
- ၁၉း၃၀ - မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း-၃၀)(ဇာတ်သိမ်းပိုင်း)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - "မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ"
- ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၃)ရက်မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ "သုံးရာသီ အလှသဘာဝ ခေတ်အဆင်နှင့် ယနေ့အသွင် သံစဉ် ဖလှယ်ကြ ဂီတညီအစ်မ" (အကယ်ဒမီ ရွှေပန်းချီအငြိမ့်ဖျော်ဖြေပွဲ)(အပိုင်း-၁)

# အိန္ဒိယနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နံရံတစ်ခုပြိုကျရာ ၂၁ ဦးသေဆုံး

**နယူးဒေလီ ဇူလိုင် ၂**
အိန္ဒိယနိုင်ငံတွင် မုတ်သုံမိုးများ သည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မွမ်ဘိုင်းမြို့တွင် နံရံတစ်ခုပြိုကျခဲ့ရာ လူ ၂၁ ဦးထက်မနည်း သေဆုံးသွားကြောင်း သိရသည်။

နံရံပြိုကျမှုသည် ည ၂ နာရီခန့်တွင် ဖြစ်ပွားခဲ့ပြီး လူအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မွမ်ဘိုင်းမြို့ သဘာဝဘေးစီမံခန့်ခွဲရေးဆိုင်ရာ ဒေသန္တရအာဏာပိုင်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ တာနာဂျီ ကမ်ဘဲလ်က ပြောကြားခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဒေသခံပြည်သူ သန်း ၂၀ နေထိုင်သည့် ကမ်းခြေရှိ အခြေချအိမ်ရာများ ရေနစ်မြုပ်ခဲ့ပြီး မြို့တွင်းရှိ လုပ်ငန်းဆောင်ရွက်မှုများကို ရပ်ဆိုင်းစေခဲ့သည်။ အာဏာပိုင်များက ဇူလိုင် ၃ ရက်ကို အများပြည်သူရုံးပိတ်ရက်အဖြစ်ကြေညာလိုက်ပြီး ဒေသခံပြည်သူများအားလုံး အပြင်မထွက်ကြရန် အကြံပြုတိုက်တွန်းထားသည်။ ကျောင်းများနှင့် ကောလိပ်များကိုလည်း ပိတ်ထားရပြီး မွမ်ဘိုင်း လေဆိပ်မှ ပျံသန်းထွက်ခွာမည့် လေကြောင်းခရီးစဉ်ပေါင်း ၁၀၀ ကျော်ကိုလည်း ဖျက်သိမ်းခဲ့သည်။

ဇူလိုင် ၁ ရက်မတိုင်မီ ညသန်းခေါင်အချိန်က ခရီးသည် ၁၆၇ ဦးကို တင်ဆောင်လာသည့် ဂျက်လေယာဉ် ပြေးလမ်းချော်မှုဖြစ်ပွားခဲ့ပြီးနောက်တွင် လေဆိပ်၏ အဓိကပြေးလမ်းကို ပိတ်ထားခဲ့သည်။

လတ်တလောတွင် ဒုတိယပြေးလမ်းကို အသုံးပြုလျက်ရှိရာ အဓိကပြေးလမ်းကို ပြန်လည်အသုံးပြုနိုင်ရန် သက်ဆိုင်ရာအဖွဲ့က အစွမ်းကုန်ကြိုးစားနေပြီး နှစ်ရက်ခန့် အချိန်ယူရမည်ဖြစ်ကြောင်း လေဆိပ်တာဝန်ရှိသူများက တွစ်တာပေါ်တွင် ရေးသားဖော်ပြခဲ့သည်။

ရေလွှမ်းမိုးမှုကြောင့် ရထားပို့ဆောင်ရေးလုပ်ငန်းများကိုလည်း အနှောင့်အယှက်ဖြစ်စေခဲ့သည်။ မွမ်ဘိုင်းမြို့မြောက်ပိုင်းရှိ ဆင်ခြေဖုံးရပ်ကွက်၌ ပြိုကျသွားသည့် နံရံ၏အပျက်အစီးများအောက်တွင် နောက်ထပ်ပိတ်မိနေသူများရှိမရှိ သိရှိရေးအတွက် ကယ်ဆယ်ရေးအဖွဲ့ဝင်များက ကြိုးပမ်းနေကြောင်း သိရသည်။

**အေအက်ဖ်ပီ**


ပြိုကျနံရံအနီးတွင် ကယ်ဆယ်ရေးအဖွဲ့ဝင်အချို့ကို တွေ့ရစဉ်။

# အီရန်မှ စွမ်းအင်ဝယ်ယူရာတွင် အမေရိကန်၏ပိတ်ဆို့မှုမှရှောင်ရှားနိုင်ရန် အီရတ်ကြိုးပမ်းနေ

**ဘဂ္ဂဒက် ဇူလိုင် ၂**
အမေရိကန်ကပိတ်ဆို့မှုများ ပြုလုပ်နေစဉ် အီရန်နိုင်ငံမှ လျှပ်စစ်နှင့်ဓာတ်ငွေ့များ ဆက်လက် ဝယ်ယူခွင့်ရရေးအတွက် အီရတ်နိုင်ငံသည် ဘဏ္ဍာရေးအရ လွတ်လမ်းတစ်ခုကို တည်ထောင်လျက်ရှိကြောင်း သိရသည်။

SPV ဟုခေါ်သည့် အထူးရည်ရွယ်ချက် ယန္တရားအရ အီရန်မှ လျှပ်စစ်နှင့်ဓာတ်ငွေ့များ ဝယ်ယူသည့်အခါ အီရတ်သုံးငွေကြေးနှင့် ပေးချေမည်ဖြစ်သည်။ အဆိုပါငွေဖြင့် အီရန်တို့သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းများ ဝယ်ယူရန်အသုံးပြုနိုင်လိမ့်မည်ဟု အီရတ် အဆင့်မြင့်အရာရှိကြီး သုံးဦးကပြောသည်။

ထိုသို့ပြုလုပ်ခြင်းဖြင့် အီရတ်နိုင်ငံတွင်လည်း လျှပ်စစ်ပုံမှန်ရရှိမည်ဖြစ်ကာ အမေရိကန်၏ ပိတ်ဆို့မှုများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ အီရန်၊ အီရတ်နှင့်အမေရိကန် အရာရှိများအကြား ဆွေးနွေးမှုမှတစ်ဆင့် ယခုလိုရလဒ် ထွက်ပေါ်လာခြင်းဖြစ်ကြောင်း အဆင့်မြင့် အရာရှိကြီးတစ်ဦးက အေအက်ဖ်ပီသို့ ပြောသည်။

အီရန်နိုင်ငံမှ ဓာတ်ငွေ့များဝယ်ယူရာတွင် အီရတ်နိုင်ငံအတွင်းရှိ အထူးဘဏ်အကောင့်ဖြင့် အာမခံငွေများဖြင့် ပေးချေရမည်ဖြစ်ပြီး အီရတ်နိုင်ငံသုံးငွေကြေးဖြင့်အသုံးပြုမည်ဟု အာဏာပိုင်များက ပြောသည်။ အီရန်သည် ဘဏ်တွင်ထားသည့်ငွေများကိုထုတ်ယူခွင့်ရမည်မဟုတ်သော်လည်း အီရတ်နိုင်ငံ ပြင်ပမှ ကုန်ပစ္စည်းများ ဝယ်ယူရာတွင်မူ အသုံးပြုနိုင်ကြောင်း ၎င်းက ဆက်ပြောသည်။


အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ဆာဒေါင်လမ်း လျှပ်စစ်ကြိုးများ စစ်ဆေးနေသူတစ်ဦးကို တွေ့ရစဉ်။

အမေရိကန်သည်လည်း အဆိုပါယန္တရားနှင့်ပတ်သက်ပြီး သတိထားမှုများရှိကြောင်း အမေရိကန်အရာရှိတစ်ဦးကပြောသည်။ ဘဂ္ဂဒက်မြို့ရှိ အမေရိကန်သံရုံးကမူ ယင်းကိစ္စနှင့်ပတ်သက်ပြီး မှတ်ချက်ချပြောဆိုခဲ့ခြင်းမရှိပေ။ အီရတ်နိုင်ငံသည် အီရန်နိုင်ငံမှ ဓာတ်ငွေ့နှင့် လျှပ်စစ်များဝယ်ယူခဲ့မှုအတွက် အမေရိကန် နှစ်ဘီလီယံခန့် ပေးချေစရာရှိသေးသည်။ အီရတ်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီး နှစ်ဦးကမူ အဆိုပါ ယန္တရားကို အမေရိကန်၏ အသိအမှတ်ပြုမှုဖြင့် ဆောင်ရွက်ခဲ့သည်ဟု ပြောကြားခဲ့သည်။ သို့သော် အီရန်သို့ငွေပေးချေမှုများ စတင်ပြုလုပ်နေပြီ ဟုတ်မဟုတ်ကိုမူ ဖြေကြားခဲ့ခြင်းမရှိပေ။

**အေအက်ဖ်ပီ**

## ဥရောပထုတ်ကုန်များကို အခွန်စည်းကြပ်ရန် အမေရိကန် အဆိုပြု

**ဝါရှင်တန် ဇူလိုင် ၂**
အမေရိကန်ပြည်ထောင်စုက ဇူလိုင် ၂ ရက်တွင် ဥရောပသမဂ္ဂမှ တင်ပို့ကုန်များအပေါ် အမေရိကန်ဒေါ်လာ လေးဘီလီယံဖိုး အခွန်တိုးမြှင့်ကောက်ခံရန် အဆိုပြုလိုက်ကြောင်း သိရသည်။အခွန်စည်းကြပ်မည့် တင်ပို့ကုန်များစာရင်းတွင် ဒိန်ခဲ၊ စကော့နှင့် အိုင်းရစ်ဝီစကီနှင့် အသားများ ပါဝင်သည်။

အခွန်စည်းကြပ်မှုပြုလုပ်သွားမည့် တင်ပို့ကုန်များစာရင်းတွင် ဝက်အူချောင်းများ၊ အီတလီခေါက်ဆွဲခြောက်များ၊ ဝက်ပေါင်ခြောက်များနှင့် အခြားပစ္စည်းများပါဝင်သည်။ ဥရောပသမဂ္ဂက အရပ်ဘက် လေကြောင်းကုမ္ပဏီကို ထောက်ပံ့ကြေးပေးအပ်မှုများ ပြုလုပ်သည့်အတွက် အခွန်စည်းကြပ်ရန် လုပ်ဆောင်ရခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဝါရှင်တန်နှင့် ဘရပ်ဆဲလ်တို့သည် လေကြောင်းကုမ္ပဏီကြီးများဖြစ်ကြသည့် ဘိုးရင်းနှင့် အဲဘတ်စ်တို့ကို အသီးသီးထောက်ပံ့ကြေး ပေးအပ်နေသည်ဟု ဆိုကာ တစ်ဖက်နှင့်တစ်ဖက် ၁၄ နှစ်ကြာအောင် အပြန်အလှန်စွပ်စွဲခဲ့ကြသည်။ ဝါရှင်တန်နှင့် ပေကျင်းတို့အကြား အပြန်အလှန် အခွန်တိုးမြှင့်ကောက်ခံမှုများ ဖြစ်စေခဲ့သည့် ကုန်သွယ်ရေးစစ်ပွဲတစ်ခုဖြစ်ပေါ်နေချိန်အတွင်း အမေရိကန်နှင့် ဥရောပသမဂ္ဂတို့၏ ကုန်သွယ်ရေးဆိုင်ရာ ကတောက်ကဆဖြစ်မှု ထပ်မံပေါ်ပေါက်လာခြင်းဖြစ်သည်။

**အေအက်ဖ်ပီ**

## ကူဝိတ်နိုင်ငံက ရေနံစိမ်းထုတ်လုပ်မှုကို တိုးမြှင့်မည်

**ကူဝိတ် ဇူလိုင် ၂**
ကူဝိတ်နိုင်ငံသည် ရေနံစိမ်းထုတ်လုပ်မှုကို တစ်ရက်လျှင် ရေနံစည်ပေါင်းတစ်သိန်းအထိ တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း အမျိုးသားရေနံကော်ပိုရေးရှင်းက ဇူလိုင် ၂ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန် ရေနံကုမ္ပဏီ ဟာလီဘာတန်နှင့် လက်မှတ်ရေးထိုးလိုက်သည့် ကန်ထရိုက်စာချုပ်ကြောင့် ကူဝိတ်နိုင်ငံအတွင်း ရေနံစိမ်းထုတ်လုပ်မှုကို တစ်ရက်လျှင် စည်ပေါင်း တစ်သိန်းခန့်အထိ တိုးလာစေမည်ဟု မျှော်လင့်ရကြောင်း ကူဝိတ်ရေနံကုမ္ပဏီ KOC မှ အမှုဆောင်ချုပ် အီမက်အယ်လ်စူလ်တန်က အမေရိကန်ရေနံကုမ္ပဏီ ဟာလီဘာတန်နှင့် ကန်ထရိုက်စာချုပ်လက်မှတ်ရေးထိုးမှုဆိုင်ရာ သတင်းစာ ရှင်းလင်းပွဲပြုလုပ်စဉ်အတွင်း ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက KOC သည် ကူဝိတ်ငွေ ဒိုင်နာ ၁၈၁ သန်း (အမေရိကန် ဒေါ်လာ ၅၉၇ သန်း) တန်ဖိုးရှိသည့် ကန်ထရိုက်စာချုပ်ကို ဟာလီဘာတန်ကုမ္ပဏီနှင့် ချုပ်ဆိုခဲ့သည်။ ဟာလီဘာတန်ကုမ္ပဏီသည် ကမ္ဘာ့အကြီးဆုံး ရေနံကုမ္ပဏီများအနက် တစ်ခုအပါအဝင်ဖြစ်သည်။

**ဆင်ဟွာ**



ကူဝိတ်ရေနံကုမ္ပဏီ KOC အမှုဆောင်ချုပ် အီမက်အယ်လ်စူလ်တန်။

# တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများကို ဖယ်ရှားမှု မကြာခင်စတင်မည်ဟု ထရမ့်ပြော

**ဝါရှင်တန် ဇူလိုင် ၂**
အမေရိကန်ရှိ မြို့ပေါင်း ၁၀ ခုတွင် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများအား ဖယ်ရှားခြင်းကို ဇူလိုင် ၄ ရက်နောက်ပိုင်းတွင် စတင်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တနင်္လာနေ့က အိမ်ဖြူတော်တွင် သတင်းထောက်များအား ထရမ့်က ပြောကြားခဲ့သည်။

ရွှေ့ပြောင်းနေထိုင်သူများ အမေရိကန်အတွင်းသို့ ခိုးဝင်ကြခြင်းကို တားဆီးနိုင်ရေးအတွက် အမေရိကန်နှင့်မက္ကဆီကိုနယ်စပ်တွင် တံတိုင်းဆောက်လုပ်ရန် ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံတန်ဖိုးရှိ ရန်ပုံငွေအတွက် လက်မှတ်ရေးထိုးစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သည့်လကလည်း သမ္မတထရမ့်သည် တရားမဝင်နေထိုင်သူများကို ဖယ်ရှားမည်ဟု ကြေညာခဲ့သော်လည်း နှစ်ပတ်ခန့် နှောင့်နှေးခဲ့ရသည်။ တရားမဝင် နေထိုင်သူများရှင်းလင်းခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်အဖွဲ့အစည်းဖြစ်သည့် ICE ကစီစဉ်မည်ဖြစ်ပြီး လော့စ်အိန်ဂျလိစ်၊ ဟူစတန်၊ ချီကာဂို၊ မိုင်ယာမီ၊ နယူးယောက်နှင့် ဆန်ဖရန်စစ္စကိုတို့အပါအဝင် မြို့ကြီး ၁၀ မြို့မှ တရားမဝင်နေထိုင်သူမိသားစု ၂၀၀၀ ခန့်ကို နယ်နှင်ဒဏ်ပေးခြင်း ပြုလုပ်သွားမည်ဖြစ်သည်။

တရားမဝင် နေထိုင်သူများကို ဖယ်ရှားပြီး နယ်နှင်ဒဏ်ပေးသည့်အတွက် မိသားစုများ တစ်ကွဲတစ်ပြားစီ ဖြစ်သွားမည်ကိုလည်းစိုးရိမ်ကြသည်။ ချီကာဂိုနှင့် လော့စ်အိန်ဂျလိစ်မြို့မှ မြို့တော်ဝန်များသည် ယခုပြုလုပ်မည့် စီးနင်းမှုများတွင် ကူညီပေးလိမ့်မည်မဟုတ်ဟု ပြောကြားခဲ့သည်။

ဖမ်းဆီးမှုများ ပြုလုပ်သည့်အခါ တရားမဝင်နေထိုင်သည့်မိသားစုများသည် ICE မိသားစုထိန်းသိမ်းရေးစင်တာသို့ ပြောင်းရွှေ့နေထိုင်ရမည်ဖြစ်သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### မက္ကဆီကို နိုင်ငံတွင် မိုးသီးမုန်တိုင်းကျရောက်

**မက္ကဆီကိုစီးတီး ဇူလိုင် ၂**

မက္ကဆီကိုနိုင်ငံရှိ လူဦးရေထူထပ်သည့် ဂွါဒါလာဂျာရာမြို့တွင် ဇွန် ၃၀ ရက်က မိုးသီးမုန်တိုင်းကျရောက်ခဲ့ကာ ဒေသခံများ ထိတ်လန့်ခဲ့ရသည်။

မိုးသီးများ တရစပ်ကျလာပြီး မြေပြင် နှစ်မီတာခန့်မှာ မိုးသီးများနှင့် ဖုံးလွှမ်းသွားခဲ့သည်။ ဒေသခံအချို့မှာလည်း မော်တော်ယာဉ်များအတွင်း ပိတ်မိခဲ့သည်။ ပြည်နယ်အုပ်ချုပ်ရေးမှူးဖြစ်သည့် အန်ရီကွီ အယ်ဖာရိုက ဂွါဒါလာဂျာရာပြည်နယ်တွင် ယခုလိုဖြစ်ရပ်မျိုး တစ်ခါမျှ မကြုံဖူးသေးကြောင်း ပြောခဲ့သည်။

ယခုလိုဖြစ်ရပ်မျိုးမှာ မယုံကြည်နိုင်လောက်ဖွယ်ဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုမှာ အမှန်ပင် ဖြစ်နေသည်ဟု ကိုယ့်ကိုယ်ကိုယ် ပြန်ပြောမိကြောင်း ၎င်းကဆက်ပြောသည်။ ဂွါဒါ လာဂျာရာမြို့သည် မက္ကဆီကိုစီးတီးမြို့ မြောက်ပိုင်းတွင်ရှိပြီး လူဦးရေငါးသန်းခန့်နေထိုင်သည်။

မကြာသေးမီရက်များအတွင်း နွေရာသီအပူချိန်မှာ ၃၁ စင်တီဂရိတ်ဝန်းကျင်ရှိခဲ့သည်။ မိုးသီးကျဆင်းမှုမှာ ဖြစ်ပွားလေ့ရှိသော်လည်း ယခုလို ဆိုးဆိုးရွားရွား မိုးသီးကျရောက်သည့် မှတ်တမ်းမျိုးမရှိသေးကြောင်း သိရသည်။ မိုးသီးကျဆင်းမှုကြောင့် နေအိမ်ပေါင်း ၂၀၀ ခန့်ပျက်စီးခဲ့ရပြီး မော်တော်ယာဉ် ၅၀ ခန့် ပျက်စီးခဲ့ရကြောင်း သိရသည်။

**အေအက်ဖ်ပီ**

### အာဖရိက ဝက်အပြင်းဖျားရောဂါ ကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်းလုပ်ငန်းများတွင် တရုတ် အောင်မြင်

**ပေကျင်း ဇူလိုင် ၂**

တရုတ်နိုင်ငံသည် အာဖရိက ဝက်အပြင်းဖျားရောဂါ ကာကွယ်ခြင်းနှင့်ထိန်းချုပ်ခြင်း လုပ်ငန်းများတွင် ပုံမှန်တိုးတက်မှုရရှိနေပြီဟု အဆင့်မြင့်အရာရှိကြီးတစ်ဦးက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

ဇွန် ၃၀ ရက်တွင် တရုတ်နိုင်ငံ၌ အာဖရိက ဝက်အပြင်းဖျားရောဂါ ဖြစ်ပွားမှု ၁၄၃ ခု ရှိသည်ဟု စိုက်ပျိုးရေးနှင့် ကျေးလက်ဒုတိယဝန်ကြီး ရီရှီရုံက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ကူးစက်ခံရသည့် ဒေသမှ ကူးစက်မှု ၁၃၀ ခုကိုလည်း ရှင်းလင်းနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ပြည်နယ်ပေါင်း ၂၅ ခုတွင်လည်း ကူးစက်ခံရသည့် ဒေသများကို ရှင်းလင်းခဲ့ပြီးဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ကူးစက်ရောဂါကို သေချာစွာ စောင့်ကြည့်နေပြီး တရုတ်နိုင်ငံသည် နိုင်ငံရပ်ခြားသို့ ရောဂါပျံ့နှံ့ခြင်းကို ကာကွယ်ရန်လည်း အထူးဂရုပြုလုပ်ဆောင်နေသည်။ ဆိပ်ကမ်းဝင်ပေါက်များတွင်လည်း စစ်ဆေးမှုများ၊ ရောဂါဖြစ်ပွားနေသော တိရစ္ဆာန်များကို သီးခြားခွဲထားခြင်းများ ပြုလုပ်နေကြောင်း ၎င်းက ဆက်ပြောသည်။

**ဆင်ဟွာ**

# မီးနဲ့ ကစားနေခြင်းလား

*ကလျာမိုးမြင့်*

**အမေရိကန်က စွန့်လွှတ်လိုက်တဲ့ ၂၀၁၅ နျူကလီးယားသဘောတူစာချုပ်အရ ကန့်သတ်ထားတဲ့ ယူရေနီယံပမာဏကို ကျော်လွန်ပြီး ထုတ်လုပ်နေကြောင်း အီရန်က ပြောကြားလိုက်တဲ့နောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်အနေနဲ့ ခုလိုလုပ်နေတာဟာ မီးနဲ့ကစားနေတာဖြစ်တယ်လို့ သတိပေးစကားဆိုလိုက်ပါတယ်။**

**ဖိအားပေးမှုအကျိုးဆက်လား**

ဒီကိစ္စနဲ့ပတ်သက်ပြီး အစ္စရေးနိုင်ငံက ဥရောပနိုင်ငံတွေကို အီရန်အပေါ် ဒဏ်ခတ်ပိတ်ဆို့မှုတွေလုပ်ကြဖို့ တိုက်တွန်းနေချိန် ရုရှားနိုင်ငံကတော့ စိတ်မကောင်းဖြစ်တဲ့လေသံမျိုးထွက်လာခဲ့ပြီး ဒီလိုဖြစ်လာတာဟာ ၂၀၁၅ နျူကလီးယားသဘောတူစာချုပ်ကို ပြိုလဲသွားစေတဲ့ အမေရိကန်ရဲ့ဖိအားပေးမှု အကျိုးဆက်တစ်ခုဖြစ်တယ်လို့ ဆိုပါတယ်။ သမိုင်းဝင်သဘောတူစာချုပ်ကနေ သွေဖည်တဲ့ နောက်ထပ်တယ်လိုခြေလှမ်းမျိုးမှ ထပ်မလှမ်းဖို့ ဗြိတိန်ကတော့ တီဟီရန်ကို တိုက်တိုက်တွန်းတွန်းပြောဆိုနေသလို ကုလသမဂ္ဂအဖွဲ့ကြီးကလည်း အီရန်အနေနဲ့ သဘောတူစာချုပ်အောက်မှာ ပေးခဲ့တဲ့ကတိကဝတ်တွေကို မဖြစ်မနေလိုက်နာစောင့်ထိန်းရမှာဖြစ်တယ်လို့ ပြောပါတယ်။

**နောက်ဆုတ်သွားနိုင်**

မေလအတွင်းက ကြေညာခဲ့တဲ့ အစီအစဉ်အပေါ်မှာ အခြေပြုပြီးတော့ အီရန်ဟာ ကန့်သတ်ထားတဲ့ ၃၀၀ ကီလိုဂရမ် ပမာဏကို ကျော်လွန်ခဲ့ပြီဖြစ်တယ်လို့ အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက်ဇာရစ်ဖ်က ISNA သတင်းအေဂျင်စီသို့ ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် ကန့်သတ်ပမာဏကျော်လွန်တဲ့ ယူရေနီယံထုတ်လုပ်မှုကို နောက်ဆုတ်ရင်လည်း ဆုတ်သွားနိုင်တယ်လို့ ၎င်းက ဖြေကြားထားပါတယ်။

အီရန်ဟာ ၎င်းတို့ဘာလုပ်နေတယ်ဆိုတာကို ၎င်းတို့ အသိဆုံးဖြစ်မှာပဲ။ ကျွန်ုပ်အထင်တော့ ဒါဟာအန္တရာယ်ကိုလက်ယပ်ခေါ်နေတာ၊ ပြောရရင် မီးနဲ့ကစားနေတာလို့ အိမ်ဖြူတော်မှာ သတင်းထောက်တွေက အီရန်အရေးနဲ့ပတ်သက်လို့ မေးလာကြတဲ့အပေါ် သမ္မတထရမ့်က ဖြေကြားလိုက်ပါတယ်။

**အီရန်ကြေညာ**

အမေရိကန်ပြည်ထောင်စုဟာ နျူကလီးယားသဘောတူစာချုပ်ကနေ မနှစ်ကပဲ နုတ်ထွက်လိုက်တာဖြစ်ပြီး အဲဒီလိုနုတ်ထွက်လိုက်ချိန်ကစလို့ အီရန်အပေါ် အရေးယူပိတ်ဆို့မှုတွေ ပြုလုပ်ခြင်းအားဖြင့် အီရန်ရဲ့အသက်သွေးကြောပမာဖြစ်တဲ့ ရေနံတင်ပို့မှုနဲ့ ငွေကြေးလွှဲပြောင်းမှုတွေကို အထိနာစေခဲ့ရုံသာမက တခြားကဏ္ဍတွေကိုပါ နစ်နာဆုံးရှုံးမှုတွေ ဖြစ်လာစေခဲ့ပါတယ်။ အဲဒီအခါမှာအီရန်ဟာ နျူကလီးယားသဘောတူစာချုပ်ကို အဖတ်ဆယ်နိုင်ဖို့ ကျန်ရှိနေသေးတဲ့ အဖွဲ့အစည်းတွေကို ဖိအားပေးဖို့ ကြိုးပမ်းခဲ့ပြီး မေ ၈ ရက်နေ့မှာတော့ ၎င်းအနေနဲ့ ယူရေနီယံထုတ်လုပ်မှုကို ကန့်သတ်ထားတဲ့စည်းကမ်းကို လေးစားလိုက်နာတော့မှာ မဟုတ်ကြောင်း ကြေညာလိုက်ပါတယ်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်



အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီ

**ကတိကဝတ်တွေကို စွန့်လွှတ်မည်**

ကျန်တဲ့မိတ်ဖက်တွေဖြစ်တဲ့ ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ဂျာမနီနဲ့ ရုရှားနိုင်ငံတွေက အရေးယူပိတ်ဆို့မှုတွေကို ရှောင်ရှားနိုင်ဖို့ မကူညီဘူးဆိုရင်၊ အထူးသဖြင့် အီရန်ရဲ့ရေနံရောင်းချဖို့ကို မကူညီဘူးဆိုရင် နောက်ထပ် နျူကလီးယားဆိုင်ရာ ကတိကဝတ်တွေကို စွန့်လွှတ်သွားတော့မယ်လို့ အီရန်ကခြိမ်းခြောက်နေပါတယ်။ အိမ်ဖြူတော်က ယခင်ပြောခဲ့ဖူးတဲ့ စကားတစ်ခွန်းရှိတယ်။ အဲဒါကတော့ အမေရိကန်ပြည်ထောင်စုနဲ့ မဟာမိတ်တွေဟာ အီရန်ကို နျူကလီးယားလက်နက်တွေ တိုးတက်ထုတ်လုပ်ခွင့်ဘယ်တော့မှ ပေးမှာမဟုတ်သလို ဖိအားတွေလည်း အကြီးအကျယ်ဆက်လက်ပေးသွားဖို့ ဇောင်းပေးနေတယ်ဆိုတာပါပဲ။

**အမှားတစ်ခု**

နျူကလီးယား သဘောတူစာချုပ်အောက်မှာ အီရန်ကို ဘယ်လောက်ပမာဏကန့်သတ်ထားသည်ဖြစ်စေ၊ ယူရေနီယံထုတ်လုပ်ခွင့်ပေးခဲ့တာကိုက အမှားတစ်ခုပဲလို့ အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး စတက်ဖနီ ဂရီရှမ်က ထုတ်ပြန်ချက်ထဲမှာဖော်ပြခဲ့ပါတယ်။ အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက်ဇာရစ်ဖ်ကတော့ အီရန်ဟာ ဘာတစ်ခုမှအမှားမလုပ်ခဲ့ဘူးလို့ ဆိုပါတယ်။ JCPOA ကို ကျွန်ုပ်တို့ မဖောက်ဖျက်ခဲ့ဘူးလို့ ၎င်းက တွစ်တာပေါ်မှာ တုံ့ပြန်ထားပါတယ်။

**တလွဲအသုံးချနေ**

ပြီးတော့ ဥရောပသုံးနိုင်ငံကသာ သူတို့ဘက်က တာဝန်သိစိတ်အတိုင်း လိုက်နာမယ်ဆိုရင် အီရန်ကဆုံးဖြတ်ချက်ကို ချက်ချင်းနောက်ပြန်ဆုတ်မှာလို့ ပြောကြားခဲ့ပါတယ်။ ၎င်းပြောချင်တဲ့ ဥရောပသုံးနိုင်ငံဆိုတာ ဗြိတိန်၊ပြင်သစ်နဲ့ ဂျာမနီနိုင်ငံတွေကို ဆိုလိုတာပါ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက အီရန်ဟာ နိုင်ငံတကာအဖွဲ့အစည်းကို ခြိမ်းခြောက်ငွေညှစ်ဖို့နဲ့ ဒေသတွင်းလုံခြုံရေးကို ထိပါးဖို့ ၎င်းရဲ့နျူကလီးယားအစီအစဉ်ကို တလွဲအသုံးချနေတာလို့ စွပ်စွဲလိုက်ပါတယ်။

နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ (IAEA) က အီရန်ဟာ စာချုပ်အရ ကန့်သတ်ထားတဲ့ ယူရေနီယံထုတ်လုပ်မှုပမာဏကို ကျော်လွန်ထုတ်လုပ်ခဲ့ကြောင်း အတည်ပြုပါတယ်။ ကုလသမဂ္ဂ နျူကလီးယားစောင့်ကြည့်အဖွဲ့အခြေစိုက်ရာဖြစ်တဲ့ ဗီယင်နာရှိ သံအမတ်ကြီးတစ်ဦးက အီရန်ရဲ့ ယူရေနီယံထုတ်လုပ်မှုဟာ ၃၀၀ ကီလိုဂရမ် (၆၆၁ ပေါင်) ပမာဏကို နှစ်ကီလိုဂရမ် ကျော်လွန်ခဲ့တယ်လို့ အေအက်ဖ်ပီသတင်းသို့ ပြောကြားခဲ့ပါတယ်။

**“နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) က အီရန်ဟာ စာချုပ်အရ ကန့်သတ်ထားတဲ့ ယူရေနီယံထုတ်လုပ်မှုပမာဏကို ကျော်လွန်ထုတ်လုပ်ခဲ့ကြောင်း အတည်ပြုပါတယ်။ ကုလသမဂ္ဂ နျူကလီးယားစောင့်ကြည့်အဖွဲ့အခြေစိုက်ရာဖြစ်တဲ့ ဗီယင်နာရှိ သံအမတ်ကြီးတစ်ဦးက အီရန်ရဲ့ ယူရေနီယံထုတ်လုပ်မှုဟာ ၃၀၀ ကီလိုဂရမ် (၆၆၁ ပေါင်) ပမာဏကို နှစ်ကီလိုဂရမ် ကျော်လွန်ခဲ့တယ်လို့ အေအက်ဖ်ပီသတင်းသို့ ပြောကြားခဲ့ပါတယ်”**

**ဗြိတိန်စိုးရိမ်**

ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂျီရက်ဘ်ကော့ဗ်က အီရန်ရဲ့ လုပ်ရပ်ဟာ စိတ်မကောင်းဖြစ်စေတဲ့ အခြေအနေတစ်ခုဖြစ်ရုံသာမက အမေရိကန်ဆီက မတရားဖိအားပေးမှုတွေရဲ့အကျိုးဆက်တစ်ခုလည်း ဟုတ်တယ်လို့ ၎င်းက ပြောခဲ့ပါတယ်။ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျရယ်မီဟန့်က ဒီလိုကိစ္စတွေဖြစ်လာတာနဲ့ပတ်သက်ပြီး ဗြိတိန်အနေနဲ့ အလွန်စိုးရိမ်ပူပန်မိပါကြောင်းနဲ့ နျူကလီးယားသဘောတူစာချုပ်အတိုင်း လိုက်နာဆောင်ရွက်ဖို့ အီရန်ကို တိုက်တွန်းကြောင်း တွစ်တာပေါ်မှာ ရေးသားခဲ့ပါတယ်။

**ပိတ်ဆို့အရေးယူဖို့တွန်းအားပေး**

အီရန်နျူကလီးယားအရေး စိုးရိမ်ပူပန်နေကြတဲ့အထဲ ကုလသမဂ္ဂအကြီးအကဲ အန်တိုနီယိုဂူတာရက်စ်လည်း ပါဝင်နေပြီး အီရန်က သဘောတူစာချုပ်နဲ့အညီ နေသွားဖို့ဟာအင်မတန်အရေးကြီးတယ်လို့ ၎င်းကဆိုပါတယ်။ ဒီလိုအချိန်မျိုးမှာ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုကတော့ ၎င်းနိုင်ငံရဲ့မဟာရန်သူဖြစ်တဲ့ အီရန်အပေါ် ဥရောပနိုင်ငံတွေက ဒဏ်ခတ်ပိတ်ဆို့ပြီး အရေးယူကြဖို့ တောက်လျှောက်တွန်းအားပေးနေပါတယ်။

လာမယ့် ဇူလိုင် ၇ ရက်ကစပြီး ယခင်သဘောတူထားတဲ့ အမြင့်ဆုံး ယူရေနီယံသန့်စင်ထုတ်လုပ်မှုပမာဏဖြစ်တဲ့ ၃ ဒသမ ၆၇ ရာခိုင်နှုန်းကို ကျော်လွန်တဲ့ ယူရေနီယံထုတ်လုပ်မှုကိုစတင်တော့မယ်လို့ အီရန်က ခြိမ်းခြောက်ထားပြီဖြစ်ပါတယ်။ပင်လယ်ကွေ့ဒေသအတွင်းမှာ အမေရိကန်တပ်ဖွဲ့ဝင်တွေ ပိုမိုအင်အားများလာမှုနဲ့ တိုက်ဆိုင်စွာ အီရန်လေပိုင်နက်ထဲ ကျူးကျော်တယ်ဆိုတဲ့အကြောင်းနဲ့ အမေရိကန်ဒရုန်းယာဉ်ကို အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ ပစ်ချခဲ့တဲ့ကိစ္စကလည်း ထပ်ဖြစ်လာပြီး တင်းမာမှုတွေဟာ လျော့မသွားတဲ့အပြင် တိုးသည်ထက်တိုးလာနေပြီး အီရန် နျူကလီးယားအရေးဟာ တစ်ကမ္ဘာလုံးက စိုးရိမ်ရတဲ့ခြိမ်းခြောက်မှုအသွင် ဖြစ်လာလျက်ရှိပါတယ်။ ။

**ကိုးကား-အေအက်ဖ်ပီ**

# အစိုးရယန္တရားလည်ပတ်ရာတွင် ဝန်ထမ်းများ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန် လိုအပ်ဟု ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပြောကြား

**ပဲခူး ဇူလိုင် ၂**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ယမန်နေ့က ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများတွေ့ဆုံပွဲ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက မိမိတို့အစိုးရအဖွဲ့ တာဝန်ယူခဲ့သည့် သုံးနှစ်ကျော်ကာလအတွင်း တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် အချက်များ ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်ခဲ့သလို ဝန်ထမ်းများကိုလည်း ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များကိုဆောင်ရွက်ခဲ့ကြောင်း၊ ကောင်းမွန်သောအုပ်ချုပ်ရေး စနစ်ဖြစ်ပေါ်စေရန် ဝန်ထမ်းများ၏ အခန်းကဏ္ဍသည် အလွန် အရေးကြီးကြောင်း၊ ဝန်ထမ်းများသည် ပြည်သူများအတွက် ဝန်ဆောင်မှုပေးနိုင်သည့် ဝန်ထမ်းကောင်းများဖြစ်စေရန် လိုအပ်ကြောင်း၊ e-Government စနစ်ကို စတင်ဆောင်ရွက်နေပြီဖြစ်၍ အုပ်ချုပ်ရေးလုပ်ငန်းတာဝန်များအပြင် ဝန်ထမ်းတစ်ဦးချင်း အိုင်တီနည်းပညာတိုးတက်မြင့်မားရန် လိုအပ်လာပြီဖြစ်ကြောင်း၊ လူထုတွေ့ဆုံပွဲများတွင် ပြည်သူများတင်ပြသည့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို သက်ဆိုင်ရာဌာနဆိုင်ရာများအား အသိပေး အကြောင်းကြားခြင်း၊ ဘတ်ဂျက်ရေးဆွဲခြင်းများ ဆောင်ရွက်ကြရန်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် အခွန်လေးမျိုး ကောက်ခံရာတွင် အခွန်ပုန်း၊ အခွန်ရှောင်များကို ဖော်ထုတ် အရေးယူခြင်း၊ ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများ ပြည့်ဝစွာ ရရှိရေးဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် နိုင်ငံ့ဝန်ထမ်းဖြစ်သည်နှင့်အညီ အဂတိတရားကင်းရှင်းပြီး စိတ်ရင်းစေတနာအမှန်ဖြင့် ရုံးလုပ်ငန်းများကို ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများအတိုင်း တိတိကျကျဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးအတွင်းရေးမှူး ဦးခင်မောင်ဆန်း၊ ညွှန်ကြားရေးမှူး ဦးလှမင်းထွဋ်၊ ညွှန်ကြားရေးမှူး ဦးအောင်ဟိန်းကျော်၊ ညွှန်ကြားရေးမှူး ဦးတင်ထူးမောင်တို့က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် တိုင်းဒေသကြီးအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ ရုံးလုပ်ငန်းဆိုင်ရာများနှင့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး မဲဆန္ဒရှင်စာရင်းများ ပြုစုဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်က ခေတ်အဆက်ဆက် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်ထဲရေး လက်အောက်တွင် ထားရှိခဲ့ပြီး မိမိတို့အစိုးရလက်ထက် နှစ်နှစ်ကျော်ခန့်ကာလတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး လက်အောက်သို့ ပြောင်းရွှေ့နိုင်ခဲ့ကြောင်း၊ ပြည်ထောင်စု အဆင့်ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် ပိုမို အားကောင်းလာသည်ကို မြင်တွေ့ရကြောင်း ပြောကြား သည်။

**ဟိန်းထက်(ပဲခူး)**



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ တွေ့ဆုံပွဲ၌ အမှာစကားပြောကြားစဉ်။

# ကျေးလက် အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားရေး စကားဝိုင်းကျင်းပ

**ရမည်းသင်း ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်နှင့် မြို့နယ် အမျိုးသမီးကော်မတီမှ ကြီးမှူးကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးလက်အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားရေး စကားဝိုင်းကို ယမန်နေ့က တဘက္ကာကျေးရွာ သာသနာ့မဏ္ဍိုင် ဓမ္မာရုံ၌ ကျင်းပသည်။

စကားဝိုင်းတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ပြီး အမျိုးသမီးကော်မတီမှ ဆပ်ကော်မတီ ဥက္ကဋ္ဌများက လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။ အမျိုးသမီးများရင်ဆိုင်နေရသော အခက်အခဲများ၊ ခွဲခြားဆက်ဆံခံရမှု၊ သက်ငယ်မုဒိမ်းမှုကာကွယ်နိုင်ရေး၊ ရင်ခွင့်မဲ့ကလေးများ လျှော့ချနိုင်ရေးနှင့် တစ်ကိုယ်ရေမိခင်များအား စောင့်ရှောက်ရေး၊ အမျိုးသမီးစွမ်းဆောင်ရည်မြင့်မားရေးဆိုင်ရာ စကားဝိုင်းကျင်းပရာ တဘက္ကာ ကျေးရွာ၊ စီပင်ကျေးရွာနှင့် လျော်ဖြူကိုင်း ကျေးရွာတို့မှ အမျိုးသမီးများ ပါဝင်ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ် အမျိုးသမီးကော်မတီ အဖွဲ့ဝင် ဒေါ်သီတာသန်းစိုးဦးက အမျိုးသမီးများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် အိမ်တွင်းမှု အတတ်ပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းကို လည်းကောင်း၊ ခရိုင် ကုသရေးဦးစီးမှူး ဒေါက်တာ လှလှဌေးက သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးခြင်းကို လည်းကောင်း၊ ခရိုင်ဥပဒေအရာရှိ ဦးသိန်းထွန်းက သက်ငယ်မုဒိမ်းမှု ဥပဒေများကိုလည်းကောင်း၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး စိန်ဖြိုးမောင်က သက်ငယ်မုဒိမ်းမှု ပုဒ်မများကိုလည်းကောင်း၊ မြို့နယ်ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဦးစိုင်းဝဏ္ဏက အသင်းလုပ်ငန်းတာဝန်များကိုလည်းကောင်း အသိပညာပေးရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**

# မိုင်းပန်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုင်းပန် ဇူလိုင် ၂**

ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ လမ်းအထူးအဖွဲ့(၄) ဒုတိယညွှန်ကြားရေးမှူး ဦးနန်းမြင့်အောင်၊ လမ်းအထူးအဖွဲ့(၅) ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းလှိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မိုင်းပန်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် လင်းခေးခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဝင်းတို့ပါဝင်သောအဖွဲ့သည် ယမန်နေ့က မိုင်းပန်မြို့နယ်အတွင်းရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် မိုင်းပန်-မုံးထ-မုံးထော်လမ်း လမ်းတံတားလုပ်ငန်း လုပ်ဆောင်မည့် နေရာများသို့ သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မိုင်းပန်မြို့နယ်သို့ ပြန်လည်ရောက်ရှိ၍ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းအတွင်း၌ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက တာဝန်ရှိသူများထံသို့ လုပ်ငန်းဆောင်ရွက်မှုများကို အချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မီရေး စသည်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**ကိုဆန်း (မိုင်းပန်)**



ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးနေစဉ်။

# နောင်ချိုမြို့နယ် ပြည်ထောင်စုကားလမ်း လေးလမ်းသွား အဆင့်မြှင့်ဖောက်လုပ်

**နောင်ချို ဇူလိုင် ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ပြည်ထောင်စုကားလမ်းပိုင်း လေးလမ်းသွားအဖြစ် တိုးချဲ့ဖောက်လုပ်ခင်းကျင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

လေးလမ်းသွားအဖြစ် တိုးချဲ့ဖောက်လုပ်ဆောင်ရွက်ရာတွင် လုပ်ငန်းသုံး ယန္တရားစက်ကြီးများ၊ ကျောက်သယ်ယာဉ်များဖြင့် OHC လမ်းစီမံကိန်းကုမ္ပဏီမှ ဆောင်ရွက်ကြရာ ပြည်ထောင်စုကားလမ်းပေါ်တွင် အသုံးပြုနေသော ယာဉ်မျိုးစုံတို့နှင့် ယာဉ်အန္တရာယ်မဖြစ်ပွားစေရေး၊ ကားလမ်းပိတ်ဆို့မှု မဖြစ်ပွားစေရေးတို့အတွက် OHC လမ်းစီမံကိန်းကုမ္ပဏီ ဝန်ထမ်းများနှင့် ရဲအုပ်ခင်မောင်မြင့် ဦးစီးသော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ပရဟိတ လူမှုကူညီရေးအသင်းဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

မကြာမီ ပြင်ဦးလွင်-နောင်ချို ပြည်ထောင်စုကားလမ်းပိုင်း လေးလမ်းသွား ခင်းကျင်းဆောင်ရွက်ခြင်းလုပ်ငန်းများ ပြီးစီးတော့မည်ဖြစ်၍ မြို့နယ်အတွင်း ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းလာခြင်း၊ ယာဉ်အန္တရာယ်များ ကင်းစင်ခြင်း၊ ယာဉ်တစ်စီးနှင့်တစ်စီး အတက်/အဆင်း အန္တရာယ်ကင်းစွာ သွားလာနိုင်ခြင်းတို့ကြောင့် ကုန်သွယ်မှုလမ်းကြောင်း ယခင်ကထက် ပိုမိုမြန်ဆန်စွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



ပြင်ဦးလွင်-နောင်ချို လမ်းပိုင်းတွင် ပြည်ထောင်စုကားလမ်း လေးလမ်းသွား ဖောက်လုပ်နေမှု တွေ့ရစဉ်။

**တောတောင်ပျက်ပြုန်း၊ မြေဆီသုဉ်း၏**

# ညောင်ဦး၌ အိမ်သုံးဆိုလာပြားနှင့် ဇီဝမီးဖိုများပေးအပ်

**ညောင်ဦး ဇူလိုင် ၂**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအထောက်အကူပြုစေရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းဝင်းက ပေးပို့လှူဒါန်းသည့် အိမ်သုံးဆိုလာနှင့် ဇီဝမီးဖိုများပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်က ညောင်ဦးမြို့နယ် လက်ထုတ်- ခက်လန်းကန်ကျေးရွာချင်းဆက်လမ်းဘေးအနီး ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစီမံကိန်းရှင်းလင်းဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်က အမှာစကားပြောကြားပြီး မြို့နယ် သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဇော်ဇော်နိုင်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးက အိမ်သုံးဆိုလာနှင့် ဇီဝမီးဖိုများထောက်ပံ့ပေးရခြင်းနှင့် စပ်လျဉ်းပြီး ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းဝင်းက ပေးပို့လှူဒါန်းသည့် အိမ်သုံးဆိုလာနှင့် ဇီဝမီးဖိုများကို ညောင်ဦးမြို့နယ် ခက်လန်းကန်ကျေးရွာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအတွက် ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ လက်ထုတ်ကျေးရွာနှင့် ခက်လန်းကန်ကျေးရွာမှ ဒေသခံပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်းအဖွဲ့ဝင်များအား ကျေးရွာတစ်ရွာလျှင် ဇီဝမီးဖို လေးလုံးစီကိုလည်းကောင်း ထောက်ပံ့လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံယူခဲ့ကြသည်။

**လှိုင်ဝင်းလေး ( ပုဂံမြေ )**

## ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ် ဈေးရောင်းပွဲတော်နှင့် ထုတ်ကုန်ပစ္စည်းပြပွဲ

**နေပြည်တော် ဇူလိုင် ၂**

ဇူလိုင် ၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ်အဖြစ် ဈေးရောင်းပွဲတော်နှင့် ထုတ်ကုန်ပစ္စည်းပြပွဲကို ဇူလိုင် ၅ ရက်မှ ၇ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရုံးအမှတ် ၁၆ နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်သည်။

ဈေးရောင်းပွဲတွင် မြန်မာနိုင်ငံအနှံ့အပြားမှ ဒေသထွက်ကုန်ပစ္စည်းများဖြစ်သည့် စားသောက်ကုန်များ၊ အဝတ်အထည် အမျိုးမျိုး၊ လူသုံး၊ အိမ်သုံးပစ္စည်းများ၊ အလှကုန်ပစ္စည်းများနှင့် လက်မှုပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ရာ ပြည်သူများအနေဖြင့် လာရောက်ကြည့်ရှု၍ လွတ်လပ်စွာ ဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အသက် သုံးနှစ်အောက်ကလေးများ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်နိုင်ရန် မိခင်ဝိုင်းများ တိုးချဲ့ဖွဲ့စည်း၍ သင်တန်းပေး

**မိုးညှင်း ဇူလိုင် ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ အသက် သုံးနှစ်အောက်ကလေးများ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်နိုင်ရန်ရည်ရွယ်၍ မိခင်ဝိုင်းငါးဝိုင်း တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ဝိုင်းများတွင် ပါဝင်မည့်သူများအား သင်တန်းပေးခြင်းကို ယမန်နေ့က အောင်သပြေရပ်ကွက်ရှိ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ရုံးဝင်းအတွင်းရှိ အောင်သပြေမူကြိုကျောင်း၌ ကျင်းပသည်။



သုံးနှစ်အောက် ကလေးများကို စုပေါင်းထိန်းပေးမည့် မိခင်ဝိုင်းများ ဖွဲ့စည်း၍ သင်တန်းပေးနေစဉ်။

မိုးညှင်းမြို့နယ်အတွင်းရှိ မူကြိုကျောင်းများ ဖွင့်လှစ်ထားခြင်းမရှိသည့် ပင်းဟဲ ကျေးရွာ၊ ပင့်သာကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်များဖြစ်သည့် အုတ်ကျင်းရပ်ကွက်၊ ရွာသစ်ကုန်းရပ်ကွက်၊ မြို့မရပ်ကွက်များတွင် မိခင်ဝိုင်း ငါးဝိုင်းတိုးချဲ့ဖွဲ့စည်းသွားမည်ဖြစ်ပြီး အဆိုပါမိခင်ဝိုင်းများတွင် ဦးဆောင်မည့်သူနှစ်ဦးနှင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကတာဝန်ရှိသူများအား ကလေးပြုစုစောင့်ရှောက်ရေးသင်တန်းများ ပို့ချသင်ကြားခဲ့သည်။

သင်တန်းပို့ချသူ ဆရာမ ဒေါ်မြင့်မြင့်သီက "ရပ်ရွာရှိ ကလေးမိဘတွေ အလုပ်လုပ်လို့ရအောင်ဖွင့်လှစ်ပေးတာဖြစ်ပါတယ်။ ဝိုင်းတစ်ဝိုင်းမှာ ကလေးအယောက် ၂၀ ဆိုရင် ကလေးမိဘတစ်ဦးသာ ထိန်းသိမ်းစောင့်ရှောက်ပြီး ကျန်တဲ့မိဘ ၁၉ ဦးက စိတ်ချလက်ချ အလုပ်လုပ်လို့ရသွားမှာ ဖြစ်တယ်။ ဝိုင်း ခေါင်းဆောင်ကို ထောက်ပံ့ကြေးအနေနဲ့တစ်လ ၃၀၀၀၀ နဲ့ ကလေးတစ်ယောက်ကို အာဟာရကျွေးမွေးဖို့တစ်ရက်ငွေကျပ် ၃၅၀ နှုန်းနဲ့ ထောက်ပံ့သွားမှာဖြစ်တယ်" ဟု ပြောသည်။

သင်တန်းကို ဇူလိုင် ၁ ရက်မှ ၅ ရက်အထိနေ့စဉ် နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၂ နာရီခွဲအထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး လူမှုဝန်ထမ်းဘာသာရပ်၊ ကလေးသဘောသဘာဝ၊ ကလေးဖွံ့ဖြိုးမှု၊ ကျန်းမာရေးနှင့်အာဟာရ၊ ကစားခြင်း၊ ဘာသာစကားနှင့် စာရင်းဇယားထားသိုနည်းများ၊ လချုပ်များစသည့်သင်တန်း ဘာသာရပ်များကို သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်ထွေး(မိုးညှင်း)**

## နောက်ဖေးလမ်းကြားများ လျှပ်စစ်မီးတပ်ဆင်ခြင်း လုပ်ငန်းအပ်နှံခြင်းအခမ်းအနား ကျင်းပ

**ပန်းဘဲတန်း ဇူလိုင် ၂၈၊**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နောက်ဖေးလမ်းကြားများတွင် လျှပ်စစ်မီးတပ်ဆင်ခြင်းလုပ်ငန်း အပ်နှံခြင်းအခမ်းအနားကို ဇွန်လနောက်ဆုံးပတ်က ပန်းဘဲတန်းမြို့နယ် အမှတ်(၈) ရပ်ကွက်၊ အမှတ် ၁၀ ရပ်ကွက်တို့တွင် ကျင်းပခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေဖူးဘဆွေက "ပန်းဘဲတန်းမြို့နယ်အတွင်း ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် အမှတ်(၈)ရပ်ကွက်၊ ရွှေဘုံသာလမ်းနှင့် ၂၉ လမ်းကြားနှင့် အမှတ်(၁၀)ရပ်ကွက်၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား နောက်ဖေး လမ်းကြားတွင် လျှပ်စစ်မီးတပ်ဆင်ပေးရခြင်းသည် နောက်ဖေးလမ်းကြားများ သန့်ရှင်း မှုရှိစေရေးနှင့် ရပ်ကွက်နေပြည်သူများလုံခြုံရေးအတွက် လျှပ်စစ်မီးတပ်ဆင်ပေးရခြင်းဖြစ်ကြောင်း " ပြောကြားခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ပဉ္စမနှစ်ကျောင်းသားကျောင်းသူများ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်အား လေ့လာ

**ညောင်ဦး ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်သို့ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဆေးခန်းဆိုင်ရာပညာရပ်အသင်းမှ ပဉ္စမနှစ်ကျောင်းသား ကျောင်းသူများ ပုဂံ-ညောင်ဦးဒေသသို့ ယမန်နေ့မှစတင်ကာ လေ့လာရေးခရီးလာရောက်ခဲ့ကြသည်။

အဆိုပါ ကျောင်းသား ကျောင်းသူများသည် ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုဇုန်သို့ နံနက် ၉ နာရီတွင် ရောက်ရှိလာပြီး ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိဘုရားများ၊ ရွှေစည်းခုံစွယ်တော်ဘုရား၊ အာနန္ဒာဘုရား၊ အလိုတော်ပြည့်ဘုရား၊ သဗ္ဗညုဘုရား၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ မနုဟာဘုရားနှင့် ဗူးဘုရားတို့ကို ဖူးမြော်ကြည်ညိုခဲ့ကြသည်။

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ပဉ္စမနှစ်ကျောင်းသူ ကချင်ပြည်နယ်မိုးကောင်းမြို့မှ မဖြိုးအိန္ဒြာကျော်က သမိုင်းပညာရှင်များ၊ စာရေးဆရာများ ရေးသားထားသည့် ပုဂံအကြောင်း စာအုပ်များဖတ်ဖူးကြောင်း၊ ပုဂံဒေသ၏ ကြီးကျယ်မြင့်မြတ်မှုကို အမြဲတန်ဖိုးထားမြတ်နိုးနေမည်ဖြစ်ကြောင်းနှင့် လေ့လာရေးခရီးစဉ် ရေးဆွဲသည့် ဆရာ ဆရာမကြီးများကို ကျေးဇူးတင်ပါကြောင်း ပြောသည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**

## အာဆီယံအမွေအနှစ် မိန်းမလှကျွန်းဘေးမဲ့တော အဆင့်မြင့်ထိန်းသိမ်းရေးတာဝန်ခံမှုဆိုင်ရာ ပြည်သူ့စကားဝိုင်း ကျင်းပမည်



အာဆီယံအမွေအနှစ် မိန်းမလှကျွန်းဘေးမဲ့တော။

**ဘိုကလေး ဇူလိုင် ၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်အတွင်းရှိ အာဆီယံအမွေအနှစ် မိန်းမလှကျွန်းဘေးမဲ့တောကို ရေရှည်တည်တံ့ခိုင်မြဲစေရေး ရည်ရွယ်၍ အာဆီယံအမွေအနှစ် မိန်းမလှကျွန်းဘေးမဲ့တော အဆင့်မြင့်ထိန်းသိမ်းရေးတာဝန်ခံမှုဆိုင်ရာ ပြည်သူ့စကားဝိုင်းကို ဇူလိုင် ၉ ရက်တွင် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာတွင် ကျင်းပမည် ဖြစ်သည်။

အဆိုပါ စကားဝိုင်းသည် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ လူမှုဖွံ့ဖြိုးတိုးတက်ရေးအလင်းတန်းအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိုင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မေသန်းနွဲ့၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးအောင်ခင်ဗိုလ်၊ ဦးစံမင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးမြင့်သိန်း၊ မြို့နယ်သစ်တောဦးစီးမှူး ဦးကျော်ကျော်မင်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးစိုးမြိုင်၊ မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးတင်ရွှေ၊ မိန်းမလှကျွန်းအုပ်ချုပ်ရေးမှူး ဦးသန့်ဇင်အောင်တို့က ပါဝင်ဆွေးနွေးကြမည်ဖြစ်ပြီး စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**မိုးစက် (ဘိုကလေး)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂-၇-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၀၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၀၄၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၉၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၈၅/၉၃၀ ကျပ် | ၉၃၀/၉၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၉၅/၉၄၀ ကျပ် | ၉၄၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၇၀/၈၁၅ ကျပ် | ၈၄၀/၈၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၉၀၅ ကျပ် | ၉၄၀/၉၆၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၃ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၈ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၅ . ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၀၉ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၈ . ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၆ . ၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၉ . ၉၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ . ၉၂၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၉ . ၆၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၅ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ . ၂၉၅ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီမွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ‘မေတ္တာ’ ရုပ်ရှင်ဇာတ်ကားမှ အကျိုးအမြတ်များကို မိဘမဲ့ကလေးများအတွက် ပြန်သုံးမည်

မိဘမဲ့ကလေးများအတွက် အဓိကထားရိုက်ကူးမည့် မေတ္တာ ရုပ်ရှင်ဇာတ်ကားကို အမေရိကန်ဒါရိုက်တာ Graham Streeter နှင့် တွဲဖက်ဒါရိုက်တာအဖြစ် ဒေါ်ဆွေဇင်ထိုက်တို့ ပုံဖော်ရိုက်ကူးကြမည်ဖြစ်သည်။ အဆိုပါရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် လူမင်း၊ Gim Mung နှင့် ထွန်းအိန္ဒြာဗိုတို့က အဓိက သရုပ်ဆောင်များအဖြစ် ပါဝင်သွားမည်ဖြစ်ကာ ဇာတ်ကားရိုက်ကူးပြီးနောက် ရုံတင်ပြသ၍ ရရှိလာသော အကျိုးအမြတ်များကိုလည်း မိဘမဲ့ကလေးများအတွက် ပြန်လည်အသုံးပြုသွားမည်ဟု သိရသည်။



မေတ္တာ ရုပ်ရှင်ဇာတ်ကားနှင့်ပတ်သက်၍ ဒါရိုက်တာ ဆွေဇင်ထိုက်က “ဒီကားလေးက မေတ္တာတရားကိုအခြေခံပြီးရိုက်မယ့်ကားလေးတစ်ကားပါ၊ မြန်မာနိုင်ငံဟာ မေတ္တာတရားရှိတဲ့နိုင်ငံဆိုတာကို ပြချင်တဲ့ သဘောလေးပါ၊ မြန်မာနိုင်ငံမှာရှိနေတဲ့ ဇာတ်ကားတွေကြည့်ရတာ တစ်ယောက်နဲ့ တစ်ယောက် ကလဲ့စားချေတာတွေ၊ တစ်ယောက်နဲ့တစ်ယောက် သတ်ဖြတ်နေကြတာတွေ၊ ပါးစပ်တွေနဲ့ပဲ ပြောရပြောရ၊ လက်နက်တွေနဲ့ပဲ လုပ်ရလုပ်ရ ဖြစ်နေတဲ့အချိန်မှာ မြန်မာနိုင်ငံဟာ မေတ္တာတရားရှိတဲ့နိုင်ငံပါ ဆိုတာကို ပြချင်တဲ့ရုပ်ရှင်တစ်ကားဆိုလည်း မှန်ပါတယ်၊ ဇာတ်လမ်းလေးကတော့ ရိုးရှင်းပါတယ်၊ မိဘမဲ့ကောင်လေးတစ်ယောက်အကြောင်းကို အခြေခံပြီး ရိုက်တာပါ၊ သူ့ဘဝရဲ့ ကြိုးစားမှုလေးတွေကို ပြချင်တာပေါ့နော်၊ ဒီဘက်ခေတ် လူငယ်လေးတွေ အားကျစေချင်လို့ပါ၊ ဒီကားကိုရိုက်ဖို့အတွက် စီစဉ်လာတာ လေးနှစ်လောက်ရှိပါပြီ၊ ၈၀ ရာခိုင်နှုန်းကိုလည်း ပြည်ပမှာရိုက်ပြီးခဲ့ပါပြီ”ဟု ပြောသည်။

သရုပ်ဆောင် လူမင်းကလည်း “ဇာတ်ကားက မေတ္တာဆိုတဲ့ နာမည်အတိုင်းပဲ ဇာတ်လမ်းက ရိုးပါတယ်။ မိသားစုမေတ္တာ၊ မိဘမေတ္တာကို ဖော်ကျူးတာပါပဲ။ ဒါပေမယ့် ထူးခြားနေတာလေးက မြန်မာနဲ့ အမေရိကန်နဲ့ ဖက်စပ်ရိုက်တယ်။ မိသားစုမေတ္တာ၊ မိဘမေတ္တာကို အစ်ကိုတို့ မြန်မာဒါရိုက်တာတွေ အကြိမ်ပေါင်းများစွာ ရိုက်ကူးနေကျပါပဲ၊ ဒါပေမယ့် နိုင်ငံခြားသား ဒါရိုက်တာတစ်ယောက်က မြန်မာကြိုက်တဲ့ မိဘမေတ္တာကို သူဘယ်လိုရိုက်မလဲဆိုတာကို ကိုယ်တို့ ကိုယ်တိုင် ရိုက်နေရင်းနဲ့ ကိုယ့်ကားကို ကိုယ်ပြန်ကြည့်ချင်တဲ့စိတ် ပေါ်လာအောင် ဖြစ်မိတယ်”ဟု ပြောသည်။

သရုပ်ဆောင် ထွန်းအိန္ဒြာဗိုကလည်း “ဒီကားကို ဇာတ်လမ်းတော့ အသေးစိတ်ပြောပြလို့ မရသေးပါဘူး၊ မေတ္တာဖွဲ့ ဇာတ်လမ်းလေးပေါ့၊ ကျွန်မအနေအထားကတော့ မိခင်တစ်ယောက်ပါ၊ သူတို့က အင်မတန် ပြင်ဆင်မှု အားကောင်းတယ်၊ ကျွန်မတို့ လေ့လာစရာတွေ အများကြီးရှိပါတယ်။ ဒီဇာတ်ကားက ကျွန်မအတွက်ဆိုရင် လုပ်ခွင့်အများကြီးရတဲ့ဇာတ်လမ်းဖြစ်တယ်။ ကျွန်မကို ခိုင်းတဲ့ဇာတ်လမ်းလည်းဖြစ်တယ်။ ကျွန်မ ကြိုးစားခွင့်ရတဲ့ဇာတ်ဖြစ်တယ်။ ဒီလိုဇာတ်မျိုးကို ကမ္ဘာကို သိအောင် ဖြန့်ချိမယ်ဆိုတဲ့အတွက် အလွန်ပဲ ဝမ်းသာပါတယ်”ဟု ပြောသည်။

မေတ္တာ ရုပ်ရှင်ဇာတ်ကားကို မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့တွင် ရိုက်ကူးပြီး မြန်မာနိုင်ငံမှ ဇာတ်ဝင်ခန်းများတွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၏ အလှတရားများကို အဓိက ထည့်သွင်းရိုက်ကူးသွားမည်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံရှိ ဇာတ်ဝင်ခန်းများကိုမူ ဆန်ဖရန်စစ္စကိုမြို့ Bay Area တွင် အများဆုံး ရိုက်ကူးခဲ့ကာ ယခုနှစ် မတ် ၁၆ ရက်က အမေရိကန်တွင် ရိုက်ကူးမှုများ ပြီးစီးခဲ့ကြောင်း သိရသည်။

**ကိုလင်း**

# ၁၉၈၅ ခုနှစ်ကို အခြေခံထားသည့် ‘ငါတို့သည်’ ရုပ်ရှင်ဇာတ်ကား စတင်ရိုက်ကူး

**၁၉၈၅ ခုနှစ်က ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ခုအပေါ် အခြေခံထားသည့် ငါတို့သည် ရုပ်ရှင်ဇာတ်ကားကို Life+ ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်၍ ဒါရိုက်တာစတီးလ် (ဒွေးမေတ္တာ) က ဇူလိုင် ၁ ရက်မှ စတင်ကာ ပုံဖော်ရိုက်ကူးနေပြီ ဖြစ်သည်။ အဆိုပါရုပ်ရှင်မှာ အက်ရှင်ဒရာမာ ရုပ်ရှင်အမျိုးအစားဖြစ်ပြီး ပြင်ဦးလွင်၊ သီပေါ၊ ပုသိမ်ကြီးနှင့် နေပြည်တော်တို့တွင် ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။**

“၁၉၈၅ ခုနှစ်မှာ ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာတစ်ခုကို ၂၀၀၅ ခုနှစ်လောက်မှာ ဇာတ်လမ်းတိုလေးတစ်ခု အနေနဲ့ ကိုသားကြီးကို လာပေးထားတဲ့ ဇာတ်ပါ။ အဲဒါကို ပြန်လည်ကိုးကားထားတယ်။ အရင်တုန်းက ကိုသားကြီးနဲ့ ဦးကျော်ဟိန်းတို့ ရိုက်မယ်လို့ စိတ်ကူးယဉ်ခဲ့ဖူးတယ်။ အကြောင်းကြောင်းကြောင့် ရက်နောက်ဆုတ်ရင်းကိုသားကြီး ဆုံးသွားတယ်။ ကိုယ်တိုင်လည်း ဒီဇာတ်ကို မေ့နေခဲ့တယ်၊ အခု ဒီဇာတ်လေးကို ပြန်လည်အကောင်အထည်ဖော်မှာပါ”ဟု ဒါရိုက်တာ စတီးလ် (ဒွေးမေတ္တာ) က ပြောသည်။

ယင်းဇာတ်ကားသည် ထိုအချိန်ကာလက ရိုးမတောကြီးထဲတွင် ဖြစ်ပျက်ခဲ့သည်များကို အခြေခံကာ ပြန်လည်ရိုက်ကူးခြင်းဖြစ်ပြီး အဖိနှိပ်ခံဘဝမှ လွတ်မြောက်ရန် ကြိုးစားရသည့် အကြောင်းအရာကို ရုပ်ရှင်အဖြစ် ပြန်လည် ဖန်တီးရိုက်ကူးခြင်းဖြစ်ကြောင်း သိရသည်။

ရုပ်ရှင်တွင် ပါဝင်သည့် သရုပ်ဆောင်များနှင့် ပတ်သက်၍လည်း ဒါရိုက်တာ စတီးလ်က “ဒီဇာတ်ကားမှာ သရုပ်ဆောင်တွေအများကြီးဆိုပေမယ့် တက်သစ်စတွေ အများကြီးပါပါတယ်။ လူငယ်တွေကို လက်တွဲခေါ်တာပါ။ နာမည်ကြီးမင်းသားတွေကလည်း သုံး၊ လေးလက်ပဲ ရှိတာ၊ သူတို့ကလည်း သူ့ကုမ္ပဏီနဲ့သူ စာချုပ်တွေနဲ့ ဖြစ်နေတယ်။ လူငယ်တွေကတော့ ကိုယ်လုပ်ချင်တဲ့ ဇာတ်ရုပ်အပေါ်မှာ စီးမျောပေးလို့ လူငယ်တွေကို သုံးဖြစ်တာ များပါတယ်” ဟု ပြောသည်။

ဇာတ်လမ်းတွင် အဓိကသရုပ်ဆောင်တစ်ဦးအဖြစ် ပါဝင်သော ခါရာက “ဒီကားလေးက ထူးခြားလို့ ကျွန်တော်ပါဝင်ဖြစ်တာပါ၊ ၁၉၈၅ ခုနှစ်ဝန်းကျင်က ဆိုတော့ ဇာတ်လမ်းအတွက် ကျွန်တော် အများကြီး ပြင်ဆင်ခဲ့ရပါတယ်၊ အဝတ်အစား၊ ဆံပင်ပုံစံအစ၊ မိတ်ကပ်အဆုံး ကြိုးစားပြီး အဲဒီခေတ်ကပုံစံမျိုး ဖြစ်အောင် လုပ်ထားပါတယ်” ဟု ပြောသည်။

အဆိုပါ ဇာတ်ကားကို ဇာတ်လမ်းချာန်သခင်သွေး၊ အောင်ခန့်ဇော် (စိန်ပေါလ်) နှင့် ဒွေးမေတ္တာတို့က ရေးသားပြီး မောင်မြတ်ဆွေက ဇာတ်ညွှန်းခွဲကာ ဒါရိုက်တာ စတီးလ် (ဒွေးမေတ္တာ) က ရိုက်ကူး၍ သရုပ်ဆောင်များအဖြစ် နေထက်လင်း၊ နေမျိုးအောင်၊ အလင်းရောင်၊ ထွန်းကိုကို၊ ခါရာ၊ တိုင်ရွှန်၊ သိန်းလင်းစိုး၊ နေရဲ၊ ရွှေသမီး၊ ရွှေပိုးအိမ်နှင့် ထူးခြားတို့က အဓိက ပါဝင်သရုပ်ဆောင်ကြမည်ဟု သိရသည်။

**ကိုလင်း**



“ငါတို့သည်”ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သည့် ရုပ်ရှင်သရုပ်ဆောင်များကို ကန်တော့ပွဲပေးအခမ်းအနား၌ တွေ့ရစဉ်။




# အမျိုးသမီးဓာတ်ပုံပညာရှင် ၄၆ ဦး၏ ဓာတ်ပုံပြပွဲ ကျင်းပမည်

မြန်မာနိုင်ငံမှ အမျိုးသမီးဓာတ်ပုံပညာရှင် ၄၆ ယောက် စုပေါင်းပြီး တတိယအကြိမ်မြောက် The Ladies and Light Photo Art Exhibition 2019 ဓာတ်ပုံပြပွဲကြီးကို ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ် နက္ခတ်တာရာပြခန်းအနီးရှိ The Yangon Gallery ၌ ဇူလိုင် ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြပွဲတွင် နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဓာတ်ပုံများကို ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် မြန်မာနိုင်ငံ၏ သဘာဝရှုခင်းများ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ စသည်တို့ကို အများပြည်သူတို့ ကြည့်ရှုခံစားနိုင်စေရန် ဓာတ်ပုံနည်းပညာများဖြင့် ဖန်တီးရိုက်ကူးထားသော ၁၂ လက်မ x ၁၈ လက်မအရွယ် ဓာတ်ပုံများကို ခင်းကျင်းပြသကာ သင့်တင့်သောဈေးနှုန်းများဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသမီး ဓာတ်ပုံပညာရှင်များ စုစည်း၍ အဆိုပါပြပွဲကို ပထမဆုံးအကြိမ်အဖြစ် ၂၀၁၇ ခုနှစ်က ပြုလုပ်ခဲ့ပြီး ထိုနှစ်ကရရှိသည့် ငွေကြေးအချို့ကို ပထမအကြိမ်အနေဖြင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ငွေကျပ် ၃၆ သိန်း လှူဒါန်းခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်က ဒုတိယအကြိမ်ပြပွဲမှ ရငွေများဖြင့် တွံတေးမြို့နယ် ဘုရားကြီးကျေးရွာ မိဘမဲ့ကလေးများစာသင်ကျောင်း၌ ပညာရေးပဒေသာပင် ငွေကျပ် ၁၂ သိန်းခွဲကို လှူဒါန်းနိုင်ခဲ့ကြောင်း၊ ယခုကျင်းပမည့် တတိယအကြိမ်မြောက် ဓာတ်ပုံပြပွဲကြီးမှ ရောင်းရငွေ၏ ၅၀ ရာခိုင်နှုန်းကိုလည်း မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရေဘုတ်ကြီးရွာ (သျှောင်ပေစူးရွာ)သို့ လှူဒါန်းသွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

ပြပွဲတွင် အထူးအစီအစဉ်အနေဖြင့် ဓာတ်ပုံဝါသနာပါသူများအတွက် ဗဟုသုတရစေရန် ရည်ရွယ်ကာ ဆရာဦးကျော်ကျော်ဝင်း (Fuji Film Brand Embassador) က သဘာဝကျသော ဓာတ်ပုံများကို ဖန်တီးတင်ပြခြင်း၊ ဆရာဦးဇော်မင်း (G.T.S)က ဓာတ်ပုံကောင်းတစ်ပုံရရန် သဘာဝအလင်းမရလျှင် သဘာဝမဟုတ်သော အလင်းများ မည်သို့မည်ပုံဖန်တီးမည်ဆိုသည်ကို မျှဝေဆွေးနွေးခြင်းနှင့် ဆရာမစောသဥ္ဇာထိုက်က ယခုခေတ်သည် ဒစ်ဂျစ်တယ်ကင်မရာများကိုသုံးသော ခေတ်ဖြစ်သည့် အားလျော်စွာ ဓာတ်ပုံရိုက်ပြီးသည့်အခါ ဒစ်ဂျစ်တယ် နည်းပညာများဖြင့် Editing/Retouching ပြုလုပ်နည်းများကို ဆွေးနွေးသင်ပြသွား ကြမည်ဟု သိရသည်။

ထို့အပြင် ပြပွဲတွင် ထူးထူးခြားခြား အစီအစဉ်တစ်ခုအနေဖြင့် ဓာတ်ပုံရိုက်ရန် ဝါသနာပါသူများအတွက် ဆံရစ်ဝိုင်း မိန်းမပျိုလေးများနှင့်အတူ အမှတ်တရဓာတ်ပုံများ ရိုက်ကူးနိုင်ရန် တောရွာဓလေ့ လှပသော ဓာတ်ပုံရိုက်ရန်နေရာများ စီစဉ်ပေးထားကြောင်း သိရသည်။

ပြပွဲသို့ လူကိုယ်တိုင် မလာရောက်နိုင်သော အားပေးလိုသူများအနေဖြင့် ဓာတ်ပုံများကို အွန်လိုင်းငွေချေစနစ်ဖြင့် ဝယ်ယူအားပေးခြင်းဖြင့်လည်း လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### လေဒီဂါဂါကို ရုပ်ရှင်အကယ်ဒမီအဖွဲ့ဝင်အဖြစ် ဖိတ်ခေါ်

အခုဆိုရင် လေဒီဂါဂါဟာ ရုပ်ရှင်သိပ္ပံနှင့် အနုပညာအကယ်ဒမီအဖွဲ့ကြီးရဲ့ အဖွဲ့ဝင် တစ်ယောက် ဖြစ်သွားပါပြီ။ အကယ်ဒမီအဖွဲ့ကြီးဟာ ရုပ်ရှင်နယ်ပယ်က အနုပညာရှင် ၈၄၂ ဦးကို ဖိတ်ခေါ်ခဲ့ပါတယ်။ အဖွဲ့ဝင်အဖြစ် သတ်မှတ်ခြင်းခံရသူတွေကတော့ နိုင်ငံပေါင်း ၅၉ နိုင်ငံက အနုပညာရှင်တွေပဲ ဖြစ်ပါတယ်။

ပရိသတ်တွေနဲ့ ရင်းနှီးပြီးသားအဖွဲ့ဝင်တွေ ပါသလို အကယ်ဒမီအဖွဲ့ကြီး ပိုမို ကျယ်ပြန့်လာဖို့ ဖိတ်ခေါ်ထားတဲ့ လူတွေလည်း ပါဝင်ပါတယ်။ ၂၀၁၉ ခုနှစ်အတွက် ဖိတ်ခေါ်ခံရတဲ့အဖွဲ့ဝင် ထက်ဝက်ခန့်ဟာ အမျိုးသမီးတွေ ဖြစ်ပါတယ်။ လေဒီဂါဂါဟာ A Star Is Born ဇာတ်ကားနဲ့ အော်စကာဆုကို ပူပူနွေးနွေး ရရှိထားပြီး ရုပ်ရှင် သရုပ်ဆောင်ပိုင်းအရရော ဂီတပိုင်းအရပါ ကျွမ်းကျင်တဲ့အတွက် အဖွဲ့ဝင်အဖြစ် ဖိတ်ခေါ်ခံခဲ့ရပါတယ်။ နောက်ပြီး Spider Man သရုပ်ဆောင် တွမ်ဟော်လန်၊ စတာလင်ကေဘရောင်း၊ ဝင်စတန်ဒူ့ခ်တို့ဟာလည်း အကယ်ဒမီအဖွဲ့ကြီးရဲ့ နောက်ထပ်ဖိတ်ခေါ်ခြင်းခံရတဲ့ အနုပညာရှင်တွေပါပဲ။ အကယ်ဒမီအဖွဲ့ကြီးရဲ့အဖွဲ့ဝင်ပေါင်း ၆၀၀၀ ခန့်ဟာ အော်စကာဆုအတွက် မဲပေးမှုတွေကို လုပ်ဆောင်တာပဲ ဖြစ်ပါတယ်။

**စီအင်န်အင်န်**



အဆိုတော် လေဒီဂါဂါ

### ရုပ်ရှင်မင်းသား တွမ်ဟော်လန် စပိုက်ဒါမန်း ဝတ်စုံဝတ်ပြီး ဆေးရုံပေါ်က ကလေးတွေကို ဖျော်ဖြေပေး

စပိုက်ဒါမန်းလို့ခေါ်တဲ့ ပင့်ကူလူသားဇာတ်ရုပ်ဟာ ကလေးတွေ အလွန်နှစ်ခြိုက်ကြတဲ့ ဇာတ်ရုပ်လည်း ဖြစ်ပါတယ်။ အခုဆိုရင် ပင့်ကူလူသားဟာ ရာဇဝတ်မှုတွေ ဖြေရှင်းဖို့ တင်မဟုတ်ဘူး၊ သူ့ရဲ့စွမ်းအားကို အသုံးပြုပြီး တခြားကောင်းမွန်တဲ့အရာတွေ ပြုလုပ်လို့ ရသေးတယ်ဆိုတာကို သိသွားပါပြီ။

စပိုက်ဒါမန်းအဖြစ် သရုပ်ဆောင်တဲ့ တွမ်ဟော်လန်ဟာ သူ့ရဲ့တွဲဖက်သရုပ်ဆောင် တွေဖြစ်ကြတဲ့ ဇန်ဒယာနဲ့ ဂျိတ်ဂျေလင်ဟယ်တို့နဲ့အတူ လွန်ခဲ့တဲ့ သီတင်းပတ်က လော့အိန်ဂျလိစ်မြို့မှာရှိတဲ့ ကလေးဆေးရုံက လူနာတွေကို သွားရောက်တွေ့ဆုံခဲ့ ပါတယ်။ ရုပ်ရှင်မင်းသား ဟော်လန်ဟာ သူ့ရဲ့စပိုက်ဒါမန်းဝတ်စုံကို ဝတ်ဆင်ထားပြီး တွဲဖက်သရုပ်ဆောင် ဇန်ဒယာနဲ့အတူ ဆေးရုံကလူနာကလေးတွေ ပျော်ရွှင်မှုရအောင် ဖျော်ဖြေပေးခဲ့ပါတယ်။

စပိုက်ဒါမန်းဇာတ်ကားသစ်ကို အထူးပြပွဲအဖြစ် လူနာမိသားစုတွေနဲ့ လူနာတွေကို ပြသပေးခဲ့ပါတယ်။ Spider Man: Far From Home ရဲ့ပွဲဦးထွက် ပြသမှုကို ဇူလိုင် ၂ ရက်မှာ ပြုလုပ်ပြီး ဒါရိုက်တာကတော့ ဂျွန်ဝတ်စ်ပဲ ဖြစ်ပါတယ်။ အဲဒီ ဇာတ်ကားမှာ ဆမ်မြူရယ်အယ်လ်ဂျက်ဆင်၊ ကော်ဘီစမော်ဒါနဲ့ ဂျွန်ဖယ်ဘရာတို့ လည်း ပါဝင်သရုပ်ဆောင်ထားကြပါတယ်။

**စီအင်န်အင်န်**



စပိုက်ဒါမန်းအဖွဲ့သားများ ဆေးရုံပေါ်မှ ကလေးများကို အားပေးနေစဉ်။

## ဥပဒေအတွေး ရေးပါရစေ အပိုင်း (၁၈၀)

# ကောင်းကောင်းပြန်လည်ရှင်းပြပါ



**ဦးဟန်ညွန့် (ဥပဒေ)**

**ကောင်းကောင်းနားထောင်ပါ**

ပြီးခဲ့သောအပတ်က "ကောင်းကောင်းနားထောင်ပါ" ခေါင်းစဉ်ဖြင့် ရေးသားတင်ဆက်ခဲ့ပြီးပါပြီ။ ဤတစ်ပတ်တွင် "ကောင်းကောင်း ပြန်လည်ရှင်းပြပါ" ဟု ရေးသားတင်ပြပါရစေ။ ဘာ့ကြောင့်လဲ။

အမှုသည်မျိုးစုံက တင်ပြသမျှ၊ ပြောသမျှ ရှေ့နေက ကောင်းကောင်းနားထောင်ပါသည်။ အလွန်သဘာဝကျပါသည်။ သူတို့ခံစားချက်တွေ သူတို့ပြောပြကြပေလိမ့်မည်။ သူတို့ ကြုံတွေ့ရသမျှတွေ၊ သူတို့ခံစားရသမျှတွေ၊ သူတို့ဖြစ်ပျက်ခဲ့သမျှတွေ ပြောပြကြပေလိမ့်မည်။ ပြီးတော့ ရှေ့နေတာဝန်။ ရှေ့နေအလှည့် ရောက်ပါပြီ။ ကောင်းကောင်းပြန်လည်ရှင်းပြပါ။ **အလှည့်ကျလျှင် မနွဲ့ရပါ။**

**သက်သေခံဥပဒေ**

သက်သေခံဥပဒေအရ အဓိကစစ်မေးချက်၊ ပြန်လှန်စစ်မေးချက်၊ ပြန်ရှင်းစစ်မေးချက်ဟူ၍ ပိုင်းခြားထားပါသည်။ တရားခွင်မှာ နေ့စဉ်စစ်မေးနေသူတိုင်း သိပြီးသားပါ။ ဥပဒေပညာရှင်တိုင်း သိပြီးသားပါ။ စစ်မေးသမျှအားလုံးကို ပြန်ရှင်းမေးခြင်းဖြင့်သာ နိဂုံးချုပ်စမြဲပါ။

**သဘာဝကျလှသည်**

အမှုသည်က ရှေ့နေကို ဘာ့ကြောင့် ငှားသလဲ။ ဥပဒေပညာ မတတ်၍၊ မကျွမ်း၍၊ ဥပဒေပညာရှင်ကို အားကိုး၍၊ ရှေ့နေကို အားကိုး၍၊ မိမိအမှုနိုင်ချင်၍ အမှုသည်က ငှားကြတာပါ။ မိမိကိုယ်စား ပြောဆိုခွင့်၊ လျှောက်လဲခွင့်၊ တင်ပြခွင့်၊ ရင်ဆိုင်ခွင့်၊ လက်မှတ်ရေးထိုးခွင့် အခွင့်အာဏာလွှဲပေးကြတာပါ။ ရှေ့နေ၏ လက်ကို "ဝ" ကွက် အပ်လိုက်တာပါ။ အလုံးစုံ အပ်လိုက်တာပါ။ **"နာခံပြီးပြတ် တည်ငြိမ်ပါမည်"** ဟု ပင် လွှဲစာမှာ ဖော်ပြပြီး ဝန်ခံလက်မှတ်ရေးထိုးလိုက် တာပါ။ ရှေ့နေကိုယ်စားလှယ်လွှဲစာမှာ ပြန်ကြည့်ပါ။ အထင်အရှားပါ။ ဒါကလည်း သဘာဝကျလှသည်ဟု ဆိုရမည်ပါ။ ရှေ့နေငှားမှ ထောင်လုံးလုံးကျ အဖြစ်မခံ နိုင်ပါ။ အမှုတစ်ခုလုံး ယုံကြည်ပြီး အပ်လိုက်ပါပြီ။ ဖြစ်သမျှအကြောင်း စုံလင်စွာလည်း အမှုသည်က ရှေ့နေအား ပြောပြီး၊ ရှင်းပြီး၊ တင်ပြပြီး၊ လက်မှတ်ထိုးပြီး၊ အပ်နှံပြီးပါပြီ။

**အမှုအပ်ပြီး နောက်ပိုင်း**

အမှုအပ်ပြီးနောက်ပိုင်း အမှုလိုက်ခငွေကြေးစရန်ပါ ပေးချေပြီး၊ နှစ်ဦးနှစ်ဖက် သဘောတူပြီးနောက်ပိုင်းမှာ ရှေ့နေ၏တာဝန် "စ" ပါပြီ။ ကောင်းကောင်းပြန်လည် ရှင်းပြပါ။ အမှုသည်မေးသမျှ၊ နားမလည်သမျှ၊ သိလိုသမျှ ရှင်းပြ၊ ပြောပြ၊ ဥပဒေလမ်းကြောင်း အပိုင်းအစ တွေ၊ ဉာဏ်မီသမျှ ဆောင်ရွက်ဖို့ ရှေ့နေများ၏ တာဝန် ဖြစ်ပါသည်။

အမှုလက်ခံစဉ်က တစ်မျိုး၊ အမှုအပ်ပြီးနောက်ပိုင်း တစ်မျိုး၊ အချိုးမပြောင်းသင့်ပါ။ ဂုဏ်သိက္ခာရှိသော ရှေ့နေ ပီသရပေမည်။ မိမိ၏ ဥပဒေပညာအတတ်ပညာ အပေါ် မြတ်နိုးလေးစားရပေမည်။ တန်ဖိုးထားရပေမည်။ ရှေ့နေတိုင်း သိရှိနားလည်ပြီးသားပါခင်ဗျာ။

**အမှုနံပါတ်ကအစ**

အမှုနံပါတ်၊ တရားသူကြီးအမည်၊ တရားရုံးအမည်၊ စွဲဆိုသော ပုဒ်မ၊ ဖြေရှင်းရမည့်ပုဒ်မ၊ အမှုလမ်းကြောင်း၊ ရုံးချိန်း၊ သိသင့်သိထိုက်သည် မှန်သမျှ မခွင်းမချန်၊ အမှန်အကန် ရှင်းပြ၊ ပြောပြရမှာအသေအချာပါ။ ခက်ခဲနက်နဲသော ဥပဒေပုဒ်မများကို (နားမလည်မှာစိုး၍) မရှင်းပြသော်လည်း သာမန်ပြည်သူတစ်ဦး သိသင့် သိထိုက်၊ (လျှောက်လှမ်းရမည့် ဥပဒေခရီး) လမ်းကြောင်းကိုတော့ အမှုသည်အား ရှေ့နေက ပြောပြရမှာ အနိမ့်ဆုံးတာဝန်ပါ။

**ရုံးချိန်းမသိ၍**

ရုံးချိန်းမသိ၍ ဟူသော အမှုသည် အတော်များများ၏ တင်ပြချက်ကို နေ့စဉ်လိုလို ကြားရပါသည်။ ဘာကြောင့် မသိရသလဲ။ သိအောင်ရော ကြိုးပမ်းကြရဲ့လား။ အချို့ရှေ့နေများက ရုံးချိန်းကို မပျက်မကွက် သိအောင် စီမံပေးထားကြစမြဲပါ။ (ဥပမာ) အမှုလိုက်စာတွဲကတ်ပြားထုတ်ပေးထားခြင်းမျိုး။ မိမိ၏ရှေ့နေစာရေးက ရေးမှတ်ပြီး သက်ဆိုင်ရာအမှုသည်ကို ပေးထားခြင်းဖြင့် ဘာပြဿနာမှ မရှိပါ။ ဗဟိုအဆင့်ရုံးကြီးများမှာပင် ရုံးချိန်းမသိ၍ ပျက်ကွက်သောအမှုသည်၊ ရှေ့နေများ (စသည်)ရှိတတ်ကြကြောင်း ကြားသိရပါသည်။ မယုံမရှိကြပါနှင့်။



**အမှုခေါ်စာရင်း**

အမှုခေါ်စာရင်းကပ်ထားစမြဲ။ ဥစ္စာရှင်လို ဥစ္စာရှင်ခဲ၊ မိမိအမှုဘယ်နေ့ချိန်းသလဲ။ ဤအခြေခံတာဝန်လောက်ကိုဖြင့် မမေ့မလျော့ မပေါ့မဆ၊ ကျေပွန်သင့်ကြပါသည်။ ရှေ့နေရော အမှုသည်ပါ သတိထားကြသင့်ပါသည်။ ရှေ့နေကလည်း ဂရုမပြု၊ အမှုသည်ကလည်း မသွား။ ရုံးတာဝန်ရှိသူနှင့်လည်း မမေးမြန်း၊ မဆက်သွယ်။ ဘယ်နေ့ချိန်း၍ ချိန်းမှန်းမသိ။ အချို့အမှုသည်များ ရုံးချိန်းလုံးဝမသိ။ အမိန့်ချပြီးသည်ကိုပင်မသိ။ ရှေ့နေကလည်း မပြော။ အမှုရှုံး၍ မပြောတာလည်း ဖြစ်နိုင်သည်။ ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ၊ ပြောဖို့၊ အသိပေးဖို့က ရှေ့နေတာဝန်ပါပဲ။ ရှုံးလျှင်မည်သို့၊ နိုင်လျှင်မည်သို့၊ ရှေ့ဆက်ပြီး ဘာလုပ်ကြမည်လဲ။ ဂုဏ်သိက္ခာရှိသော၊ တာဝန်ကျေသော ရှေ့နေကောင်း တစ်ယောက်ဖြစ်ဖို့ အရေးကြီးသည်။ နာမည်မပျက်စေနှင့်။

**အပြန်အလှန်တိုင်စာများ**

အမှုသည်က မကျေနပ်၍ ရှေ့နေများကို တိုင်ကြသည်။ ရှေ့နေများကလည်း အမှုသည်များကို ပြန်လည်တိုင်ကြသည်။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် ဘားကောင်စီ(ရှေ့နေများကောင်စီ)သို့ တိုင်စာများ ရောက်သည်။ အမှုတစ်မှုမှ နှစ်မှု၊ နှစ်မှုမှသုံးမှု၊ အမှုတွေ ပွားပေသည်။ တစ်ပူပေါ်နှစ်ပူဆင့်။

ကြား၍မတော်။ ရှေ့နေလောက နာမည်ပျက်သည်။ အမှုသည်တွေကလည်း ကတိမတည်။ ဘယ်သူမှန်၍၊ ဘယ်သူမှားသလဲ။ အဖြေရှာမှတွေ့မည်။ အဖြေမတွေ့ခင် အချိန်တွေ ကုန်လွန်းလှသည်။ ငွေကြေးတွေ ကုန်လွန်းလှသည်။ အဆိုးဆုံးကတော့ "သိက္ခာ" မရှိတော့။ " ကျင့်ဝတ် " မရှိတော့။ တရားစီရင်ရေး လောကထဲမှာ အမည်းစက်တစ်စက် ကျသည့်ပမာ။ လက်တွေ့ဘဝများကို ဘယ်လိုဖြေရှင်းကြပါမည်လဲ။

**ကျင့်ထုံးများ**

ရှေ့နေနှင့်အမှုသည်များအကြား အထင်မှား၊ အမြင်မှားတွေ ဘာ့ကြောင့် ဖြစ်ရသလဲ။ ကျင့်ထုံးများအကြောင်း တိတိကျကျ နားမလည်၍၊ မသိ၍၊ ရှင်းမပြ၍၊ တစ်ဦးနှင့်တစ်ဦး အထင်လွဲကြခြင်း ဖြစ်ကြောင်း ပေါ်ပေါက်သည်။ ဘာလုပ်ကြမည်လဲ။

ရာဇဝတ်ကျင့်ထုံးက ဒီလို၊ တရားမကျင့်ထုံးကဒီလို၊ ရုံးစီရင်ပိုင်ခွင့်က ဤသို့၊ တံဆိပ်ခေါင်းခွန်က ဤနှုန်း။ မိတ္တူကူးခက ဤနှယ်။ တရားရုံး၏ ဓလေ့များက ဤသို့။ စသည်ဖြင့် ကျွမ်းကျွမ်းကျင်ကျင်၊ နှံ့နှံ့စပ်စပ်၊ ပွင့်ပွင့်လင်းလင်း ပြောပြဖို့ လိုမည်။ ရှင်းပြဖို့ လိုမည်။ မရှင်းလျှင် မေး။

" ကောင်းကောင်း ပြန်လည်ရှင်းပြပါ " ဟု ထပ်မံဆိုပါရစေ။ ရေးပါရစေ။ အချို့နားမလည်သော အသိအမြင်ရှားပါးသော အမှုသည်များကို ရှင်းပြပြီးကြောင်း နားလည်ပါကြောင်း ဝန်ခံလက်မှတ်ပင် ရေးထိုးစေခြင်းက သင့်မည်လား။ စဉ်းစားဖွယ်။

**စီရင်ချက်**

စီရင်ချက်က ဘာရေးထားသလဲ။ အမှုသည်က နားမလည်။ ရှုံးမှန်းမသိ။ နိုင်မှန်းမသိ။ တရားမမှုများတွင် ပို၍ဆိုး၏။ ဘာကိုဆိုလိုမှန်း မသိ။ တရားသူကြီး၏ ဥပဒေအရေးအသားကို အမှုသည်က ဘယ်လိုနားလည်နိုင်ပါ့မလဲ။ အကျဉ်းနည်းဖြင့် ပလပ်သည်ဟုဆိုလျှင် အကျဉ်းနည်းဆိုတာ ဘာလဲ။ ပလပ်သည်ဆိုတာ ဘာလဲ။ မနည်း ရှင်းပြရသေးသည်။ အဆိုလွှာ၊ အချေလွှာ၊ ပြန်လွှာတွေအကြောင်း ကောက်ချက်တွေ အကြောင်း၊ တရားမစီရင်ထုံးတွေ အကြောင်း၊ ရာဇဝတ်ကျင့်ထုံးတွေအကြောင်း၊ စီရင်ထုံးတွေအကြောင်း၊ မသိနားမလည်နိုင်သော (အမှုသည်မဆိုထားနှင့်) (အချို့ရှေ့နေများပင် ယောင်လည်လည် ဖြစ်နေကြသေး) ဤသို့ဆိုလျှင် အမှုသည်ကို ရှေ့နေက ဘယ်လိုရှင်းပြပါ့...။ ကျမ်းကျေ မှ၊ ဘာသာရပ်နိုင်မှ၊ ကိုယ့်တာဝန်ကိုယ်ကျေမှ၊ အမှု သည် အပေါ်မှာသစ္စာရှိမှ၊ အမှုသည်ကလည်း ကတိတည် သစ္စာရှိမှ၊ အပြန်အလှန်၊ အမှန်အကန်၊ ချောမွေ့အဆင်ပြေမှာ အသေအချာပါ။ ရေးစရာ၊ ပြောစရာတွေ မကုန်နိုင်သေး။

**စေတနာ**

(၁) ရှေ့နေက အမှုသည်ကို ကောင်းကောင်း ပြန်လည်ရှင်းပြပါ။ နားလည်အောင်ရှင်းပြပါ။

(၂) ရှင်းပြနိုင်အောင်လည်းကျမ်းစုံ၊ ဥပဒေစုံ၊ ကျင့်ထုံးအစုံ၊ ရှေ့နေတာဝန်၊ စေတနာမှန်မှ ဖြစ်မှာပါ။

(၃) အမှုသည်များနှင့် နေ့စဉ်ကြုံခဲ့ရသော ရှေ့နေတစ်ဦး၏ အတွေ့အကြုံအချို့ကို တွေးခေါ်မိသော ကျွန်တော်၏ စေတနာ ဥပဒေ အတွေးမျှသာပါ...။ ။

**"အမှုအပ်ပြီးနောက်ပိုင်း အမှုလိုက်ခ ငွေကြေးစရန်ပါပေးချေပြီး၊ နှစ်ဦးနှစ်ဖက်သဘောတူပြီးနောက်ပိုင်းမှာ ရှေ့နေ၏တာဝန် "စ" ပါပြီ။ ကောင်းကောင်းပြန်လည်ရှင်းပြပါ။ အမှုသည် မေးသမျှ၊ နားမလည်သမျှ၊ သိလိုသမျှ ရှင်းပြ၊ ပြောပြ၊ ဥပဒေလမ်းကြောင်း အပိုင်းအစတွေ၊ ဉာဏ်မီသမျှ ဆောင်ရွက်ဖို့ ရှေ့နေများ၏ တာဝန် ဖြစ်ပါသည်"**

# အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ဖို့ သမဝါယမအသင်းများ ဆောင်ရွက်စို့

Kဇင်သစ်(မန်းတက္ကသိုလ်)

**ဒီနှစ်မုတ်သုံရာသီက ခပ်စောစောလေးဝင်ရောက်လာသလို ခံစားမိသည်။ ခပ်ပြင်းပြင်း အပူဒဏ်ကို စောစီးစွာ ငြိမ်းချမ်းရေးပေးလိုက်သည့်ပမာလည်း ဖြစ်မည်ထင်သည်။ ယနေ့ကမ္ဘာကြီးက တစ်နှစ်ထက်တစ်နှစ် ပို၍ ပို၍ ပူနွေးလာသည်က ငြင်းဖွယ်မရှိပါ။ ကမ္ဘာကြီးပူနွေးလာမှုဒဏ်ကို ကြုံကြုံခံရင်း လူသားတို့သည် အေးချမ်းမှု၊ တည်ငြိမ်မှု၊ လုံခြုံမှု၊ သာယာဝပြောမှု၊ စီးပွားတိုးတက်မှု၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ အလုပ်အကိုင် အခွင့်အလမ်း ရရှိရေး၊ လုပ်ငန်းခွင်ပျော်မွေ့ရေး စသည်တို့ကို လိုလားတောင့်တနေကြသည်ကို တွေ့နေကြရပါသည်။**

**အများအကျိုးဆောင် လူမှုစီးပွားဖွံ့ဖြိုးရေး အဖွဲ့ကြီး**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကလည်း လူသားများ၏ လိုအင်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအပါအဝင် ကမ္ဘာကြီး ရေရှည်ဖွံ့ဖြိုး ရှင်သန်ရပ်တည်နိုင်အောင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင် (၁၇) ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်များကို ဖော်ဆောင်ရန်နှင့် လူသားတို့၏ လိုအင်တွေကို တတ်စွမ်းသမျှ ကူညီထောက်ပံ့ ပေးနေသည့် အများအကျိုးဆောင်သည့် လူမှုစီးပွားဖွံ့ဖြိုးရေးအဖွဲ့ကြီး တစ်ခု ကမ္ဘာ့အလယ်တွင် မားမားမတ်မတ် ရပ်တည်နေခြင်း က လူသားတို့အတွက် အားကိုးစရာပင်။ ယင်းအဖွဲ့ကြီးမှာ ၁၈၉၅ ခုနှစ် အင်္ဂလန်နိုင်ငံတွင် ဖွဲ့စည်းထူထောင်ခဲ့သည့် အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ် (International Cooperative Alliance-ICA) ပင် ဖြစ်ပါသည်။ မြန်မာ နိုင်ငံသမဝါယမအသင်းများ၏ ခေါင်သူကြီးဖြစ်သည့် ဗဟိုသမဝါယမအသင်းသည် ၁၉၉၃ ခုနှစ်တွင် ICA အဖွဲ့ဝင် အဖြစ် ဝင်ရောက်ခဲ့ပြီး ICA ၏လှုပ်ရှားမှုများတွင် ပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့သည်မှာ ယနေ့ဆိုလျှင် (၂၆) နှစ်တိုင် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး မြန်မာ့သမဝါယမဖွံ့ဖြိုးရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိနေပေသည်။

ICA အဖွဲ့ဝင်ဖြစ်သည့် မြန်မာနိုင်ငံသမဝါယမအသင်း အဖွဲ့များအနေဖြင့် နှစ်စဉ် ဇူလိုင်လရောက်တိုင်း ရွှဲရွှဲစိုနေတဲ့ မိုးရေများကြားတွင် အပြုံးကိုယ်စီဖြင့် ပျော်ပျော်ပါးပါး အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ဂုဏ်ပြုအခမ်းအနားများ၊ ပြပွဲနှင့် ထုတ်ကုန်ရောင်းချပေးသည့်ပွဲများဖြင့် စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့သည်မှာ ငွေရတုပင်တိုင်ခဲ့ပြီ ဖြစ်ပါ သည်။ ယခုနှစ်မှာလည်း နေပြည်တော်၊ ရုံးအမှတ်(၁၆)၊ သမဝါယမဦးစီးဌာန ရုံးပရိဝုဏ်အတွင်း ဒေသထွက် ကုန်ပစ္စည်းအရောင်းပြခန်းများ ဖွင့်လှစ်ပြီး ဇူလိုင်လ ၅ရက်မှ ၇ ရက်နေ့အထိ ခြိမ့်ခြိမ့်သဲ ဂုဏ်ပြုကျင်းပမည် ဖြစ်ပါ သည်။

၁၉၉၄ ခုနှစ်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ အထွေထွေညီလာခံကြီးက နှစ်စဉ်ဇူလိုင်လ ပထမပတ် စနေနေ့ကို အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အဖြစ် သတ်မှတ် ဆုံးဖြတ်ခဲ့ပြီးနောက် ကမ္ဘာအရပ်ရပ်မှာရှိတဲ့ သမဝါယမ အဖွဲ့အစည်းများနည်းတူ မြန်မာ့သမဝါယမများအနေဖြင့် ၁၉၉၅ ခုနှစ်မှစ၍ နှစ်စဉ် ဇူလိုင်လ ပထမပတ်စနေနေ့ ကျရောက်တိုင်း အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ဂုဏ်ပြု အခမ်းအနားများကို ကျင်းပခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၂၅) ကြိမ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ ဇူလိုင်လ ပထမ စနေနေ့ရောက်တိုင်း သမဝါယမလှုပ်ရှားမှုတွေက ကမ္ဘာ တစ်လွှား ဝင့်ကြွားနေကာ သမဝါယမနှင့်ဆက်နွှယ်သူတို့ကို ပီတိဖုံးစေသည့် နေ့ထူးနေ့မြတ် အခါသမယလည်းဖြစ်ပေ သည်။

**နိုင်ငံပေါင်း ၁၀၉ နိုင်ငံမှ အသင်းအဖွဲ့ ၃၁၀ ကျော် ပါဝင်လာ**

နိုင်ငံတကာရှိ သမဝါယမအဖွဲ့အစည်းများအချင်းချင်း ရင်းနှီးစွာ ပေါင်းသင်းဆက်သွယ် ဆောင်ရွက်နိုင်ရန်နှင့် လူမှုစီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန် ရည်ရွယ် ပြီး ဖွဲ့စည်းထားသည့် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် (ICA) တွင် နိုင်ငံပေါင်း ၁၀၉ နိုင်ငံမှ သမဝါယမ အသင်း အဖွဲ့/ သမဝါယမဘဏ် / သမဝါယမကောင်စီများနှင့် နိုင်ငံအစိုးရ ကိုယ်စားပြုအဖွဲ့အစည်းများ စုစုပေါင်း အသင်းဝင်/အဖွဲ့ဝင် ၃၁၀ ကျော် ရှိနေပြီးဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ် (ICA) သည် ကမ္ဘာ့ကုလသမဂ္ဂမှ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်များကို




တတ်နိုင်သည့်ကဏ္ဍမှ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ရောက်တိုင်း သမဝါယမ လောကသားများသို့ ဆောင်ပုဒ်များဖြင့် မီးမောင်းထိုးကာ နှိုးဆော်တိုက်တွန်းလျက်ရှိပါသည်။ ယခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ဆောင်ပုဒ်မှာ "Coops 4 Decent Work" "အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ဖို့ သမဝါယမအသင်းများ ဆောင်ရွက်စို့ " ဖြစ်ပါသည်။ ICA က တိုက်တွန်းထားသည့် ယခုနှစ် ဆောင်ပုဒ်နှင့်အညီ သမဝါယမများအနေဖြင့် ရေရှည် တည်တံ့ပြီး အားလုံးပါဝင်သော ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များ တိုးချဲ့ဆောင်ရွက်ဖို့နဲ့ သင့်တင့်လျောက်ပတ်တဲ့ အလုပ်အကိုင် များကို သမဝါယမကဏ္ဍမှ ဖန်တီးဖော်ဆောင်ပေးဖို့ လိုအပ်လျက် ရှိပါသည်။

ယနေ့ခေတ်တွင် သာတူညီမျှ - တရားမျှတမှုများ မရှိခြင်း၊ အလုပ်အကိုင်ရရှိရန် မသေချာခြင်းနှင့် အလုပ်ခွင်တည်မြဲမှု မရှိခြင်း၊ အလုပ်အကိုင်ခန့်ထားပေးနိုင်မှုမရှိခြင်း (နည်းပါးခြင်း) များမှာ လူငယ်များအကြား ပိုမိုမြင့်တက်လာခြင်းကြောင့် ကုလသမဂ္ဂပန်းတိုင် (၁၇) ရပ်အနက် ပန်းတိုင် (၈) ပါ နိုင်ငံ အလိုက် တစ်ဦးကျဝင်ငွေ တိုးတက်မှုနှုန်းကို စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်ရေး၊ ထုတ်ကုန် ထုတ်လုပ်သည့်ကဏ္ဍနှင့် လုပ်သား အင်အား အသုံးပြုလုပ်ဆောင်သည့်ကဏ္ဍများကို အလေးပေး ဆောင်ရွက်နိုင်ရေး၊ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင် ဖန်တီးပေးနိုင်မှု၊ စီးပွားရေး၌ စွန့်စားလိုစိတ်ရှိမှု၊ ဖန်တီးတီထွင် နိုင်စွမ်းနှင့် ပြုပြင်ပြောင်းလဲလိုမှုများကို အတည်ပြုပေးနိုင်မည့် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများ အားပေးမြှင့်တင်နိုင်ရေး၊ ၂၀၃၀ ပြည့်နှစ်တွင် လူငယ်များနှင့် မသန်စွမ်းသူများ အပါအဝင် အမျိုးသမီးများနှင့် အမျိုးသားအားလုံး အလုပ်အကိုင် အပြည့် အဝ ရရှိရေးနှင့် တူညီသောအလုပ်အတွက် တူညီသောလုပ်ခ လစာ ရရှိရေး၊ ၂၀၃၀ ပြည့်နှစ်တွင် အလုပ်အကိုင်အခွင့်အလမ်း များကို ဖန်တီးပေးနိုင်သည့် မူဝါဒများ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှု အားကောင်း လာစေရေး၊ ကုန်သွယ်ရေးဆိုင်ရာ အကူအညီအထောက်အပံ့ တိုးမြှင့်ရေးတို့ကို ကမ္ဘာ့နိုင်ငံများက အကောင်အထည်ဖော် ဆောင်ရွက်ဖို့နဲ့ မဖြစ်မနေ လိုက်နာလုပ်ဆောင်ကြဖို့ လိုအပ် လှပါသည်။

**အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖော်ထုတ်ပေးရာနေရာ**

ယခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ဆောင်ပုဒ် မှာလည်း ကမ္ဘာ့သမဝါယမ အဖွဲ့အစည်းများအနေဖြင့် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ပန်းတိုင်ပါ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းအကောင် အထည်ဖော် ဆောင်ရွက်ပြီး ကမ္ဘာ့လူသားအကျိုးပြုမှုနှင့် ကမ္ဘာကြီး သာယာဝပြောမှု၊ ရေရှည်တည်တံ့ခိုင်မြဲရေး၊ အလုပ် အကိုင်များ ဖန်တီးပေးရေးတို့ကို သမဝါယမနည်းစနစ်များဖြင့် ခွန်အားအပြည့် စွမ်းစွမ်းတမံကြိုးပမ်းကြဖို့ တိုက်တွန်းထား ကြောင်း သိရှိရပါသည်။ ကမ္ဘာ့အအောင်မြင်ဆုံး လုပ်ငန်း များတွင် သမဝါယမအဖွဲ့အစည်း ၃၀၀ ခန့်က နေရာယူထားပြီး ၂၀၁၂ ခုနှစ်များဆီက အလုပ်အကိုင်အခွင့်အလမ်းပေါင်း သန်း ၁၀၀ ကို သမဝါယမကဏ္ဍမှ ဖန်တီးပေးနိုင်ခဲ့ပါသည်။ ယနေ့ အချိန်အခါတွင် ကမ္ဘာတစ်လွှား သမဝါယမများက လူဦးရေ ၂၇၉ သန်းကျော်ကို လုံလောက်၊ မျှတသော ဝင်ငွေများရရှိ အောင် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ကြဉ်းပေး နိုင်ခဲ့ကြောင်း ICA က ထုတ်ပြန်ထားပါသည်။

အလျဉ်းသင့်၍ သမဝါယမနှင့်ပတ်သက်ပြီး အနည်းငယ် တင်ပြလိုပါသည်။ "မြန်မာ့သမဝါယမ" ဆိုရာဝယ် အစိုးရဌာန ဖြစ်သည့် သမဝါယမဦးစီးဌာနနှင့် တည်ဆဲသမဝါယမအသင်း ဥပဒေနှင့်အညီ ဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် သမဝါယမ အသင်းဟူ၍ ခွဲခြားသိမြင်သူ နည်းပါးကြပါသည်။ ယခင်ကာလ များက သမဝါယမအသင်းများကို အုပ်ချုပ်သူအစိုးရက ရာနှုန်းပြည့်နီးပါး စီမံခန့်ခွဲခဲ့သည့် အစဉ်အလာကိုပဲ မြင်ယောင် နေခြင်းကြောင့် သမဝါယမအသင်းပိုင်ပစ္စည်းများကို အစိုးရ ဌာနပိုင်ဟု ထင်မြင်နေကြခြင်းပဲဖြစ်ပါသည်။ သမဝါယမအသင်း များသည် ၎င်းတို့ဆန္ဒအတိုင်းသာ အသင်းပိုင် ပစ္စည်းများ၊ အသင်း၏ စီးပွားရေးလုပ်ငန်းများ တိုးတက်မြင့်မားအောင် အသင်းသားအများစု၏ ဆုံးဖြတ်ချက်ဖြင့်သာ စီမံခန့်ခွဲပိုင်ခွင့် ရှိပါသည်။

သမဝါယမဦးစီးဌာနသည် သမဝါယမအသင်းများ ဖွံ့ဖြိုး ရေးအတွက် အသင်းများစည်းရုံး ဖွဲ့စည်းမှတ်ပုံတင်ပေးခြင်း၊ သမဝါယမဆိုင်ရာပညာရပ်များ ပြန့်ပွားအောင် ပညာပေးခြင်း နှင့် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အသင်းများအား ထိန်းကျောင်းတည့်မတ်ပေးခြင်းကိုသာ ဦးစားပေး လုပ်ကိုင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ သမဝါယမ အသင်းပိုင် ပစ္စည်းများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အသင်းလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် သမဝါယမ ဦးစီးဌာနအဆင့်ဆင့်တို့က အသင်းတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြ၍သာ ၁၉၀၅ ခုနှစ်မှ ယနေ့ကာလအထိ နှစ်ပေါင်း ၁၁၄ နှစ်ကျော်ကြာ မြန်မာ့မြေတွင် သမဝါယမများ ရှင်သန်နေခြင်းဖြစ်သည်ဟု ဆိုရပေမည်။

**မူလပိုင်ရှင်မှာ အသင်းသားများသာဖြစ်**

သမဝါယမအသင်းများ၏ မူလပိုင်ရှင်သည် အသင်းသားများ ဖြစ်သည်ဆိုတာကို ပြည်သူအများစုက မသိရှိကြသေးပေ။ အသင်းသားအားလုံးသည် အသင်း၏စားသုံးသူများဖြစ်သလို အလုပ်ရှင်များလည်း ဖြစ်ကြပါသည်။ သမဝါယမဆိုင်ရာ စီးပွား ရေးလုပ်ငန်းတွေကို အကျိုးအမြတ်နဲ့ မောင်းနှင်ခြင်းမျိုးမဟုတ်ဘဲ တန်ဖိုးကို အလေးထားပြီး မောင်းနှင်ကြရမည်ဖြစ်ပါသည်။ ပြည်သူရွေးချယ်တင်မြှောက်ခဲ့သည့် ပြည်သူ့အစိုးရလက်ထက် တွင် တရားဥပဒေစိုးမိုးရေးကို အလေးပေး ဖော်ဆောင် လျက်ရှိရာတွင် တည်ဆဲသမဝါယမ အသင်းဥပဒေအရ သမဝါယမအသင်းများ၏ မူလပိုင်ရှင်သည် အသင်းသားများသာ ဖြစ်နေပါသည်။ အသင်းသားပြည်သူများအနေဖြင့် အသင်း၏ လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ခြင်း၊ မိမိတို့ပိုင်ဆိုင်သည့် သမဝါယမအသင်းများကို ယုံကြည်မှုအပြည့်ဖြင့် စိတ်ဆန္ဒ ပြင်းပြစွာ ဒီမိုကရေစီစံနှုန်းများဖြင့် စီမံခန့်ခွဲနေမှုကို နားလည် သဘောတူခြင်းတို့ဖြင့် ဝန်းရံလိုက်မည်ဆိုပါက မြန်မာ့ သမဝါယမများ ယခုထက်ပိုမို၍ မျက်နှာပန်းလှနေဦးမည် ဖြစ်ပေသည်။

နှစ်ပေါင်း ၁၁၄ နှစ်ကျော် ရှင်သန်ရပ်တည်နိုင်ခဲ့သည့် မြန်မာ့သမဝါယမသည် မြန်မာနိုင်ငံတွင် "အရှည်ကြာဆုံး သော အင်စတီကျူးရှင်း" တစ်ခုဖြစ်သည်ဟု ဆိုလျှင်လည်း မှားမည် မထင်ပေ။ တိုးတက်ခြင်း၊ အောင်မြင်ခြင်းဟူသည် အင်စတီကျူးရှင်းအပေါ် ပြည်သူတို့၏ ယုံကြည်မှုက သက်သေ ထူနေ မည်ဟုထင်ပါသည်။ ယခုကဲ့သို့ **"မြန်မာ့သမဝါယမ အင်စတီ ကျူးရှင်း"** ရှည်ကြာအောင် ရပ်တည်နိုင်ဖို့ ဖန်တီး ပုံဖော်ပေးခဲ့ကြသည့် ယခင်၊ ယခုလက်ရှိ မြန်မာ့သမဝါယမ လောကသားများကို အထူးကျေးဇူးတင်နေမိပါသည်။ သမဝါယမများကြောင့် အခြေခံပြည်သူများ စားဝတ်နေရေး ပြေလည်မှု အထိုက်အသင့်ရှိခဲ့သလို အလုပ်အကိုင် အခွင့် အလမ်းများလည်း ရှာဖွေဖန်တီးပေးလျက် ရှိပါသည်။ မျက်မှောက်ကာလ တွင်လည်း အစိုးရခန့် သမဝါယမဦးစီးဌာန ဝန်ထမ်း ၅၉၀၀ ခန့်၊ သမဝါယမအသင်းပိုင် ငွေကြေးများဖြင့် ခန့်အပ်ထားသည့် ဝန်ထမ်း ၁၅၀၀၀ ခန့်၊ သမဝါယမပိုင် စက်ရုံ၊ အလုပ်ရုံများရှိ လုပ်သားအင်အား ၂၀၀၀၊ အသင်းတည်ရာ သက်ဆိုင်ရာ ဒေသများတွင် အချိန်ပြည့် တာဝန် ထမ်းဆောင်နေသူ ၁၅၀၀၀၀ ခန့်တို့မှာ မြန်မာ့သမဝါယမ များကြောင့် အလုပ်အကိုင်များ ရရှိနေကြခြင်း ဖြစ်ပေ သည်။

**အစိုးရကို တစ်ဖက်တစ်လမ်းမှ ကူညီပေးနေ**

မြန်မာ့သမဝါယမများသည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုလုပ်ငန်း၊ အားလုံးပါဝင်သော စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုတို့ကို လက်တွေ့ကျကျ လုပ်ဆောင်နေသည်ကို လည်း အံ့မခန်းတွေ့နေရပြန်သည်။ မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် လယ်ယာမြေ အဆင့်မြှင့်တင်ခြင်း၊ မျိုးကောင်း၊ မျိုးသန့် မျိုးစေ့ထုတ်လုပ်ငန်းများ တွင်ကျယ် လာစေရေး၊ လယ်ယာသွင်းအားစုနှင့် စက်မှုလယ်ယာ ကူးပြောင်းရေး လယ်ယာသုံးစက်ကိရိယာများအား အရစ်ကျ အငှားဝယ်စနစ်ဖြင့် ရောင်းချပံ့ပိုးပေးနေခြင်းတို့ကို မြန်မာ့ သမဝါယမများက ရှိသမျှခွန်အားဖြင့် အစွမ်းကုန် ကြိုးပမ်း နေမှုကလည်း အစိုးရကို တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုပေးနေသကဲ့သို့ ကျေးလက်နေပြည်သူများ အမှန်တကယ် လိုအပ်နေသည့် အရင်းအနှီးချေးငွေများကိုလည်း ထောက်ပံ့ ပေးလျက်ရှိပါသည်။ နိုင်ငံခြားချေးငွေရယူ၍ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှစ၍ လယ်သမားများသို့ မိုးသီးနှံ၊ ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများကို ခြောက်လတစ်ကြိမ် ထုတ်ချေး၊ ပြန်ဆပ်စနစ်ဖြင့် ပြင်ပအတိုးနှုန်းများထက် သက်သာမှု ရှိအောင် ထောက်ပံ့၊ ထုတ်ချေးပေးနေမှုကြောင့် ကျေးလက် ဒေသ လယ်ယာလုပ်ငန်းခွင်များတွင် အလုပ်အကိုင်အခွင့် အလမ်းများ ထိုက်သင့်သလောက်ရရှိနိုင်ရေး သမဝါယမက ဆောင်ရွက်ပေးနေသည်ဟု ထည့်တွက်မည်ဆိုလျှင်လည်း ရနိုင်ပေသည်။

သို့ဆိုရာ မြန်မာ့သမဝါယမများအနေဖြင့် ဘဏ္ဍာရေး ဆိုင်ရာ ဝန်ဆောင်မှု အားကောင်းလာစေရေး၊ လယ်ယာကဏ္ဍ ထုတ်လုပ်မှုနှင့် ယင်းကဏ္ဍတွင် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေး၊ ကုန်သွယ်ရောင်းဝယ်မှုများတွင် ကူညီ ထောက်ပံ့ပေးနိုင်ရေး၊ အခြားသောကဏ္ဍများတွင်လည်း သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်များ ဖန်တီးပေးခြင်း တို့ကို တိုးမြှင့်လုပ်ဆောင်ခြင်းတို့ဖြင့် ICA အပြည်ပြည် ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်ကြီး၏ တိုက်တွန်းနှိုးဆော်ချက် ကို ပြည့်ဝစွာလိုက်နာ လုပ်ဆောင်ကြလိမ့်မည်ဟု ယုံကြည် လျက် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၆) ရက် (စနေနေ့) တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုလိုက်ရပါတော့သည်။ ။

# ရေကြီးရေလျှံပြဿနာဖြေရှင်းမှု ဆက်တိုက်လုပ်ဆောင်လျက်ရှိပြီး ယခင်နှစ်ထက် ၇၅ ရာခိုင်နှုန်း တိုးတက်လုပ်ဆောင်နိုင်

**ရန်ကုန် ဇူလိုင် ၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံပြဿနာဖြေရှင်းမှု ဆက်တိုက်လုပ်ဆောင်လျက်ရှိပြီး ယခင်နှစ်ထက် ၇၅ ရာခိုင်နှုန်း တိုးတက်လုပ်ဆောင်နိုင်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင် ၁၁၊ ရေစီးရေလာနှင့် ရေဆိုးစီမံခန့်ခွဲမှုလုပ်ငန်းတာဝန်ခံအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဟန်က ပြောသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ ရန်ကုန်မြို့တော်ခန်းမတွင် ဇူလိုင် ၁ ရက်က စာနယ်ဇင်းရှင်းလင်းပွဲ၌ မီဒီယာများ၏ မေးမြန်းမှုကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင် ၁၁၊ ရေစီးရေလာနှင့် ရေဆိုးစီမံခန့်ခွဲမှုလုပ်ငန်းတာဝန်ခံအဖွဲ့ဥက္ကဋ္ဌက ဖြေကြားခဲ့ခြင်းဖြစ်သည်။

"၃၃ မြို့နယ်မှာ ကျွန်တော်တို့ ဆက်တိုက်လုပ်ဆောင်နေပါတယ်။ ဒီလိုလုပ်ဆောင်ခဲ့လို့လည်း ရေစီးရေလာက အရင်နှစ်ထက်စာရင် ၇၅ ရာခိုင်နှုန်း တက်လာတယ်။ ရေစီးရေလာလုပ်ငန်းကို ဆက်လက်လည်း လုပ်ဆောင်နေပါတယ်"ဟု ဦးမင်းဟန်က ပြောသည်။

ထိုသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံပြဿနာ ဖြေရှင်းရန်အတွက် လုပ်ဆောင်ရာတွင် စက်ယန္တရားလိုအပ်ချက်များရှိကြောင်း ၎င်းကပြောသည်။ "ကျွန်တော်တို့ စည်ပင်သာယာမှာ ရေစီးရေလာကတော့ အရင်က လမ်းတံတားနဲ့တွဲတာပေါ့။ အခုကျတော့ သပ်သပ်ခွဲလိုက်တဲ့အတွက် ယန္တရားအခက်အခဲတော့ နည်းနည်းရှိပါတယ်။ ဒီဟာလည်း မြို့တော်ဝန်ကြီးနဲ့ ကျွန်တော်တို့လုပ်ငန်းဌာနနဲ့ ပေါင်းပြီး စက်ယန္တရားတွေ မှာယူဖို့အတွက်လည်း အစီအစဉ်ဆွဲထားပါတယ်"ဟု ၎င်းက ပြောသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံပြဿနာ ဖြေရှင်းရန်အတွက် ရေရှည်စီမံကိန်းများကို ကမ္ဘာ့ဘဏ်အကူအညီဖြင့် လုပ်ဆောင်လျက်ရှိကြောင်း မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးက ပြောသည်။

"ကျွန်မတို့အနေနဲ့ ရန်ကုန်မြို့ရဲ့အနေအထားမှာဆိုရင် ဒီရေကြီးရေလျှံတဲ့ဟာကို ရပ်ကွက်တွေထဲက ထွက်တဲ့ရေတွေ အကုန်လုံးက သဘာဝချောင်းကြီး၊ မြောင်းကြီးတွေထဲကို နောက်ဆုံးစီးဆင်းတာ ဖြစ်ပါတယ်။ အဲဒီလို အခြေအနေမျိုးမှာ သဘာဝချောင်းကြီး၊ မြောင်းကြီးတွေရဲ့ အနေအထားနဲ့ စီးဆင်းတဲ့ ရေမြောင်းတွေကို စနစ်တကျ ဆောင်ရွက်ရတဲ့ အခြေအနေမှာ အရင်တုန်းကရှိခဲ့တဲ့ အနေအထားစနစ်တွေက အခုပြောင်းလဲလာတဲ့အခြေအနေနဲ့ ကိုက်ညီမှုရှိတယ် မရှိဘူးဆိုတာ သိရအောင် ရေရှည်မှာ ပြောင်းလဲလာတဲ့ ရာသီဥတုအခြေအနေနဲ့ မိုးပိုရွာတယ်။ အကြာကြီးရွာတယ်။ ဒီရေတက်တယ်။ ပင်လယ်ရေမျက်နှာပြင်တက်တယ်။ ဒါတွေအကုန်လုံးအတွက်ကို ကြိုတင်ပြင်ဆင်နိုင်ဖို့ ကျွန်မတို့အနေနဲ့ ဒီဖွံ့ဖြိုးရေးမိတ်ဖက်တွေရဲ့ အကူအညီနဲ့ပေါင်းပြီး ဆောင်ရွက်နေတာရှိပါတယ်။ ပထမတစ်ခုကတော့ ကမ္ဘာ့ဘဏ်ပရောဂျက်ဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။ **ငြိမ်းငြိမ်း**

# သဘာဝဘေးကျရောက်ပါက ခိုလှုံနိုင်မည့် ဘက်စုံသုံးသဘာဝဘေးဒဏ်ခံအဆောက်အအုံများ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆောက်လုပ်လျက်ရှိ

**ပုသိမ် ဇူလိုင် ၂**

ဧရာဝတီတိုင်း ဒေသကြီးအတွင်း သဘာဝဘေးကျရောက်ပါက ဒေသခံပြည်သူများ အသုံးပြုနိုင်ရေးအတွက် ဘက်စုံသုံး သဘာဝဘေးဒဏ်ခံ အဆောက်အအုံ ၅၇ လုံး တည်ဆောက်လျက်ရှိကြောင်း တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးက နှစ်စဉ်မိုးများကာ မြစ်ချောင်းပေါများပြီး ရေကြီးရေလျှံမှုတွေ ကြုံရတယ်။ ဒါ့အပြင် နာဂစ်မုန်တိုင်းသင့်ခဲ့ရတဲ့ဒေသတစ်ခုဖြစ်တဲ့အတွက် သဘာဝဘေးတွေ ကြုံလာရင် ပြည်သူတွေခိုလှုံနိုင်မယ့် သဘာဝဘေးဒဏ်ခံ အဆောက်အအုံတွေ လိုအပ်တာကြောင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေနဲ့ ဘက်စုံသုံး သဘာဝဘေးဒဏ်ခံ အဆောက်အအုံတွေ ဆောက်လုပ်ပေးလျက်ရှိပါတယ်" ဟု တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီး ဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းစိုးက ပြောသည်။

"ဒီလို သဘာဝဘေးခိုလှုံရာ ဘက်စုံသုံး အဆောက်အအုံတွေ တိုးမြှင့်ဆောက်လုပ်ပေးခြင်းအားဖြင့် အရင်ကထက်ပိုပြီး သဘာဝဘေးကို ကာကွယ်ပေးနိုင်မယ်လို့မျှော်လင့်ပါတယ်။ သဘာဝဘေးအတွက် ကြိုတင်တွက်ဆပြီး ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားပါတယ်။ သက်ဆိုင်ရာ ဘေးစီမံအဖွဲ့တွေလည်း ပြင်ဆင်ထားကြပါတယ်။ ပြည်သူလူထုဘက်ကလည်း သတိဝီရိယရှိရှိ ပူးပေါင်းပါဝင်ပေးဖို့ ဖိတ်ခေါ်ချင်ပါတယ်။ ရေဘေးနဲ့ ပတ်သက်ပြီး ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ် တုံ့ပြန်မှုလုပ်နိုင်ဖို့အတွက် ဖိုက်ဘာလှေတွေလည်း နိုင်ငံတော်က ထောက်ပံ့ပေးထားပါတယ်။ ကယ်ဆယ်ရေးပစ္စည်း များကိုလည်း တိုင်းဒေသကြီးရုံးနဲ့ ခရိုင်ရုံး ငါးရုံးမှာ လျာထား အိမ်ထောင်စုအတိုင်းစုဆောင်းထားရှိပါတယ်။ ပြည်သူလူထုထံသို့လည်း သဘာဝဘေး အသိပညာ ဖြန့်ဝေပေးခြင်း၊ သဘာဝဘေးဇာတ်တိုက် လေ့ကျင့်ခန်းတွေဆောင်ရွက်ထားပါတယ်"ဟု ၎င်းက ဆက်လက် ပြောသည်။

ယခုလက်ရှိတွင် ဧရာဝတီတိုင်းဒေသကြီး အတွင်း၌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောက်လုပ်ဆဲဘက်စုံသုံး သဘာဝဘေးဒဏ်ခံ အဆောက်အအုံများအနေဖြင့် ဖျာပုံမြို့နယ်၌ ငါးလုံး၊ ဒေးဒရဲမြို့နယ်၌ ငါးလုံး၊ ဘိုကလေးမြို့နယ်၌ ၁၀ လုံး၊ လပွတ္တာမြို့နယ်၌ နှစ်လုံး၊ ပြင်စလူမြို့၌ ၁၅ လုံး၊ မော်လမြိုင်ကျွန်းမြို့နယ်၌ တစ်လုံး၊ ပုသိမ်မြို့နယ်၌ တစ်လုံး၊ ငပုတောမြို့နယ်(ငရုတ်ကောင်း) တစ်လုံး၊ ဟိုင်းကြီးကျွန်းမြို့နယ်၌ ခြောက်လုံး၊ သာပေါင်းမြို့နယ်၌ နှစ်လုံး၊ ရေကြည်မြို့နယ်၌ ငါးလုံး၊ ကျောင်းကုန်းမြို့နယ်၌ တစ်လုံး၊ အင်္ဂပူမြို့နယ်၌ တစ်လုံး စုစုပေါင်း ၅၇ လုံး တည်ဆောက်လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆောက်လုပ်ပြီး ဘက်စုံသုံး သဘာဝဘေးဒဏ်ခံ အဆောက်အအုံပေါင်း အလုံးရေ ၉၀ ရှိကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

# ဝါသီးနှံဈေးကောင်းရသဖြင့် မကွေးတိုင်းဒေသကြီးတွင် ကေတစ်သိန်းကိုးသောင်းကျော် စိုက်ပျိုးမည်

**မကွေး ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီးတွင် ဝါသီးနှံကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က ၁၇၄၁၉ ဧက စိုက်ပျိုးခဲ့ပြီး ဝါသီးနှံအထွက်နှုန်း ကောင်းမွန်ခြင်းနှင့် ဈေးကောင်းရခြင်းများကြောင့် ယခု ၂၀၁၉-၂၀၂၀ နှစ်တွင် ၁၉၂၂၆၁ ဧက စိုက်ပျိုးရန် လျာထားကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးတိုးမင်းထံမှ သိရသည်။

ဝါသီးနှံဖြစ်သည့် မိုးကြိုဝါကို ဖေဖော်ဝါရီလလယ်မှ မတ်လအတွင်းတွင် လည်းကောင်း၊ မိုးဝါကို မေလလယ်မှ ဇွန်လကုန်အတွင်းတွင်လည်းကောင်း၊ မိုးနှောင်း ဝါကိုဇူလိုင်လလယ်မှ ဩဂုတ်လအတွင်း စိုက်ပျိုးနိုင်သည်။ တောင်သူများသည် ဝါမျိုးကွဲများစွာ ရှိသော်လည်း မိမိဒေသနှင့် သင့်လျော်ပြီး အထွက်နှုန်းကောင်းသည့် ငွေချည် ၆ နှင့် ရွှေတောင် ၈ ချည်မျှင်ရှည်ဝါမျိုးများကို အဓိကထား စိုက်ပျိုးကြကြောင်း သိရသည်။

ချည်မျှင်ရှည်ဝါသည် ရက်ပေါင်း ၁၂၀-၁၅၀ အတွင်း ထွက်ရှိပြီး ထွက်ရှိလာသော ဝါဂွမ်းများကို တရုတ်ပြည်မှလည်း ဝယ်ယူကြောင်း သိရသည်။ အများအားဖြင့် ဝါဂွမ်းများကို ဝါစိုက်ပျိုးရာ ဒေသများတွင် ပုဂ္ဂလိက ဝါအဝယ်ဒိုင်များက ဝါဂွမ်းတစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀ နှုန်းဖြင့် ဝယ်ယူလျက်ရှိပြီး ဝါတစ်ဧကစိုက်ပျိုးပါက ပိဿာ ၅၀၀ မှ ၁၀၀၀ ကြား ထွက်ရှိကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါဂွမ်းများကို ကုန်သည်များထံမှတစ်ဆင့် ပြည်တွင်းရက်ကန်းစင်များမှ ဝယ်ယူပြီး လက်သုပ်ပဝါ၊ ပုဆိုး၊ ချည်စောင်(ခုတ္တုစောင်)၊ ပင်နီအင်္ကျီများအား ပြည်တွင်း ဈေးကွက်တွင် ရောင်းဝယ်ဖောက်ကားလျက်ရှိသည်။ ဝါစေ့ကို မျိုးအဖြစ်လည်းကောင်း၊ ဆီကြိတ်၍လည်းကောင်း၊ ရရှိလာသော ဝါစေ့ဆီကို ပဲကြော်ဖိုများမှ ဝယ်ယူအသုံးပြုကြပြီး ဝါစေ့ပင်ပေါက်ကို ကြော်ချက်၍ စားသုံးကြကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ချည်မျှင်ရှည်ဝါ စိုက်ပျိုးရာတွင် တောင်သူပညာပေးလုပ်ငန်း၊ သီးလုံးဖောက်ပိုးကာကွယ်ရေးလုပ်ငန်း၊ စိုက်ပျိုးနည်းသင်တန်းများအား တစ်နှစ်လျှင် အနည်းဆုံးသုံးကြိမ် သင်တန်းပေးလျက်ရှိပြီး လိုအပ်ပါက စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှလည်း သင်တန်းများ လာရောက်ပို့ချပေးကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးတွင် ဝါစိုက်ပျိုးသောမြို့နယ် ၂၁ မြို့နယ်ရှိပြီး အများဆုံး စိုက်ပျိုးသော မြို့နယ်များမှာ ပခုက္ကူ၊ ရေစကြို၊ မကွေး၊ နတ်မောက်၊ မြို့သစ်၊ တောင်တွင်းကြီး၊ စလင်း၊ မင်းလှ၊ အောင်လံ၊ ဆင်ပေါင်ဝဲဒေသများတွင် ဝါသီးနှံကို အများဆုံး စိုက်ပျိုးကြသည်။

"ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ စက်မှုကုန်ကြမ်းသီးနှံဖြစ်တဲ့ ဝါသီးနှံကို တိုင်းဒေသကြီးအတွင်း ရာသီဥတုကိုက်ညီတဲ့အတွက်ရယ်၊ ဈေးနှုန်းတွက်ခြေကိုက်တဲ့အတွက်ရယ်၊ တိုးချဲ့စိုက်ပျိုးလို့သင့်တော်တဲ့အတွက်ရယ်၊ တောင်သူတွေ ပိုမိုစိုက်ပျိုးလာအောင် မီဒီယာတွေ၊ ရေဒီယိုတွေ၊ လက်ကမ်းစာစောင်တွေနဲ့ အသိပညာပေးပါတယ်။ ဘက်ပေါင်းစုံ၊ နည်းပေါင်းစုံနဲ့ ထောင့်စေ့အောင် လုပ်ဆောင်နေပါတယ်။ ဝါလုပ်ငန်းတိုးတက်ရင် စိုက်ပျိုးရေးကဏ္ဍသာမက စက်မှုလုပ်ငန်းနဲ့ အထည်အလိပ်လုပ်ငန်းတွေပါ မြင့်တက်လာမှာ ဖြစ်ပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူးက ပြောသည်။

**မေသူလွင် (မကွေး)**

# ပုလောမြို့နယ် ရှပ်ပုံ-ဖိုးရှမ်းကမ်းခြေသွားမြေသားလမ်းအား ကွန်ကရစ်ခင်း

**ရန်ကုန် ဇူလိုင် ၂**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၄၂၄/၁-)မှ ရှပ်ပုံ-ဖိုးရှမ်း ကျေးရွာကမ်းခြေသွား ကျေးလက်လမ်း ခုနစ်မိုင်ကို ပုလောမြို့နယ် ကျေးလက်လမ်းဦးစီးက ရာသီမရွေး သွားလာနိုင်ရန် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျေးလက်လမ်းမှာ တိုင်းဒေသကြီးအစိုးရက စီမံခန့်ခွဲသောလမ်းဖြစ်ပြီး စုစုပေါင်း ဖိုးရှမ်းကမ်းခြေအထိ ခုနစ်မိုင်ရှိသည်။ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် ကျေးလက်ပြည်သူများက ကိုယ့်အားကိုယ်ကိုးလမ်းအဖြစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တိုင်းဒေသကြီးရန်ပုံငွေဖြင့် အရှည်နှစ်မိုင်ကို ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် နယ်စပ်ရေးရာနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သုံးဖာလုံကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ဟုလည်း သိရသည်။

အဆိုပါ ကျေးလက်လမ်းသည် ပုလောမြို့နယ် ရှပ်ပုံ-ဖိုးရှမ်းကျေးရွာ အပါအဝင် ကျေးရွာပေါင်း ကိုးရွာမှ အိမ်ခြေ ၁၈၀၀ ရှိ ကျေးလက်နေ ပြည်သူ ၉၆၂၀ တို့အတွက် အကျိုးပြုမည့် ကျေးရွာချင်းဆက်လမ်းတစ်လမ်းဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**



ဖိုးရှမ်းကျေးလက်လမ်းအား ကွန်ကရစ်ခင်းနေစဉ်။

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ညောင်ဇင်ကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ ရေစင်တည်ဆောက်ပြီးစီး

**ချောက် ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် ညောင်ဇင်ကျေးရွာတွင် အမြင့်ပေ ၂၀၊ ဂါလန် ၅၀၀၀ ဆံ့စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါရေစင်အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၈၁၂၉ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချောက်မြို့နယ်အတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ကျေးရွာကိုးရွာတွင် ရေရရှိရေးလုပ်ငန်း ၁၅ ခုကို စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ် သန်း ၉၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၇ ဒသမ ၆၂၀၆ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးမိုးကျော်**



ညောင်ဇင်ကျေးရွာ၌ တည်ဆောက်ပြီးစီးသည့် ရေစင်ကို တာဝန်ရှိသူတို့ ကွင်းဆင်းစစ်ဆေးစဉ်။

# ရော်ဘာစိုက်ပျိုးထုတ်လုပ်ခြင်းနှင့် အစေးလှီးခြင်း သရုပ်ပြသင်တန်း တာချီလိတ်၌ ဖွင့်လှစ်

**တာချီလိတ် ဇူလိုင် ၂**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့ရှိ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန တောင်သူပညာပေးသင်တန်းခန်းမ၌ ဒေသခံ ရော်ဘာစိုက်ခင်းများမှ တောင်သူများအား ရော်ဘာစိုက်ပျိုး ထုတ်လုပ်ခြင်းနှင့် အစေးလှီးခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် မြေပြင်တွင် လက်တွေ့သရုပ်ပြသည့် သင်တန်းကို ဇူလိုင် ၁ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးတင်ဦးက အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေဝင်းနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်တို့က ဒေသခံတောင်သူများအား အမှာစကားပြောကြားသည်။ ထို့နောက် တာချီလိတ်ခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ရော်ဘာ စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် အစေးလှီးခြင်းဆိုင်ရာ သိကောင်းစရာများကို သင်ကြားပို့ချခဲ့သည်။



စနစ်တကျရော်ဘာအစေးလှီးနည်းပညာများကို ကျွမ်းကျင်ပညာရှင်များက လက်တွေ့သရုပ်ပြနေစဉ်။

ထို့နောက် တောင်သူများအား လက်တွေ့သရုပ်ပြခြင်းကို ဖန်မင်ကျေးရွာအုပ်စုရှိ ရော်ဘာစိုက်ခင်း၌ သွားရောက်ပြုလုပ်ကြပြီး စိုက်ပျိုးရေးဦးစီးဌာန ရော်ဘာသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနမှ ကျွမ်းကျင်ပညာရှင်နှစ်ဦးက ရော်ဘာ အစေးလှီးခြင်းဆိုင်ရာ နောက်ဆုံးပေါ် နည်းပညာများ၊ ရော်ဘာစိုက်ပျိုးခြင်းနှင့် အစေးလှီးခြင်းတွင် ရှောင်ရန်ဆောင်ရန်နှင့် အထူးသတိပြုရမည့်အချက်များကို နည်းစနစ်တကျ အဆင့်ဆင့် လက်တွေ့သရုပ်ပြခဲ့သည်။ ရော်ဘာ အစေးလှီးခြင်း လက်တွေ့သရုပ်ပြသင်တန်းသို့ မိုင်းဖြတ်၊ တာလေ၊ မိုင်းကိုးနှင့် မိုင်းဖုန်းဒေသများမှ ရော်ဘာစိုက်ခင်းပိုင်ရှင်ပေါင်း ၆၄ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ သရုပ်ပြပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးထွန်းထွန်းထွေးတို့လည်း တက်ရောက်၍ ဒေသခံ ရော်ဘာတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ တောင်သူများက သိရှိလိုသည့် မေးမြန်းမှုများကိုလည်း ပြန်လည် ဖြေကြားပေးခဲ့ကြသည်။ တောင်သူတစ်ဦးက ယခု သရုပ်ပြသော နည်းပညာများကို ရလိုကြောင်းနှင့် မည်ကဲ့သို့ ရရှိနိုင်မည်ဟူသည့် မေးမြန်းမှုအပေါ် ညွှန်ကြားရေးမှူးက ပြန်လည်ဖြေကြားခဲ့ရာတွင် နည်းပညာရယူလိုသဖြင့် သင်တန်းတက်ရောက်လိုသူများ ရှိပါက နာမည်စာရင်းပေးသွင်းကာ သင်တန်းသို့ လာတက်နိုင်ပါကြောင်း၊ သင်တန်းသားအတွက် ခရီးသွားလာစရိတ်နှင့် စားစရိတ် အားလုံးကို မိမိတို့ဦးစီးဌာနက တာဝန်ယူမည်ဖြစ်ကြောင်း၊ အကယ်၍ တောင်သူများနေထိုင်ရာ ဒေသတွင် သင်တန်းတက်ရောက်လိုသူ ၃၀ နှင့်အထက်ရှိပါက မိမိတို့ဌာနမှ ပညာရှင်များကိုယ်တိုင် တောင်သူများ၏ ရော်ဘာစိုက်ခင်းများသို့ ကွင်းဆင်းပြီး နည်းပညာ သရုပ်ပြသင်တန်းကို လာရောက်ပို့ချပေးလိုပါကြောင်း ဖြေကြားခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**

# စူပါနှံကောက်စပါး စံကွက်မှ တစ်ဧက တင်း ၁၈၀ နှုန်း ထွက်ရှိ

**နေပြည်တော် ဇူလိုင် ၂**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအုပ်စု၌ ပျိုးသက်နုကောက်ကွက်ကြဲစပါးစိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထားသည့် နွေစပါးစံကွက်ရိတ်သိမ်းပွဲကို ဇွန်လနောက်ဆုံးပတ်က ပြုလုပ်ခဲ့ရာ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် နွေစပါးစိုက်တောင်သူများ တက်ရောက်ခဲ့ကြသည်။ ဒက္ခိဏသီရိမြို့နယ်တွင် ၂၀၁၈-၂၀၁၉ ခုနှစ် နွေစပါးရာသီအတွက် ဧက ၁၆၈၀ စိုက်ပျိုးရန် လျာထားသတ်မှတ်ခဲ့ပြီး လျာထားချက်ထက် ကျော်လွန်၍ ၂၃၉၂ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း စံကွက်ရိတ်သိမ်းပွဲ၌ တောင်သူများနှင့် တွေ့ဆုံစဉ် နေပြည်တော်ကောင်စီဝင်က ပြောကြားသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲတွင် ပျိုးသက်နုကောက်ကွက်ကြဲ စပါးစိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထားသည့် စူပါနှံကောက်စပါးမျိုး စိုက်ခင်း၌ စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကမှ စပါးအစို ၁၈၀ ဒသမ ၁၃၄ တင်းနှုန်းအထိ ထွက်ရှိကြောင်း သိရသည်။

**မေမိုးသဲ**



# ပိုးမွှားအန္တရာယ်ကာကွယ်နှိမ်နင်းရေး နမ့်စန်စိုက်ကွင်း၌ ကွင်းဆင်းပညာပေး

**နမ့်စန် ဇူလိုင် ၂**

ရှမ်းပြည်နယ် နမ့်စန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီ သီးနှံဌာနခွဲ၏ နမ့်စန်စိုက်ကွင်း၌ ပိုးမွှားကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများကို ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပိုးမွှားကာကွယ်ရေးတာဝန်ခံနှင့် တာဝန်ရှိသူများက ဇူလိုင် ၁ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ကွင်းဆင်းဆောင်ရွက်ရာ၌ နမ့်စန်စိုက်ကွင်းမှူး ဦးအောင်သူရဘလှ(လက်ထောက်ညွှန်ကြားရေးမှူး)က ယခုနှစ် မိုးရာသီအတွင်း နေကြာမျိုးစေ့ထုတ်စိုက်ခင်း၊ ပိုက်ဆံလျှော်မျိုးစေ့စိုက်ခင်း၊ အစေ့ထုတ်ပြောင်း မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်နှင့် အစေ့ထုတ်ပြောင်း စံပြစိုက်ခင်းများ စိုက်ပျိုးထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကာ ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပိုးမွှားကာကွယ်ရေးတာဝန်ခံ ဒေါ်သင်းသင်းလဲ့က စိုက်ခင်းအတွင်း ငမြှောင်တောင်ပိုးဥမြုံများ၊ ပိုးလောက်ကောင်များကို ကောက်ယူဖျက်ဆီးခြင်းဖြင့် ပိုမိုထိရောက်စွာ ကာကွယ်နိုင်ရေးကို ဆွေးနွေးပြောကြားခဲ့သည်။

နမ့်စန်စိုက်ကွင်းသည် မျိုးစေ့ထုတ်လုပ်ရေးကို အဓိကဆောင်ရွက်လျက်ရှိသည့် စိုက်ကွင်းဖြစ်ပြီး ဓာတုပိုးသတ်ဆေးများ အသုံးပြုရာတွင် စနစ်တကျ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုရန်လည်း ပိုးမွှားကာကွယ်ရေးတာဝန်ခံက မှာကြားခဲ့ကာ အစေ့ထုတ်ပြောင်း စံပြစိုက်ခင်းကိုလည်း တာဝန်ခံက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**သိခ်**

# ငပုတော-မြောင်းမြ ကားလမ်းတွင် ၁၀ တန်အထိ ယာဉ်ငယ်များကိုသာ ဖြတ်သန်းခွင့်ပြု

**ငပုတော ဇူလိုင် ၂**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ငပုတောမြို့နှင့် မြောင်းမြမြို့ကြား ဆက်သွယ်ထားသည့် ငပုတော-မြောင်းမြ ကားလမ်းတွင် ယာဉ်နှင့်ကုန် စုစုပေါင်းအလေးချိန် ၁၀ တန်အထိသာရှိသော ယာဉ်ငယ်များကိုသာ ဖြတ်သန်းသွားလာခွင့်ပြုထားကြောင်း ငပုတောမြို့နယ် လမ်းဦးစီးဌာနမှ အသိပေးထုတ်ပြန်ထားချက်အရ သိရသည်။

အဆိုပါ ကားလမ်းပေါ်တွင် မိုးရာသီကာလအတွင်း ကားကြီးများ ဖြတ်သန်းသွားလာခြင်းကြောင့် လမ်းပျက်စီးမှုများ မဖြစ်ပေါ်စေရန်နှင့် လမ်းများကို ရေရှည်အသုံးပြုနိုင်စေရန်အတွက် ယခုလို ယာဉ်ငယ်များကိုသာ ဖြတ်သန်းခွင့်ပြုခြင်းဖြစ်ကြောင်း သိရသည်။ ငပုတော-မြောင်းမြ ကားလမ်းပေါ်တွင် ဇွန်လ ပထမပတ်မှစတင်ကာ နိုဝင်ဘာလ နောက်ဆုံးပတ်အထိ ယာဉ်နှင့်ကုန် စုစုပေါင်း ၁၀ တန်အထိ တင်ဆောင်နိုင်သော ကားများကိုသာ ဖြတ်သန်းသွားလာခွင့်ပြုသွားမည်ဖြစ်ပြီး ဒီဇင်ဘာ လဆန်းပိုင်းမှစ၍ ကားအားလုံးကို ပြန်လည်ဖြတ်သန်းခွင့်ပြုသွားမည်ဖြစ်ကြောင်း မြို့နယ်လမ်းဦးစီးဌာနက အသိပေးထုတ်ပြန်ထားခြင်းဖြစ်သည်။

**လှမင်းထွဋ် (ပြန်/ဆက်)**

## သတင်းတိုများ

### မြန်မာအမျိုးသမီးများနေ့ အကြို စာစီစာကုံးပြိုင်ပွဲ ဆုများချီးမြှင့်

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းပြီး မြန်မာအမျိုးသမီးများနေ့အကြိုအဖြစ် ကျင်းပခဲ့သော အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲတို့မှ ဆုရရှိသူများအား ဇူလိုင် ၂ ရက်က မြို့နယ် ကွန်မြူနတီစင်တာခန်းမ၌ ဆုများချီးမြှင့်ခဲ့သည်။ ဆုပေးပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သူဇာသိမ့်က မြန်မာအမျိုးသမီးများနေ့အကြောင်းကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ယုယုဝင်းက ပြိုင်ပွဲကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသော ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

**အိအိအောင် (ချောင်းဦး)**

### မူးယစ်ဆေး ကျဆင်းရေး အသိပညာပေးဟောပြော

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ရွာကြီးကျေးရွာအုပ်စု ရွာကြီး(မြောက်) ကျေးရွာရှိ ဆံပင်စက်ရုံမှ အလုပ်သမား ၅၀ ခန့်အား ဇွန် ၂၈ ရက်က မူခင်းကျဆင်းရေး ပညာပေးဟောပြောခဲ့သည်။ သာစည်မြို့မရဲစခန်းမှူး ဒုရဲမှူးသန်းမောင်နှင့် ရဲတပ်ဖွဲ့ဝင်များက အဆိုပါစက်ရုံသို့ ကွင်းဆင်း၍ မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းနှင့် မူခင်း ကျဆင်းရေး သိကောင်းစရာများကို အလုပ်သမားများအား အသိပညာပေး ဟောပြောကာ လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ဘိုဘို (မလှိုင်)**

### အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာဖြေဌာန ထီးချိုင့်မြို့နယ်၌ ဖွဲ့စည်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ကြီးမှူးကျင်းပသည့် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအတွက် စာဖြေဌာနကို စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်၌ ဖွဲ့စည်းသည့် အစည်းအဝေးကို ဇွန်လ နောက်ဆုံးပတ်အတွင်းက မောင်းကုန်းစံပြကျေးရွာ ကံသစ်ကျောင်းတိုက်၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌ တိုက်ကုန်းဆရာတော်နှင့် ရွှေကူတောင်ဆရာတော်တို့က သြဝါဒချီးမြှင့်ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဘဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက် မြို့နယ်သာသနာရေးဦးစီးဌာနမှူးက ထီးချိုင့်မြို့နယ်၌ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ ကျင်းပခွင့်ပြုကြောင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားလွှာကို ဖတ်ကြားကာ စာမေးပွဲကျင်းပရေး အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းကြပြီးနောက် အမှုဆောင်အဖွဲ့ဝင်များ၏ အမည်များကို မြို့နယ်သာသနာရေးဦးစီးမှူးက ဖတ်ကြားကြေညာပေးခဲ့သည်။

**ဗထူး**

### မြန်မာအမျိုးသမီးများနေ့အကြို ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ဝမ်းတွင်း)၌ မြန်မာအမျိုးသမီးများနေ့အကြို အသိပညာပေးဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂ ရက်က ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် မြို့နယ်အမျိုးသမီး ကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်က အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်လေးခိုင်က မြန်မာအမျိုးသမီးများနေ့ဖြစ်ပေါ်လာပုံကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးက အမျိုးသမီးဥပဒေရေးရာအကြောင်းများကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိက အမျိုးသမီးများနှင့်ပတ်သက်သည့် ဥပဒေပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက ပျို့ရွယ်သူကျန်းမာရေး သိကောင်းစရာများကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့သည်။ ထို့နောက် မြန်မာအမျိုးသမီးများနေ့အကြို အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

### မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စကားရည်လုပွဲကျင်းပ

ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စကားရည်လုပြိုင်ပွဲကို ဇူလိုင် ၁ ရက်က မုဒုံမြို့ အထက(၂)ကျောင်း ပညာရတနာခန်းမ၌ ကျင်းပခဲ့ရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ငွေရီနှင့် အဖွဲ့ဝင်များ၊ အထက(၂)ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးမောင်ညိုနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများတက်ရောက်ခဲ့ကြသည်။ စကားရည်လုပွဲတွင် ‘အမျိုးသားများသည် အမျိုးသမီးများထက် စွမ်းဆောင်နိုင်သည်’ဟူသော ခေါင်းစဉ်ဖြင့် အဆိုဘက်မှ ကျောင်းသားငါးဦး၊ အချေဘက်မှ ကျောင်းသူငါးဦးတို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲအပြီးတွင် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

### မြန်မာအမျိုးသမီးများနေ့အကြို ပညာပေးဟောပြောပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် အမျိုးသမီးကော်မတီက ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့အကြို အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁ ရက်က မတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းက အမှာစကားပြောကြားပြီး မြို့နယ် အမျိုးသမီးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်က အမျိုးသမီးများ ရင်ဆိုင်နေရသော အခက်အခဲများ၊ ခွဲခြားဆက်ဆံခံရမှု၊ အကြမ်းဖက်ခံရမှု၊ သက်ငယ်မုဒိမ်းမှုများ ကြိုတင်ကာကွယ်နိုင်ရေးစသည့် အကြောင်းအရာများကို ရှင်းလင်းဟောပြောခဲ့သည်။

ဆက်လက်၍ မြို့နယ် ရင်ခွင်မဲ့ကလေးများလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သွယ်သွယ်ဦးက ရင်ခွင်မဲ့ကလေးများ လျှော့ချနိုင်ရေးနှင့် Single Mother များအကြောင်းကို ရှင်းလင်းပြောကြားကာ မြို့နယ်အမျိုးသမီးကော်မတီအဖွဲ့ဝင် ဒေါ်နှင်းစန္ဒာအေးက အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်မားရေးဆိုင်ရာများကို ဟောပြောခဲ့သည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## ပြည်ထဲရေးဝန်ကြီးဌာန
## အကျဉ်းဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေ
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အကျဉ်းဦးစီးဌာန၊ ကင်းသာ (၁/၂)ကျောက်ထုတ်စခန်း၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်အချုပ်ထောင်၊ ဇမ္ဗူသီရိမြို့နယ် နေပြည်တော်ကောင်စီနယ်မြေရှိ အကျဉ်းသားများအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း စားသုံးရန် လိုအပ်သော ရိက္ခာဆန် (၇၈၁၂)အိတ်အား မြန်မာငွေကျပ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူအနေဖြင့် တင်ဒါယှဉ်ပြိုင်သည့်ရက်၌ စပေါ်ငွေအဖြစ် ရိက္ခာဆန်အိတ် တန်ဖိုးကျသင့်ငွေ၏ ၁% ကို တင်ဒါအာမခံစပေါ်ငွေအဖြစ် Payment Order Cheque(PO Cheque) ပြုလုပ်ပေးသွင်းရန်နှင့် မိမိပေးသွင်းမည့် ရိက္ခာဆန်နမူနာတို့အား ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့သို့ တင်ပြရပါမည်။

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်/နေရာ** - ၃-၇-၂၀၁၉ရက် မှ ၂-၈-၂၀၁၉ရက်အထိ ကင်းသာ(၁)ကုန်ထုတ်စခန်း တပ်ကုန်းမြို့နယ်

၄။ **တင်ဒါဖွင့်မည့်ရက်နှင့် အချိန်/နေရာ** - ၆-၈-၂၀၁၉ ရက် နံနက် ၁၁ နာရီ ဖြစ်ပါသည်။ နေပြည်တော်အချုပ်ထောင်၊ အကျဉ်းဦးစီးဌာန

၅။ တင်ဒါတစ်စုံလျှင် ငွေကျပ် ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်) နှုန်းဖြင့် ကင်းသာ(၁)စခန်း၊ စခန်းတာဝန်ခံရုံး၊ ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့တွင် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက စခန်းတာဝန်ခံရုံး၊ ကင်းသာ(၁) ကုန်ထုတ်စခန်း ဖုန်း-၀၉-၂၅၃၄၂၇၈၉၂၊ ၀၉-၂၅၁၁၀၅၃၈၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အကျဉ်းဦးစီးဌာန၊ ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)မှ စီဂျီအိုများအား အောက်ပါအတိုင်း တင်ဒါခေါ်ယူ ရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ရေနံထွက်ပစ္စည်းအမျိုးအမည် | ပမာဏဂါလံ | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် |
|---|---|---|---|---|---|
| | | | နေ့ရက် | နာရီ | နေ့ရက်၊ နာရီ |
| ၁။ | စီဂျီအို | ၅၀၀၀၀၀ | ၂-၈-၂၀၁၉ရက် | မွန်းလွဲ၁၃နာရီ | ၂-၈-၂၀၁၉ရက် မွန်းလွဲ ၁၄နာရီ |
| ၂။ | စီဂျီအို | ၅၀၀၀၀၀ | ၁၆-၈-၂၀၁၉ရက် | မွန်းလွဲ၁၄နာရီ | ၁၆-၈-၂၀၁၉ရက် မွန်းလွဲ ၁၄နာရီ |

၂။ တင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများအား တစ်လကြိုတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂သို့ ရုံးချိန်အတွင်း ဆက်သွယ်၍မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောဦးစီးဌာန
# လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်(၁၀/၂၀၁၈-၂၀၁၉)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Water Bowser (မီးသတ်စက်တွဲ) ဂါလန်(၁၆၀၀)ဆံ့ ၆-စီး

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာဝယ်ယူရန်** - ၃-၇-၂၀၁၉ ရက်မှ ၁၁-၇-၂၀၁၉ ရက်အထိ

(ခ) **တင်ဒါပေးသွင်းရမည့်ရက်** - ၃-၇-၂၀၁၉ ရက်မှ ၂-၈-၂၀၁၉ရက်၊ ညနေ ၄နာရီအထိ (ရုံးဖွင့်ရက် ရုံးချိန်များအတွင်း)

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် တစ်စောင်လျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**သစ်တောဦးစီးဌာန**
**ရုံးအမှတ်(၃၉)၊ နေပြည်တော်**

---

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောဦးစီးဌာန
# လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်(၉/၂၀၁၈-၂၀၁၉)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ ပင်လယ်ကမ်းရိုးတန်းဒေသနေ ပြည်သူလူထု ရာသီဥတုပြောင်းလဲမှုနှင့်အညီ လိုက်လျောရပ်တည်နေထိုင်နိုင်ရန်အတွက် ဒီရေရောက်သစ်တောများကို စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း FDCCA စီမံကိန်းတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(၁) Speed Boad (Fiber) ၁-စီး Lot-1
(အလျား၂၅' x အနံ ၈'x ဇောက်၄'-အထူ 7mm)
Engine -115 HP YAMAHA F 115 BETL

(၂) Drone(DJI Mavic 2 Pro)နှင့်ဆက်စပ်ပစ္စည်းများ ၄-လုံး Lot-2

(၃) GPS(Garmin 64s) ၁၅-လုံး Lot-3

(၄) Camera-Nikon D 7500 (18-140 mm Lens) နှင့် ဆက်စပ်ပစ္စည်းများ ၄-လုံး Lot-4

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန် ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာဝယ်ယူရန်** - ၃-၇-၂၀၁၉ ရက်မှ ၁၁-၇-၂၀၁၉ ရက်အထိ

(ခ) **တင်ဒါပေးသွင်းရန်** - ၁၂-၇-၂၀၁၉ ရက်၊ ညနေ ၄ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် တစ်စောင်လျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**သစ်တောဦးစီးဌာန**
**ရုံးအမှတ်(၃၉)၊ နေပြည်တော်**

---

# မြိုင်မဟာစည်(ရန်ကုန်)
# (နဝမ)အကြိမ် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၁)လမ်း၊ မြိုင်မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၌ ဝါဆိုဝါကပ်တော်မူကြမည့် မြိုင်ဆရာတော် ဘဒ္ဒန္တပညာဇောတ(ဓမ္မာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ၊ နယ်လှည့်ဓမ္မကထိက) အမှူးပြုသော သံဃာတော်များနှင့် ပင့်သံဃာတော် ဆရာတော်အရှင်သူမြတ်တို့အား နဝမအကြိမ် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (၁၃၈၁ ခုနှစ် ဝါဆိုလပြည့်နေ့) ၁၆-၇-၂၀၁၉ရက် (အင်္ဂါနေ့)တွင် ကျင်းပမည်ဖြစ်ပြီး နံနက် ၉နာရီတွင် မဇ္ဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာ အရှင်ကောဝိဒမှ ရေစက်ချအနုမောဒနာတရား ဟောကြားပါမည်။

**အကျိုးတော်ဆောင်အဖွဲ့**
**မြိုင်မဟာစည်ရိပ်သာ**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၄)မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လမ်း/တံတားတည်ဆောက်ခြင်းလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော လမ်းခင်းပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပေးသွင်းလိုသူများသည် အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ၈-၇-၂၀၁၉ ရက်မှစ၍ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၁၄) အောင်ဇေယျတံတားဝင်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၇-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီ

**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၈-၇-၂၀၁၉ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

**တင်ဒါဖွင့်မည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းအထူးအဖွဲ့(၁၄)၊ အောင်ဇေယျတံတားဝင်း၊ လှိုင်သာယာမြို့နယ်

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၁-၃၆၄၅၀၄၆**

---

# လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

၁။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့ကို ဆက်သွယ်ထားသည့် ငမိုးရိပ်တံတား (သံပေါင်တံတားဟောင်းနှင့် ရေလယ်တိုင်များ) ဖြိုဖျက်ခြင်းလုပ်ငန်းအား လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် လေလံစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများကို ကျောက်တံတားမြို့နယ်၊ မြို့တော်ခန်းမ(ဒုတိယထပ်)၊ လမ်း၊ တံတားဆိုင်ရာလုပ်ငန်း တာဝန်ခံအဖွဲ့ရုံးတွင် ၃-၇-၂၀၁၉ ရက်မှ ၁၇-၇-၂၀၁၉ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူလျှောက်ထားနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက လမ်း၊ တံတားဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) သို့ဖြစ်စေ၊ ဖုန်း-၀၉-၅၁၀၃၂၅၀ သို့ဖြစ်စေ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၂။ လေလံပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

(က) **ကျင်းပမည့်ရက်** - ၁၈-၇-၂၀၁၉ ရက် (ကြာသပတေးနေ့)

(ခ) **ကျင်းပမည့်အချိန်** - နံနက် ၁၀ နာရီ

(ဂ) **ကျင်းပမည့်နေရာ** - ရန်ကုန်မြို့တော်ခန်းမ

**လေလံတင်ရောင်းချရေးကော်မတီ**

---

English Language Centre
# RESEARCHERS
Foundation & Speaking Course

| Start Date | Class | Time | Duration |
|---|---|---|---|
| 6.7.2019 | Morning Sat, Sun | (8:30 to 11:30)AM | 6 Months |

အမှတ် (၃၂)၊ ၄-လွှာ၊ ရွှေတိုက်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။
ဖုန်း - ၀၉ ၂၅၀၁၆၂၀၃၀၊ ၀၉ ၅၆၀၀၂၃၇

---

# ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(၃/ပဒေသာ)၊ ဦးပိုင်အမှတ်(၂၄၇)၊ မြေယာအမှတ်(247)၊ မြေဧရိယာ ၀ဒသမ ၁၁၀ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဦးခင်မောင်အေး ၁၄/မအပ(နိုင်)၀၁၉၂၂၂ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

---

# အမည်ပြောင်း

ရွှေဘိုမြို့နယ်၊ တံခွန်တိုင် ကျေးရွာအုပ်စု၊ ရွှေကူကျေးရွာနေ ဦးတင်လင်း၏သမီး အထက(၂) ဆဋ္ဌမတန်းမှ မသန္တာဦးအား မဟန်နီလင်းဟု ပြောင်းလဲခေါ်ပါရန်။ **မဟန်နီလင်း**

---

# မော်တော်ယာဉ် ဖောင်းကြွနံပါတ်ပြားလျှောက်ထားခြင်း

ယာဉ်အမှတ် 5L/1616, Hyundai Tucson, S/W ယာဉ်လက်ဝယ်ရှိသူ U Zaw Lin ၃/လသန(နိုင်)၀၉၄၂၆၇က မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

---

## ပညာရေးဝန်ကြီးဌာန(TVET)Department နှင့် AGTI Society
## ပူးပေါင်းဖွင့်လှစ်သော Vocational Training Centre
# သင်တန်းသားများ ခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန(TVET) Department နှင့် ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း (AGTI Society)တို့နှင့် ပူးပေါင်း၍ ဖွင့်လှစ်သော အောက်ပါသင်တန်းအမှတ်စဉ်(၈)ကို Sakura-Insein သင်တန်းကျောင်းတွင် ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်းတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

**Sakura-Insein Technical Course**

(က) Commercial Electrical Wiring Course (၃၀) ဦး

(ခ) Electrical Power Distribution Line Course (၁၅) ဦး

**သင်တန်းကာလ(၇)လဖြစ်ပါသည်။**

၂။ ဤသင်တန်းသည် သင်ထောက်ကူပစ္စည်းအပြည့်အစုံနှင့် ဂျပန်နိုင်ငံ၏ လျှပ်စစ်စံချိန်စံညွှန်းများနှင့်အညီ သင်ကြားပေးမည်ဖြစ်သည်။

၃။ ဤသင်တန်းအား စိတ်ပါဝင်စားသော အောက်ဖော်ပြပါအရည်အချင်းနှင့်ပြည့်စုံသူ၊ မြန်မာနိုင်ငံသား အမျိုးသား၊ အမျိုးသမီးများ လျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အနိမ့်ဆုံး တက္ကသိုလ်ဝင်တန်းအဆင့် သင်ကြားဖူးသူဖြစ်ရမည်။

(ဂ) ၂၀၁၉ ခုနှစ် ဩဂုတ်လ(၃၁)ရက်တွင် အသက်(၁၇)နှစ်ပြည့်ပြီး (၂၃)နှစ်ထက်မကြီးသူ။

(ဃ) သင်တန်းကြေးပေးသွင်းတက်ရောက်ရမည်။

လျှောက်လွှာများကို ရန်ကုန်မြို့ သက်မွေးပညာသင်တန်းကျောင်း Sakura-Insein Technical Course တည်ရှိရာ(အင်းစိန်-GTI ကျောင်းဝင်း)၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ ရွာမ၊ အင်းစိန်၊ ရန်ကုန်မြို့နှင့် GTI ကျောင်းသားဟောင်းများအသင်း(ရုံး)၊ အမှတ်-၃၀၃၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(တတိယထပ်) လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့တွင် အခမဲ့ထုတ်ယူနိုင်မည်ဖြစ်ပြီး ၉-၈-၂၀၁၉ ရက်မတိုင်မီ Sakura-Insein Technical Course သင်တန်းကျောင်းသို့ လျှောက်ထားရမည်ဖြစ်ပါသည်။

**အသေးစိတ်သိရှိလိုပါက ကျောင်းအုပ်ချုပ်ရေးရုံးခန်း-**

ဖုန်း-၀၁-၃၆၄၃၆၆၃၊ ၀၉-၇၉၅၅၅၅၃၃၄၊ ၀၉-၉၇၅၂၈၉၇၉၇၊ ၀၁-၅၁၉၈၆၃၊ ၀၉-၅၀၅၆၇၁၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

---

# ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အနော်ရထာစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀၊ မြေကွက်အမှတ်-Y1၊ ဧရိယာ-၅. ၀၂၃ဧက၊ မြေကွက်အမှတ်-Y2၊ ဧရိယာ-၃. ၃၆၂ဧက၊ မြေကွက်အမှတ်-Y3၊ ဧရိယာ-၄. ၃၀၇ဧက၊ မြေကွက်အမှတ်-Y4၊ ဧရိယာ-၃. ၄၉၁ဧက၊ စုစုပေါင်းမြေချိန်ဧရိယာ-၁၆. ၁၈၃ဧကရှိ ပါမစ်မြေကွက်(၄)ကွက်နှင့် ယင်းမြေကွက်(၄)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သော ဦးရွှေကြိုင် (၁၂/ဒဂန(နိုင်)၀၂၆၇၆၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစိတ်တဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်(၄)ကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
**သင်းကြူစိုး LL.B., LL.M.**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၉၇၉၀၅၉၅၉။

---

**ဖခင် အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ အထက ဆင်ဖြူကျွန်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်မြတ်သူနှင့် အဋ္ဌမတန်းမှ မခင်ညိမ်းလှိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးသက်အောင် ၈/စလန(နိုင်)၀၆၃၅၁၁ ဖြစ်ပါကြောင်း။

---

# မိဘအမည်မှန်

ပေါင်မြို့၊ အထက (ပေါင်) နဝမတန်းမှ မင်းမင်းပိုင်၏ မိဘအမည်မှန်မှာ ဦးကြည်ဝင်းလှိုင် ၁၀/ပမန(နိုင်)၁၁၀၁၉၇နှင့် ဒေါ်မိုးခိုင်ဇာ ၁၀/ပမန(နိုင်)၁၃၀၃၇၆ ဖြစ်ပါကြောင်း။

---

# ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်၊ ဆိပ်ကမ်းမြို့နယ်၊ (၈၉)ရပ်ကွက်၊ ကနောင်မင်းသားကြီးလမ်း၊ အမှတ် ၆၈၂/ကနေ မထက်ထက်၏ဖခင် အမည်မှန်မှာ ဦးဆံနီ(ခ)ဦးလှသိန်းမောင် ၁၂/ခရန(နိုင်)၀၆၃၆၉၁ ဖြစ်ပါကြောင်း။

---

# မိဘအမည်မှန်

ပေါင်မြို့၊ အထက(ပေါင်) သတ္တမတန်းမှ မင်းနန္ဒဦးနှင့် အမက (ကဒါမင်းတန်း)မှ မင်းစွမ်းရည်ထူးတို့၏ မိဘအမည်မှန်မှာ မင်းဇေယျာဦး ၁၀/ပမန(နိုင်)၁၀၉၇၀၈နှင့် မိန္တပကား ၁၀/ပမန(နိုင်)၁၀၆၀၆၇ ဖြစ်ပါကြောင်း။

---

# တစ်ဦးတည်းဖြစ်ပါကြောင်း

မိုးညှင်းဒီဂရီကောလိပ်၊ ပထမနှစ်(E-Major)မှ မမိုမိုသဲ၏ဖခင် အမည်မှန်မှာ ဦးသန်းဇော်ဦး(ခ) ဦးမောင်စီ ၁/မညန(နိုင်)၀၉၁၆၃၈ သည် တစ်ဦးတည်းဖြစ်ပါသည်။

---

# မိခင်အမည်မှန်

ပေါင်မြို့ အထက (ပေါင်) အဋ္ဌမတန်းမှ မိအေးချမ်းမိုး၏ မိခင်အမည်မှန်မှာ ဒေါ်စမ်းစမ်းမွန် ၁၀/ပမန(နိုင်)၁၂၀၂၃၅ ဖြစ်ပါကြောင်း။

---

# ဖခင်အမည်မှန်

ပေါင်မြို့၊ အထက (ပေါင်) တက္ကသိုလ်ဝင်တန်းမှ မစံပယ်၏ ဖခင်အမည်မှန်မှာ ဦးခင်ညိမ်း ၁၄/မအပ(နိုင်)၃၇၅၆၅၉ ဖြစ်ပါကြောင်း။

---

# သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းမြို့နယ်၊ စာရေးအနောက်ရွာနေ (ဦးသောင်းဌေး)-ဒေါ်စိန်အုံး (SGG-၀၄၆၃၈၉)၏သား မောင်ထွန်းထွန်းဝင်း ၅/စကန(နိုင်)၁၅၆၅၂၈သည် မိခင်နှင့် ညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**မိခင်-ဒေါ်စိန်အုံး (SGG-၀၄၆၃၈၉)**
**စာရေးအနောက်ရွာ၊ စစ်ကိုင်းမြို့**

---

# ဖခင်အမည်မှန်

ရေတာရှည်မြို့နယ်၊ အထက အဋ္ဌမတန်း(D)မှ မခင်ခက်ခက်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးလှမိုး ၇/ရတန(နိုင်)၀၅၂၄၁၅ ဖြစ်ပါကြောင်း။ **ဦးလှမိုး**

---

# ဖခင်အမည်မှန်

ရေတာရှည်မြို့နယ်၊ အထက တက္ကသိုလ်ဝင်တန်း(A)မှ မဇူးဇူးမောင်၏ဖခင်အမည်မှန်မှာ ဦးမိုးကျော်သူ ၉/မကန(နိုင်)၁၂၂၇၉၄ ဖြစ်ပါကြောင်း။ **ဦးမိုးကျော်သူ**

---

# ဖခင်အမည်မှန်

ရေတာရှည်မြို့နယ်၊ အထက အဋ္ဌမတန်း(A)မှ မမို့မို့ခင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းထွန်း ၈/တတက(နိုင်)၁၂၄၂၆၁ ဖြစ်ပါကြောင်း။ **ဦးမျိုးမင်းထွန်း**

---

# ဖခင်အမည်မှန်

ရေတာရှည်မြို့နယ်၊ အထက တက္ကသိုလ်ဝင်တန်း(A)မှ မောင်နေမျိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးဆန်းကျော်ဝင်း ၇/ရတရ(နိုင်)၀၉၁၉၃၉ ဖြစ်ပါကြောင်း။ **ဦးဆန်းကျော်ဝင်း**

---

# ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/66737, New Anbo-125,M/C ယာဉ်လက်ဝယ်ရှိသူ Lucky Shwe Pyi Co.,Ltd.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပခုက္ကူ)**

## အမည်မှန်
ဦးလီဘာ၏သမီး ကျိုင်းတုံမြို့၊ ဇေတဝန်ဘုန်းတော်ကြီးသင်ပညာရေး (မူလွန်)ကျောင်း၊ သတ္တမတန်းမှ မမီနင်း၏ အမည်မှန်မှာ မမီဆာ ဖြစ်ပါကြောင်း။ **မမီဆာ**

## တစ်ဦးတည်းဖြစ်ပါကြောင်း
လားရှိုးမြို့၊ ရပ်ကွက်(၅)၊ နယ်မြေ (၁၉)၊ အိမ်အမှတ်(၁၈၀)နေ ဦးဂေါ်ရွှေချူ (ခ) ဦးကောက်ရှန်း (ခ) ဦးဂေါ်ဂျာ ၁၃/လရန(နိုင်)၀၉၆၈၂၇ သည်တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း
ဦးကျစော၏သမီး ကျိုင်းတုံမြို့၊ မိုင်းဇင်းအုပ်စု၊ ကတ်ဇင်းကျေးရွာနေ မဂျွန်အဲ့နီ ၁၃/ကတန(နိုင်)၁၉၂၄၇၄နှင့် မဂျွန်အဲ့နီမှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၁၀-၂၀၀၀ ဖြစ်ပါကြောင်း။ **မဂျွန်အဲ့နီ(ခ)မဂျွန်အဲ့နီ**

## အမည်ပြောင်း
ဦးဇော်လင်းအောင်၏သမီး ဆားလင်းကြီးမြို့နယ်၊ ဒုန်းတော အလက (Grade-6)(သင်ရိုးသစ်)တန်းမှ မအိရွှေစင်ငြိမ်းအား မသွန်းသီရိစံဟု ပြောင်းလဲခေါ်ပါရန်။ **မသွန်းသီရိစံ**

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း
ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ နယ်မြေ(၈)၊ အိမ်အမှတ် (၅၀၈)နေ ဦးဘွတ်ပါရ်ဆပ် (ဘ)ဦးသာရပါတီ ၁/ဝမန(နိုင်)၀၅၄၇၈၇၈၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။




**မှတ်ပုံတင်စာချုပ်အမှတ် (၁၂၆/၂၀၁၇)**

အထက်ဖော်ပြပါ အမည်အမှတ်တံဆိပ်ကို မြစ်ကြီးနားမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဦးဘွတ်ပါရ်ဆပ်မှ မိမိတစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ နယ်မြေ(၈)၊ အိမ်အမှတ် (၅၀၈)တွင် ဖွင့်လှစ်ထားသည့် သုံးရာသီဆိုင်တွင်ရောင်းချနေသော TSD Co.,Ltd မှတင်သွင်းသည့် အထက်ဖော်ပြပါအမည်အမှတ်တံဆိပ် အမှတ်အသားကိုအသုံးပြု၍ ဘက်ထရီအိုးအမျိုးမျိုးကို ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပြီး အဆိုပါကုန်ပစ္စည်းအမျိုးမျိုးတို့တွင် GOLDSHELL အမည်ဖြင့် ပါဆယ်ထုပ်များ၊ စက္ကူအိတ်၊ စက္ကူပတ်၊ စက္ကူဘူး၊ စက္ကူပုံး၊ ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူးနှင့်ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းအစရှိသည်တို့ပေါ်တွင်လည်းကောင်း၊ အဆိုပါကုန်ပစ္စည်းများပေါ်တွင် ၎င်းကုန်အမှတ်တံဆိပ်အမှတ်အသားကို အရွယ်အစားအမျိုးမျိုးပြုလုပ်ပြီးလျှင် ဖိနှိပ်၍ ကပ်နှိပ်၍ အသားတံဆိပ်အမျိုးမျိုးဖြင့်ပြုလုပ်၍ မြစ်ကြီးနားမြို့နယ်နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းတွင် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ အဆိုပါ တံဆိပ်အမည်အမှတ်အသားဖြင့် ဆိုင်းဘုတ်၊ ဗီနိုင်းကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ ရုပ်ရှင်ဆလိုက်ကြော်ငြာ၊ တီဗွီ၊ ဗီဒီယိုကြော်ငြာ၊ မဂ္ဂဇင်းကြော်ငြာနှင့် တံဆိပ်တုံး၊ ဒီဇိုင်းတံဆိပ်တုံး၊ ငွေရပြေစာဖြတ်ပိုင်း၊ Internet,Website,Email,Facebook တို့တွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အမှတ်တံဆိပ် အမည်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ သုံးစွဲ၍ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားမပြုလုပ်ကြပါရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍ အတုအပ ပြုလုပ်သုံးစွဲကြောင်း တွေ့ရှိရပါက တည်ဆဲ ဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေလင်းနိုင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၀၁၆)**
**အမှတ် ၃၈၅၊ ရွှေညောင်ပင်ရပ်ကွက်၊ မြစ်ကြီးနားမြို့**
**ဖုန်း-၀၉-၄၀၀၀၃၆၁၈၇၊ ၀၉-၇၉၇၃၂၄၇၈၅**






## မွေးသက္ကရာဇ်အမှန်
ဦးရှာမွေလ၏သမီး မိုင်းဇင်းအုပ်စု၊ ဝဝမ်လုံးကျေးရွာနေ မနီးလာ ၁၃/ကတန(နိုင်)၁၅၁၅၀၄၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၁၁-၁၉၉၂ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း
ကွမ်းလုံမြို့၊ ကောင်းကျဲရွာမှ မောင်အိုက်ဝင်း (ခ)စိုင်းအိုက်ဝန်း ၁၃/ကလတ(နိုင်)၀၃၉၀၃၇သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း
ကျွန်မ မရွှေအောင် ၃/လဘန(နိုင်)၀၇၆၀၂၀၏ Pass port No (မမှတ်မိ)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၇၈၁၆၀၈**

## တစ်ဦးတည်းဖြစ်ကြောင်း
ကသာခရိုင်၊ ဗန်းမောက်မြို့၊ စီးမော်ကျေးရွာ အထက နဝမတန်းမှ မခင်ချိုထွေး၏ ဖခင် ဦးလူပေါ်(ခ) ဦးလူဘော (ခ)ဦးအောင်ပေါ် ၅/ဗမန(နိုင်)၀၈၁၄၈၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်
ချောင်းဆုံမြို့နယ်၊ အထက (ချောင်းဆုံ)၊ ဆဋ္ဌမတန်း(ဂ)မှ ကျောင်းဝင်အမှတ်(က/၀၅၀၃) မနွေးရတီ၏ဖခင်အမည်မှန်မှာ ဦးအောင်ဘိုဘို ၁၀/ခဆန(နိုင်)၁၃၈၅၀၅ဖြစ်ပါကြောင်း။ **ဦးအောင်ဘိုဘို**

## ပျောက်ဆုံးကြောင်း
ကျွန်မ မမေချိုဆန်း ၁၁/စတန(နိုင်)၀၈၀၄၄၇၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၆၀၉၂၃၄၈၈**

## တစ်ဦးတည်းဖြစ်ပါကြောင်း
တောင်သာမြို့၊ တောင်သာ အထက မှ တက္ကသိုလ်ဝင်တန်းအောင် မအိသူ၏ဖခင် လှည်းကူးမကျေးရွာနေ ဦးဖိုးတာနှင့် ဦးအောင်မြ ၉/တသန(နိုင်)၀၁၈၇၄၁မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း
ကျွန်တော် စိုင်းစံလှ ၁၃/လရန(နိုင်)၀၂၉၈၃၈၏ Pass port No (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၇၈၁၆၀၈**

## မိခင်အမည်မှန်
တမူးမြို့၊ စော်ဘွား (၈)ရပ်ကွက်နေ မောင်ဝေလင်းဖြိုး၏ မိခင်အမည်မှန်မှာ ဒေါ်စိမ်းမို့မို့အောင် ၅/တမန(နိုင်)၀၅၃၂၅၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်
ချောင်းဆုံမြို့နယ်၊ အထက (ကမာကေး)၊ Grade -1မှ မသွန်းပြည့်သဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးကိုဦး ၁၀/ဖဆန(နိုင်)၀၈၇၆၆၇ ဖြစ်ပါကြောင်း။ **ဦးကိုဦး**

## ပျောက်ဆုံးကြောင်း
ကျွန်တော် အောင်နိုင် ၁၁/ရသတ(နိုင်)၀၉၅၀၈၂၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၆၇၅၁၀၇၇**

## ပျောက်ဆုံးကြောင်း
ကျွန်တော် စောမြင့်နိုင် (ဘ) ဦးလှဝင်း ၉/လဝန(နိုင်)၂၃၁၃၇၃၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း ၀၉-၉၅၃၄၆၂၇၇၃**

## ပျောက်ဆုံးကြောင်း
ကျွန်မ နန်းမွေဖောင် ၁၃/မနန(နိုင်)၀၃၃၂၃၁ ၏ Pass port No (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၇၈၁၆၀၈**

## မိခင်အမည်မှန်
ဦးသိန်းတန်၏သား သံဖြူဇရပ်မြို့နယ်၊ အထက(ခွဲ) ဝယ်ဝင်ကရာ ဆဋ္ဌမတန်းမှ မောင်ချမ်းဂျစ်၏ မိခင် ဒေါ်ပုပု၏အမည်မှန်မှာ ဒေါ်ကွန်သန်း ၁၀/သဖရ(နိုင်)၀၄၉၁၁၀ ဖြစ်ပါကြောင်း။ **ဒေါ်ကွန်သန်း**

## ဖခင်အမည်မှန်
မော်လမြိုင်မြို့၊ သုခဝတီ၊ အခြေခံပညာအထက်တန်းကျောင်း၊ ဆဋ္ဌမတန်းမှ မဖြူသွယ်အောင်၏ ဖခင်အမည်မှန်မှာ ဦးစိုးမြင့် ၆/လလန(နိုင်)၁၁၅၈၇၈ ဖြစ်ပါကြောင်း။ **ဦးစိုးမြင့်**

## အမည်ပြောင်း
စစ်တွေမြို့၊ အလက (၇) ကျေးပင်းကြီး၊ တတိယတန်းမှ (ဘ) ဦးမိုးဆန်းလွင်၏ သမီး မမေသူထွန်းအား မသီရိထက်ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မသီရိထက်**

## ဖခင်အမည်မှန်
ပွင့်ဖြူမြို့၊ ကုန်းဇောင်း အထက မှ ကျောင်းဝင်အမှတ်(က-၅၂၅၅) မောင်ဟန်မျိုးဝင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်ခိုင် ၈/ရနခ(နိုင်)၁၅၆၃၄၁ဖြစ်ပါကြောင်း။
**ဦးမောင်မောင်ခိုင်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 3C/1495 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## အမည်မှန်
သံဖြူဇရပ်မြို့နယ်၊ အထက(ခွဲ) ဝယ်ဝင်ကရာ ဆဋ္ဌမတန်းမှ ဦးအောင်လှဝေ-ဒေါ်ကျင်သန်း တို့၏သမီး မကွန်ပယ်၏အမည်မှန်မှာ မသင်းယုမော်ဖြစ်ပါကြောင်း။ **မသင်းယုမော်**

## ဖခင်အမည်မှန်
မော်လမြိုင်မြို့ ၊ သုခဝတီ၊ အခြေခံပညာအထက်တန်းကျောင်း၊ တတိယတန်းမှ မယွန်းဝတီ၏ ဖခင်အမည်မှန်မှာ ဦးစိုးမြင့် ၆/လလန(နိုင်)၁၁၅၈၇၈ဖြစ်ပါကြောင်း။ **ဦးစိုးမြင့်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း
ဒက္ခိဏသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၇/ဒက္ခိဏသီရိအရှေ့ရပ်)၊ ပေ (၁၀၀×၁၀၀)၊ မြေကွက်အမှတ်(ဒ-၂၁၉၇)ဦးသက်မျိုးအောင်(ဘ)ဦးဝင်းအောင် ၁၂/မဘန(နိုင်)၀၀၁၉၉၈ အမည်ပေါက် ပါမစ်မြေ၏ မြေကွက်နေရာ(ယာယီ)ချထားပေးသည့်လက်မှတ်ပျောက်ဆုံးသဖြင့် မိတ္တူမှန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေကွက်နေရာ(ယာယီ)ချထားပေးသည့်လက်မှတ်မူရင်းကိုပယ်ဖျက်ပြီး မိတ္တူမှန်ထုတ်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း
နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက် မြေဧရိယာ ၀ ဒသမ ၀၅၅၈ဧက၊ မြေကွက်အမှတ်(ပ-၄၂၅၃)၊ ဦးစောလင်း ၉/ပမန(နိုင်)၁၆၁၇၉၂(ဘ) ဦးတင်လှိုင်အမည်ပေါက်ပါမစ်မြေကွက်ကို ဒေါ်ခင်ယု ၉/ပမန(နိုင်)၂၂၈၀၉၆ (ဘ) ဦးရွှေဒေါင်းမှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံး ကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း
ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ ရူးကျေးရွာ အထက်ပိုင်းတွင် နေထိုင်သည့် မမာမာဝင်း ၁၁/အမန(နိုင်)၀၂၄၈၉၃သည် မိဘအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ မိဘဖြစ်သူမှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။
**ဦးစောဘဦး ၁၁/အမန(နိုင်)၀၁၆၅၉၂**
**ဒေါ်လှညွန့်ဖြူ ၁၁/အမန(နိုင်)၀၁၆၅၉၁**
**အထက်ပိုင်း၊ရူးကျေးရွာ၊ အမ်းမြို့နယ်၊ရခိုင်ပြည်နယ်**

## ဖခင်အမည်မှန်
ကော့ကရိတ်မြို့နယ်၊ ကော့ဘိန်းကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မင်းလင်းထက်၏ ဖခင်အမည်မှန်မှာ ဦးရွှေလယ် ၃/ကကရ(နိုင်)၀၉၂၂၇၄ ဖြစ်ပါကြောင်း။ **ဦးရွှေလယ်**

## ဖခင်အမည်မှန်
မော်လမြိုင်မြို့၊ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၊ ဆဋ္ဌမတန်းမှ မောင်ကောင်းခန့်ညီ၏ ဖခင်အမည်မှန်မှာဦးလင်းလင်းဦး ၁၀/မလမ(နိုင်)၁၃၈၈၁၃ဖြစ်ပါကြောင်း။


၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများအတွက်.....

မိမိတို့၏ အနာဂါတ်လမ်းကြောင်းကို ရွေးချယ်ပြီးပြီလား ?

Game, Application တွေကို ကိုယ်တိုင်တီထွင်နိုင်သော IT Engineer တစ်ယောက်ဖြစ်ချင်တဲ့ အိပ်မက်ရှိပါသလား ?

ဂျပန်ဘာသာစကားကို ကျွမ်းကျင်စွာ တတ်မြောက်ပြီး ဂျပန်ကုမ္ပဏီတွေမှာ အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးဖြစ်လိုပါသလား ?

ဒီအိပ်မက်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ Metro IT & Japanese Language Centre မှ အတူတူပညာသင်ကြားကြစို့ !

IT နည်းပညာရပ်များကို Zero Level မှစတင်လေ့လာပြီး IT Engineer တစ်ယောက်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီး၏ IT လုပ်ငန်းခွင်တွေမှာ ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည့် " Only One School in Myanmar "






IT နှင့် ဂျပန်စာကို အတူလေ့လာပြီး ဂျပန် IT ကုမ္ပဏီများတွင် အလုပ်လုပ်ကြရအောင်

Japan Style Career Education
◆ System Creator Course ( 2 years )
◆ Web Engineer Course ( 2 years )

2019 July 18 ရက်တွင်ဖွင့်လှစ်မည့်
IT Course တန်းခွဲသစ်အတွက်
ကျောင်းအပ်လက်ခံနေပါပြီ

09-976334160, 09-262007900

METRO
IT & Japanese Language Centre

IT Course Seminar (ဘာသာရပ်ဆိုင်ရာ ရှင်းလင်းပွဲ)
07 July 2019 ( Sunday )
1:00 pm ~ 3:00 pm
Metro IT & Japanese Language Centre ( Yangon )
စိတ်ပါဝင်စားသူများ ဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်းပြီး အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ပါသည်။

Room No (A,B,C,D), 3rd Floor, Kyaw Business Tower Condo, ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ www.facebook.com/metrogroupmyanmar

Times Link
Training Center

သင်တန်းခန်း / ဆိုင်ခန်းများ ငှါးရမ်းနိုင်ပါပြီ...




Corner of Dhamazedi Road and Link Lane, Bahan Township, Yangon.
www.facebook.com/TimeslinkYangon
01 - 515611



• သွေးတိုးရောဂါ
• နှလုံးသွေးကြောကျဉ်းရောဂါ
• ဆီးချိုသွေးချိုရောဂါ
• လေဖြတ်ရောဂါရှိသူများ
• အသက်အရွယ်ကြီးသူများနှင့်
• အဝလွန်သူများအတွက်
ရွေးချယ်စားသုံး/ရှောင်ကြဉ်သင့်သည့်
ဆီအမျိုးအစားများကို လမ်းညွှန်ဖော်ပြပေးထားသော

Ks 15,000




**စားသုံးဆီနှင့် ကျန်းမာရေး**

ဒေါက်တာခင်မောင်လွင် (FAME)

ထွက်ပါပြီ

01-3682199, 3685083, 3685609


## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/5907 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၉/က) သီရိမာလာလမ်း၊ မြေကွက်အမှတ် (၅၁/က)၊ အလျား×အနံ (ပေ၂၀×ပေ ၆၀) အကျယ်ဝန်းရှိ ဦးအုံးမြင့် (S/OKA - 072285) အမည်ပေါက် မြေချပါမစ် မြေကွက်အား စာချုပ်အဆက်ဆက်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ပို့(ကွယ်လွန်)၏ သမီး ဒေါ်ငြိမ်းငြိမ်းမြင့်+၂ ၁၂/ဒဂတ(နိုင်)၀၅၉၈၀၀ ထံမှ ကျွန်မဒေါ်ဇင်မာခိုင်က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်မထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဇင်မာခိုင်**
**အမှတ်(၈၃)၊ ကုဋ္ဌာသယလမ်း၊ ပုသိမ်ညွှန့်(စံပြ)ရပ်ကွက်၊ တာမွေမြို့နယ်**
**ဖုန်း-၀၉-၄၂၀၁၆၈၈၁၅၊ ၀၉-၄၂၀၀၁၇၃၁၅**

## ဖခင်အမည်မှန်

ဦးလှအောင်၏သမီး သံဖြူဇရပ်မြို့နယ်၊ အထက(ခွဲ) ဝယ်ဝင်ကရာ စတုတ္ထတန်းမှ မကေကေခိုင်၏ ဖခင်အမည်မှန်မှာ ဦးနွဲ့ ၁၀/သဖရ(နိုင်)၀၁၇၇၃၂ ဖြစ်ပါကြောင်း။

**ဦးနွဲ့**

## ဖခင်အမည်မှန်

ဦးအမွန်၏သား သံဖြူဇရပ်မြို့နယ်၊ အထက(ခွဲ) ဝယ်ဝင်ကရာ စတုတ္ထတန်းမှ မောင်ဇေယျာလင်း၏ ဖခင်အမည်မှန်မှာ ဦးရဲမင်းထွန်း ၁၀/သဖရ(နိုင်)၁၅၄၁၄၂ ဖြစ်ပါကြောင်း။

**ဦးရဲမင်းထွန်း**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၁၉ လမ်း၊ အမှတ်(၄၇)၊ သုံးလွှာနေ ဦးတင်အေး ၁၂/မဂတ(နိုင်)၀၈၀၆၂၄ နှင့် ဒေါ်ခင်နွယ်မြင့် ၁၂/မဂတ(နိုင်)၀၆၇၄၁၇တို့၏သား မောင်ကျော်ဦး ၁၂/မဂတ(နိုင်)၀၉၉၀၄၁ သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ၊ မိမိဆန္ဒအလျောက် ပြုမူသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**စုံစမ်းမေးမြန်းခြင်း သည်းခံပါ။**

**ဦးတင်အေး-ဒေါ်ခင်နွယ်မြင့်**

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သောအိမ်ရာများ၊ ယာယီမြေရှင်အဖြစ်ဆောင်ရွက်သော တိုက်ခန်းများအားကန်ထရိုက်တာ၊ အမည်ပေါက်နှင့် တိုက်ခန်းနေရာချထားခြင်းခံရသူထံမှတစ်ဆင့်၊ အဆင့်ဆင့်ဝယ်ယူထားသူများ ကအဆောက်အအုံနေထိုင်ခွင့်စာချုပ် ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်းကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ(၁၄)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဒေါက်တာတင်မေညွန့်(၁၂/မဂတ(နိုင်)၀၂၁၉၆၅)(မှ) ဒေါက်တာမျိုးသိုက် ၇/ပခန(နိုင်)၁၆၇၉၁၂ (မှ) | ဦးဇော်ဝင်း ၆/သရခ(နိုင်)၀၃၈၀၉၃ | တိုက်(၇)၊ အခန်း(၁၂)၊ ရွှေဂုံရိပ်မွန်၊ ဗဟန်းမြို့နယ်။ |
| ၂။ | ဒေါ်ဝင်းမြင့် (၁၄/ဘကလ(နိုင်)၀၃၅၇၁၉) (BGE-၀၇၀၂၉၅) (မှ) | ဒေါ်မေပြုံးဝင်း ၁၂/အလန(နိုင်)၀၃၃၂၀၅ | တိုက်(၁)၊ အခန်း(၃၉)၊ ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်။ |
| ၃။ | ဦးမောင်စိုး ၁၂/ကမတ(နိုင်)၀၁၂၂၁၅ (မှ) | ဒေါ်ခင်မာကြည် ၁၄/ဘကလ(နိုင်)၁၈၀၀၇၅ | တိုက်(၁)၊ အခန်း(၄၄)၊ ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်။ |
| ၄။ | ဒေါ်ဥမ္မာလွင် (၁၂/ဗဟန(နိုင်)၀၇၉၃၆၀) (မှ) | မြန်မာနိုင်ငံအလုကုန်အသင်း (ကစ)ဦးဝင်းနိုင်(ဒု-ဥက္ကဌ) ၁၀/မလမ(နိုင်)၀၂၇၄၅၂ | အခန်းအမှတ်(၄/အေ)၊ ကမ္ဘာအေးကွန်ဒိုမီနီယံ၊ မရမ်းကုန်းမြို့နယ်။ |
| ၅။ | ဦးလင်းထွဋ်မောင် ၁၂/လမတ(နိုင်)၀၀၀၉၈၅ (မှ) | မူဟာမက်ဝိုင်ဝိုင်ဒါဝတ် ၁၂/ပဘတ(နိုင်)၀၁၈၀၁၀ | အမှတ်(၁၀၄/၁၁၀)၊ အခန်း(၄)လွှာ(ဝဲ)၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်။ |
| ၆။ | ဦးကြည်ဝင်း (PDG-၀၆၈၂၀၆) (မှ) ဦးတင်ငွေး (DKU-၁၁၅၅၈၇) (မှ) | ဒေါ်စန္ဒာဝင်း ၁၂/ပဘတ(ပြု)၀၀၀၅၀၃ | အမှတ်(၁၆၈/၁၈၈)၊ အမှတ်(၆၂)၊ တတိယထပ်(၂၇)လမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
| ၇။ | ဦးထွန်းကြည်(ခ)ချာတွန့်ကီ ၁၂/လသန(နိုင်)၀၀၇၂၉၁ | ဦးစိန်လွင် ၁၂/ပဘတ(နိုင်)၀၃၀၉၈၈ | အမှတ်(၁၄၅/၁၅၁)၊ အခန်း(၈)မြေညီ၊ (၂၆)လမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
| ၈။ | ဦးကံမြင့် LC-356 ၁၂/မဂတ(နိုင်)၀၇၇၆၀၈ (မှ) ဒေါ်ဟာဇရာဘီဘီ ၁၂/ပဘတ(နိုင်)၀၂၄၁၉၆ (မှ) | ဦးလှမိုး ၁၂/လမတ(နိုင်)၀၀၄၃၂၄ | တိုက်အမှတ်(၁၇၉/၁၈၅)၊ အခန်းအမှတ်(၄)လွှာ(A)(၃၂)လမ်း၊ပန်းဘဲတန်းမြို့နယ်။ |
| ၉။ | ဒေါ်သော်သော်ထွန်း ၁၂/ဗဟန(နိုင်)၀၉၁၈၆၁ (မှ) | ဒေါ်ဖြူဖြူအေး ၁၂/ဗတထ(နိုင်)၀၀၈၃၀၄ | တိုက်(၄)၊ အခန်း(၃၁)၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ ဗဟန်းမြို့နယ်။ |
| ၁၀။ | ဒေါ်စန်းစန်းမြင့် ၁၂/ပဘတ(နိုင်)၀၀၇၈၀၄ (မှ) | ဒေါ်အိဖြူခင် ၁၂/ဥကတ(နိုင်)၁၅၆၄၀၆ | တိုက်(B-4)၊ အခန်း(၄၀၂)၊ ဟံသာဝတီအိမ်ရာ၊ တောင်ဥက္ကလာပမြို့နယ်။ |
| ၁၁။ | ကန်ထရိုက်တာဦးတင်အောင် (LC-၈၅) ဒေါ်မြင့်မြင့်အောင် ၁၂/သဃက(နိုင်)၁၅၈၅၇၅(မှ) | ဦးဝင်းနိုင် ၁၂/ကတတ(နိုင်)၀၁၅၄၄၅ | အမှတ်(၂၇၇)၊ အခန်း(၄)လွှာ-ဝဲ၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်။ |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

# မြန်မာ နှင့် ထိုင်း ယူ-၁၉ အမျိုးသမီးအသင်း ခြေစမ်းပွဲကစားရန် သဘောတူညီမှုရရှိ

ရန်ကုန် ဇူလိုင် ၂

၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းနှင့် ထိုင်း ယူ-၁၉ အမျိုးသမီးအသင်းသည် ပြိုင်ပွဲမတိုင်မီ ခြေစမ်းပွဲကစားရန် သဘောတူညီမှုရရှိခဲ့သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲအတွက် ဇူလိုင် ၁ ရက်မှစ၍ လေ့ကျင့်လျက်ရှိပြီး ပဏာမကစားသမား ၃၀ ဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ပြိုင်ပွဲတွင် ခြေစွမ်းအဆင့်မီစွာ ယှဉ်ပြိုင်နိုင်ရန်အတွက် ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ၊ ပြည်ပလေ့ကျင့်ရေးခရီးစဉ်များ သွားရောက်ကစားရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ထိုင်း ယူ-၁၉ အမျိုးသမီးအသင်းနှင့် စက်တင်ဘာ ၁၄၊ ၁၆ ရက်တွင် ခြေစမ်းပွဲနှစ်ပွဲကစားရန် နှစ်ဖက်ဘောလုံးအဖွဲ့ချုပ် သဘောတူညီမှုရခဲ့ခြင်းဖြစ်သည်။ ထိုင်း ယူ-၁၉ အမျိုးသမီးအသင်းသည် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် အုပ်စုတစ်ခုစီ

*စာမျက်နှာ ၁၂ ကော်လံ ၁* ✻



မြန်မာနှင့် ထိုင်း ယူ-၁၉ အမျိုးသမီးအသင်းတို့ ၂၀၁၈ ခုနှစ်က ရန်ကုန်မြို့၌ ခြေစမ်းပွဲကစားနေစဉ်။ ဓာတ်ပုံ-စိုးညွန့်

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂-၇-၂၀၁၉

| | |
|---|---|
| ကျောက်တော်မြို့ | ၄ ဒသမ ၆၁ လက်မ |
| ချောင်းဆုံမြို့ | ၄ ဒသမ ၂၅ လက်မ |
| ဝေါမြို့ | ၃ ဒသမ ၃၅ လက်မ |
| ပလက်ဝမြို့ | ၃ ဒသမ ၃၁ လက်မ |
| မောင်တောမြို့ | ၃ ဒသမ ၁၉ လက်မ |
| ဟသ်ာတမြို့ | ၂ ဒသမ ၇၆ လက်မ |
| မော်လမြိုင်မြို့ | ၂ ဒသမ ၆၇ လက်မ |
| သံတွဲမြို့ | ၂ ဒသမ ၄၄ လက်မ |
| တောင်ကုတ်မြို့ | ၂ ဒသမ ၄၄ လက်မ |
| ညောင်ဦးမြို့ | ၂ ဒသမ ၄၄ လက်မ |
| ငါးသိုင်းချောင်းမြို့ | ၂ ဒသမ ၃၂ လက်မ |
| သာယာဝတီမြို့ | ၂ ဒသမ ၂၈ လက်မ |
| ရမ်ကလောင်း | ၂ ဒသမ ၂၀ လက်မ |
| မုဒုံမြို့ | ၂ ဒသမ ၁၃ လက်မ |
| ကော့ကရိတ်မြို့ | ၂ ဒသမ ၀၉ လက်မ |
| ဥက္ကံမြို့ | ၂ ဒသမ ၀၅ လက်မ |

မိုး/ဇလ

**စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်နှင့် အကြီးတန်းစာရေး ဒေါ်ညိုညိုဝင်း (ခ) မညိုတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ**

စာ ၁၃

# ဝူဟန် ယူ-၁၄ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲတွင် မြန်မာအသင်းအနိုင်ရ

ဝူဟန် ဇူလိုင် ၂

တတိယအကြိမ် ဝူဟန် ယူ-၁၄ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက တရုတ်နိုင်ငံ ဝူဟန်မြို့၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း နိုင်ပွဲရရှိခဲ့သည်။

မြန်မာ ယူ-၁၄ အသင်းသည် အုပ်စုနောက်ဆုံးပွဲတွင် အာဆီယံဒေသအတွင်း ပြိုင်ဘက် အင်ဒိုနီးရှား ယူ-၁၄ အသင်းနှင့် တွေ့ဆုံခဲ့ပြီး လေးဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ နှစ်ပွဲဆက်ရှုံးထားသည့် မြန်မာအသင်းသည် နောက်ဆုံးပွဲတွင် ခြေစွမ်းပြပြီး နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများတွင် အိမ်ရှင်တရုတ်ကို ငါးဂိုးပြတ်၊ အာရှထိပ်သီး တောင်ကိုရီးယားကို ငါးဂိုးပြတ်ဖြင့် ရှုံးနိမ့်သော်လည်း အင်ဒိုနီးရှားကို အနိုင်ရပြီး သုံးပွဲကစား သုံးမှတ်ဖြင့် အုပ်စုတတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။ ထို့ကြောင့် မြန်မာအသင်းသည် အဆင့် (၅) နေရာအတွက် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပြိုင်ပွဲကို ဇူလိုင် ၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

# အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူးပြိုင်ပွဲတွင် အားကစားသမား ၂၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်

ရန်ကုန် ဇူလိုင် ၂

မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်က ကျင်းပသည့် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူးပြိုင်ပွဲကို ဇွန် ၃၀ ရက်မှ ဇူလိုင် ၁ ရက်အထိ ရန်ကုန်မြို့အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ဝူရှူးလေ့ကျင့်ရေးခန်းမ၌ ကျင်းပခဲ့ရာ အားကစားသမား ၂၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲ၌ အမျိုးသား အမျိုးသမီးသက်တန်းလိုက် လူသစ်တန်း၊ လူဟောင်းတန်း၊ အလွတ်တန်းတွင် ထိုက်ချိကျန့်၊ သောင်းစု၊ ကျန့်စု၊ နန်းသောင်း၊ ကွန့်စု၊ နန်းကွန့်၊ ချန်စု အားကစားနည်းများ ယှဉ်ပြိုင်ခဲ့ကြပြီး ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးသစ္စာ၊ ဥက္ကဋ္ဌ ဒေါ်ခင်ခင်လေး၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ဒုတိယကျောင်းအုပ်ကြီး ဦးဗလကျော်သူနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။ ယင်းပြိုင်ပွဲသည် လူငယ်လူရွယ်များ သိရှိလာစေရန်အတွက် ပြိုင်ပွဲများ စဉ်ဆက်မပျက် ကျင်းပနိုင်ရန်နှင့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်ကျင်းပခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲသို့ နွေရာသီအားကစားသမား သင်တန်းသားသင်တန်းသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကလပ်အသင်းများမှ အားကစားသမား မောင်မယ်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-အေကေလင်း**




အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူးပြိုင်ပွဲတွင် ဝူရှူးအားကစားမယ်တစ်ဦး ဝင်ရောက်ယှဉ်ပြိုင်နေစဉ်။

ဂရန်း(ဒ်)ဟံသာ အင်တာနေရှင်နယ်ဆေးရုံကြီး ဖွင့်ပွဲ အထိမ်းအမှတ် အထူးအစီအစဉ်
GRAND HANTHA INTERNATIONAL HOSPITAL
ဇူလိုင် (၇) ရက်၊ ၂၀၁၉ တစ်ရက်တည်းသာ
(၁)ခုဝယ်လျှင် (၂)ခုလက်ဆောင်
DIAMOND GOLD
Member Card တစ်ကတ်လျှင် ကျပ် (၂၃) သိန်းမှ (၃၃) သိန်းကျော်တန်ဖိုးရှိ ကျန်းမာရေးစစ်ဆေးမှု အစီအစဉ်လက်ဆောင်များ ပါဝင်ပါသည်။
အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ 01 231 7617, 01 523 000, 01 523 111

# ရန်ကုန်မြို့နေ ပြည်သူတွေနဲ့ မြို့ပတ်ရထားလူကူးခုံးကျော်တံတားသစ်တွေ

■ မိုးမြင့်လင်းလက်၊ ဓာတ်ပုံ-ခင်ဇွန်ဇာလင်း



ရန်ကုန်မြို့မှာ ပြည်သူတွေ ခရီးသွားလာရေး အဆင်ပြေစေဖို့နဲ့ အန္တရာယ်ကင်းစေဖို့ ကဏ္ဍပေါင်းစုံမှာ နည်းလမ်းများစွာနဲ့ ဖြေရှင်းဆောင်ရွက်နေတာတွေ့ရပါတယ်။ ဘတ်စ်ကားတွေနဲ့ သွားလာတဲ့သူတွေ၊ ကိုယ်ပိုင်ယာဉ်နဲ့ သွားလာသူတွေအပြင် မြို့ပတ်ရထားစီးပြီးသွားသူတွေ အပါအဝင် လမ်းလျှောက်သွားလာသူတွေအတွက်ပါ အန္တရာယ်ကင်းအောင် ကြိုးစားဆောင်ရွက်နေပါတယ်။ အခုဆိုရင် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းမှာ ပြည်သူတွေသွားလာတဲ့အခါ အန္တရာယ်ကင်းစေဖို့ လူကူးခုံးကျော်တံတား ၃၅ စင်းအထိ တည်ဆောက်သွားမယ်လို့ ဆိုပါတယ်။

"ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွေ အဆင့်မြှင့်တင်တဲ့လုပ်ငန်းတွေ ဆောင်ရွက်နေသလို လူကူးခုံးကျော်တံတားအသစ် ၃၅ စင်းကိုလည်း ထပ်မံတည်ဆောက်သွားမှာ ဖြစ်ပါတယ်။ လက်ရှိမှာတော့ ရထားလမ်းလူကူးခုံးကျော်တံတားသစ်သုံးစင်း တည်ဆောက်ပြီးစီးသွားပြီ ဖြစ်ပါတယ်" ဟု မြန်မာ့မီးရထားတိုင်း(၇) မှ လက်ထောက်မန်နေဂျာ ဦးကျော်မျိုးလင်းက ပြောထားပါတယ်။

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း ၅၉ မိုင်ကို အဆင့်မြှင့်တင်ရေး ဆောင်ရွက်နေပါတယ်။ အဲဒီရထားလမ်းပိုင်းအဆင့်မြှင့်တင်မှု စီမံကိန်းကို ဂျပန်ချေးငွေ အမေရိကန်ဒေါ်လာ ၂၀၇ သန်းအပြင် မြန်မာနိုင်ငံတော်ပြည်ထောင်စုဘတ်ဂျက် ငွေကျပ် ၅၄ ဘီလီယံတို့နဲ့ အကောင်အထည်ဖော် လုပ်ဆောင်နေခြင်း ဖြစ်ပါတယ်။

ရန်ကုန်မြို့ပတ်ရထားလမ်းတစ်လျှောက်မှာ ကားလမ်းကူးနေရာတွေနဲ့ ဘူတာအများစုနေရာတွေမှာ ပြည်သူတွေသွားလာတဲ့အခါ ဘေးကင်းစေဖို့ လူကူးခုံးကျော်တံတားတွေ တည်ဆောက်ရေး အကောင်အထည်ဖော်နေတာ ဖြစ်ပါတယ်။

အခုဆိုရင် ရထားလမ်းလူကူးခုံးကျော်တံတားသစ်သုံးစင်း တည်ဆောက်ပြီးစီးသွားပြီ ဖြစ်သလို တည်ဆောက်နေဆဲ သုံးစင်းနဲ့ ကျန်လူကူးခုံးကျော်တံတား ၂၉ စင်းကိုလည်း သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်သွားဖို့ စီစဉ်ထားပြီးဖြစ်ပါတယ်။ လက်ရှိတည်ဆောက်နေတဲ့ နှုန်းအတိုင်းလုပ်မယ်ဆိုရင် သတ်မှတ်ကာလပြီးစီးမှာ ဖြစ်ပါတယ်။

အဲဒီလူကူးခုံးကျော်တံတား ၃၅ စင်း တည်ဆောက်မှုကို ၂၀၁၈ ခုနှစ်က စတင်ခဲ့တာဖြစ်ပြီး လုပ်ငန်းအားလုံး ပြီးစီးမှုကတော့ လာမယ့် ၂၀၂၀ ပြည့်နှစ်ဖြစ်တယ်လို့ မြန်မာ့မီးရထားတိုင်း (၇) မှ တာဝန်ရှိသူတွေက ပြောပါတယ်။ အခုလောလောဆယ် ရထားလမ်းကူးခုံးကျော်တံတားသစ် တည်ဆောက်နေမှုကတော့ အင်းစိန်စီအိုင်ဒီဂိတ် အလွန်မှာ တစ်စင်းရှိပြီး ရထားလမ်းဖြတ်ကူးတဲ့ ပြည်သူတွေ ဘေးကင်း စေဖို့ ဖြစ်ပါတယ်။

ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း ၅၉ မိုင်အတွင်းမှာ လူကူးခုံးကျော်တံတားသစ်တွေ တည်ဆောက်မယ့် အနေအထားကိုကြည့်ရင် ရန်ကုန်-အင်းစိန် မြို့ပတ်ရထားလမ်းပိုင်းမှာ လူကူးခုံးကျော်တံတား

**အချပ်ပို (၈) သို့**



**ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းမှာ အရင်က ရထားလမ်းလူကူးခုံးကျော်တံတား ၃၅ စင်း တည်ရှိထားတာမို့ အခုအသစ်ဆောက်လုပ်မယ့် ၃၅ စင်းနဲ့ဆိုရင် စုစုပေါင်း လူကူးခုံးကျော်တံတား အစင်း ၇၀ အထိ ရှိလာမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ရထားလမ်း လူကူးခုံးကျော်တံတားသစ်တွေ တည်ဆောက်နေသလို တံတားအဟောင်း ၃၅ စင်းကိုလည်း ပြုပြင်မွမ်းမံ ထိန်းသိမ်းမှုတွေ တစ်ပြိုင်နက်တည်း ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။**

# မိမိစေတနာ ဝေဒနာ မဖြစ်ပါစေနှင့်

● သက်ထက်ကို၊ ဓာတ်ပုံ-အောင်စိုး

ရန်ကုန်မြို့မှာ ဒီကနေ့ ပြည်သူအချို့နဲ့ ဌာနဆိုင်ရာအကြားမှာ တိပတဲ့ ဖြေရှင်းမှုတစ်ခုအနေနဲ့ အောင်မြင်မှု မရနိုင်သေးတဲ့ ကိစ္စတစ်ရပ်က ခွေးလေ ခွေးလွင့် ဖြေရှင်းရေး ပြဿနာပါပဲ။

ခွေးကိုက်လို့ ခွေးရူးပြန်ရောဂါဝေဒနာနဲ့ သေဆုံးမှု သတင်းတွေ၊ ဆေးရုံတွေမှာ ခွေးရူးပြန်ရောဂါကာကွယ်ဆေး လိုအပ်ချက်သတင်းတွေက ပုံနှိပ်မီဒီယာ လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ ထင်ထင်ရှားရှား တွေ့မြင်နေရပါတယ်။

**ခွေးလေ ခွေးလွင့်တွေ ထိန်းသိမ်းပေးဖို့ တောင်းဆို**

ရန်ကုန်မြို့ကြီးပေါ်မှာ ခွေးလေ ခွေးလွင့်တွေ နေစဉ်တိုးပွားလာတဲ့အပြင် လူအများအန္တရာယ်ရှိလာတဲ့အတွက် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တွေ၊ မြို့နယ်အုပ်ချုပ်ရေးနဲ့ ရပ်/ကျေးအုပ်ချုပ်ရေး အဖွဲ့တွေ၊ တစ်ဦးချင်းတစ်ယောက်ချင်းစီက စာနဲ့တစ်မျိုး၊ ဖုန်းနဲ့ တစ်ဖုံ ခွေးလေ ခွေးလွင့်တွေ ထိန်းသိမ်းပေးဖို့ တောင်းဆိုသံတွေကလည်း နေ့စဉ်နဲ့အမျှ စည်ပင်သက်ဆိုင်ရာဌာနဆီကို တက်တက်လာတယ်လို့ သိရပါတယ်။

ဒါပေမယ့် သက်ဆိုင်ရာဌာနအနေနဲ့ တိရစ္ဆာန်ချစ်သူများ၊ ခွေးချစ်သူများရဲ့ တောင်းဆိုမှု၊ ကန့်ကွက်မှုတွေကြောင့် မြို့နယ်တစ်ခုမှာ ဒုတိယမြို့တော်ဝန်ကိုယ်တိုင် တုံ့ဆိုင်းခဲ့ရတဲ့အဖြစ်တွေ ရှိခဲ့ပါတယ်။ ဒါကြောင့် ခွေးလေ ခွေးလွင့် ဖြေရှင်းရေးမှာ အခက်အခဲတွေရှိနေခဲ့ပါတယ်။

ဒီကနေ့ ခွေးလေ ခွေးလွင့်အကောင် အရေအတွက်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကောက်ထားတဲ့ ၂၀၁၉ ခုနှစ် ဇန်နဝါရီလစာရင်းအရဆိုရင် မြန်မာနိုင်ငံ တစ်ဝန်းလုံးမှာ ခွေးကောင်ရေ ၃ ဒသမ ၈၈ သန်း ရှိတယ်လို့ ထုတ်ပြန်ထားချက်အရ သိရပါတယ်။

အဲဒီအထဲမှာ ၇၀ ရာခိုင်နှုန်းက ခွေးလေ ခွေးလွင့်တွေဖြစ်ဖို့ များတယ်လို့ ဆိုထားပြန်ပါတယ်။ တိပစွာအချိုးချပြရရင် ၂ ဒသမ ၆၆ သန်းမှာ ခွေးလေ ခွေးလွင့်တွေဖြစ်တယ်လို့ လေ့လာသူများက တွက်ပြပါတယ်။



ရန်ကုန်မြို့လယ်ရှိ လူစည်ကားရာနေရာတွင် ကျက်စားနေကြသည့် ခွေးလေ ခွေးလွင့်များ။

**“ ရန်ကုန်မြို့ကြီးမှာ မှတ်ပုံတင်နဲ့ ခွေးမွေးတဲ့သူ အရေအတွက်က လွန်စွာပဲ နည်းပါတယ်။ မိမိအိမ်မှာ အစာလာတောင်းလို့ သနားလို့ ကျွေးမွေးတဲ့သူတွေက များပြားပါတယ်။ ဒါပေမယ့် သူတို့ခွေးလားဆိုတော့ မဟုတ်ပါဘူးလို့ ဆိုကြပါတယ်။ သနားလို့ ကျွေးတာပါတဲ့။ တကယ်တမ်းပြဿနာရှိလာရင် ဖြေရှင်းဖို့ အတော်ခက်ခဲပါတယ် ”**

**ရန်ကုန်မြို့မှာ ခွေးကောင်ရေ နှစ်သိန်းရှစ်သောင်း ဝန်းကျင်ရှိနိုင်**

ပြောရမှာတော့ အားနာပါတယ်။ လူနဲ့ ခွေးအချိုးပြန်စေ့ငုရင် လူ ၂၃ ယောက်လောက် အချိုးမှာ ခွေးတစ်ကောင်နှုန်းလောက်ရှိတယ်လို့ ဆိုကြပြန်ပါတယ်။ အဲဒီတော့ ရန်ကုန်မြို့မှာရှိတဲ့ လူဦးရေခြောက်သန်းနဲ့ ပြန်တွက်ကြည့်ပြန်တော့ ရန်ကုန်မြို့မှာ ခွေးကောင်ရေ နှစ်သိန်းရှစ်သောင်း ဝန်းကျင်ရှိနိုင်မယ်လို့ ဆိုပြန်ပါတယ်။

**ပြဿနာရှိလာရင် ဖြေရှင်းဖို့ အတော်ခက်ခဲ**

ဒီကနေ့ ရန်ကုန်မြို့ကြီးမှာ မှတ်ပုံတင်နဲ့ ခွေးမွေးတဲ့သူ အရေအတွက်က လွန်စွာပဲ နည်းပါတယ်။ မိမိအိမ်မှာ အစာလာတောင်းလို့ သနားလို့ ကျွေးမွေးတဲ့သူတွေက များပြားပါတယ်။ ဒါပေမယ့် သူတို့ ခွေးလားဆိုတော့ မဟုတ်ပါဘူးလို့ ဆိုကြပါတယ်။ သနားလို့ ကျွေးတာပါတဲ့။ တကယ်တမ်း ပြဿနာရှိလာရင် ဖြေရှင်းဖို့ အတော်ခက်ခဲပါတယ်။

**အဓိက နည်းလမ်းခြောက်ခုနဲ့ ဆောင်ရွက်နေ**

ဒါကြောင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးက တာဝန်ရှိသူတစ်ဦးရဲ့ ပြောပြချက်အရ ခွေးမွေးမြူရာမှာ နိုင်ငံအနေနဲ့ ကိုက်ညီတဲ့ နည်းလမ်းတွေထဲက အဓိက နည်းလမ်းခြောက်ခုနဲ့ ဆောင်ရွက်နေကြောင်း သိရပါတယ်။

နည်းလမ်း(၁)ကတော့ ခွေးမွေးမြူသူက တာဝန်ယူရတဲ့ နည်းလမ်းပါ။ ဥပဒေပြဋ္ဌာန်းချက်အတိုင်း ခွေးကို မှတ်ပုံတင်ရပါမယ်။ အဲဒီခွေးကို မိမိတာဝန်ယူပြီး မွေးမယ်ပေါ့။ နည်းလမ်း(၂)ကတော့ မျိုးပွားနှုန်းလွယ်ပြီး များတဲ့ခွေးတွေကို ရရှိတဲ့ ဘဏ္ဍာငွေနဲ့ မျိုးပွားနှုန်းကို ထိန်းချုပ်ခြင်းပါ။ နည်းလမ်း(၃)ကတော့ ခွေးရူးပြန်ကာကွယ်ဆေးကို ရရှိတဲ့ ဘဏ္ဍာငွေအပေါ်မူတည်ပြီး အခမဲ့ထိုးပေးခြင်းပါ။ နည်းလမ်း(၄)ကတော့ နေရာတစ်ခုမှာ ခွေးကိုက်တယ်၊ ခွေးဆွဲတယ်၊ လမ်းထဲမှာ

**အချပ်ပို(၈)သို့**



ရန်ကုန်မြို့တော်စည်ပင်သာယာရေးဌာနမှ ခွေးလေ ခွေးလွင့်များအား သားဆက်ခြားဆေးထိုးနှံနေစဉ်။



ရန်ကုန်မြို့ရှိ ခွေးလေ ခွေးလွင့်များအား ခွေးဂေဟာသို့ ပို့ဆောင်ရန် ဖမ်းဆီးထိန်းသိမ်းထားမှုကို တွေ့ရစဉ်။

**ရန်ကုန်မြို့နေပြည်သူတွေနဲ့ မြို့ပတ်ရထားလူကူးခုံးကျော်တံတားသစ်တွေ ..... မှ**

ရှစ်စင်း၊ အင်းစိန်-တညင်းကုန်းရထား လမ်းပိုင်းမှာ လူကူးခုံး ကျော်တံတားလေးစင်း၊ တညင်းကုန်း-မင်္ဂလာဒုံ ရထားလမ်းပိုင်းမှာ လူကူးခုံးကျော်တံတားသုံးစင်းနဲ့ မင်္ဂလာဒုံ-ရန်ကုန်လမ်းပိုင်းမှာ လူကူးခုံးကျော် တံတားအစင်း ၂၀ တည်ဆောက်သွားမှာ ဖြစ်ပါတယ်။

**စုစုပေါင်း လူကူးခုံးကျော်တံတား အစင်း ၇၀ အထိ ရှိလာ**

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းမှာ အရင်က ရထားလမ်း လူကူးခုံးကျော်တံတား ၃၅ စင်း တည်ရှိထားတာမို့ အခုအသစ်ဆောက်လုပ်မယ့် ၃၅ စင်းနဲ့ဆိုရင် စုစုပေါင်း လူကူးခုံးကျော်တံတား အစင်း ၇၀ အထိ ရှိလာမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ရထားလမ်း လူကူးခုံးကျော်တံတားသစ်တွေ တည်ဆောက်နေသလို တံတားအဟောင်း ၃၅ စင်းကိုလည်း ပြုပြင်မွမ်းမံထိန်းသိမ်းမှုတွေ တစ်ပြိုင်နက်တည်း ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

ဒီလို မြို့ပတ်ရထားလမ်းပိုင်းတွေအလိုက် ရထားလမ်း လူကူးခုံးကျော်တံတားသစ်တွေ ထပ်မံတည်ဆောက်ပေးနေခြင်းဟာ နေ့စဉ်နဲ့အမျှ မြို့ပတ်ရထားလမ်းကို မဖြစ်မနေ ကျော်ဖြတ်သွားလာနေရတဲ့ ပြည်သူတွေအတွက် လုံခြုံဘေးကင်းစေပြီး မြို့ပတ်ရထားမောင်းနှင်မှုအတွက်လည်း မလိုလားအပ်တဲ့ အနှောင့်အယှက်၊ မတော်တဆမှုတွေရဲ့ ဘေးအန္တရာယ်မှ ကင်းစေမှာဖြစ်ပါတယ်။

**လူကူးခုံးကျော်တံတားတွေ မဖြစ်မနေ တိုးမြှင့်တည်ဆောက်**

ရန်ကုန်မြို့ပတ်ရထားလမ်းဟာ ရန်ကုန်မြို့နေပြည်သူတွေရဲ့ နေထိုင်ရာရပ်ကွက်တွေအနီး၊ လူစည်ကားရာနေရာတွေအနီး ဖြတ်သန်းတည်ရှိနေမှုကြောင့် နေ့စဉ်နဲ့အမျှ ခရီးသွားပြည်သူတွေ၊ ဈေးသည်ဈေးဝယ်တွေ၊ ကျောင်းသား ကျောင်းသူတွေအတွက် ရထားလမ်းကို ဘေးကင်းစွာ ဖြတ်ကျော်သွားလာနိုင်ရေးက အထူးအရေးပါတဲ့ အနေအထားဖြစ်တာကြောင့် ရထားလမ်းဖြတ်ကျော် လူကူးခုံးကျော်တံတားတွေ မဖြစ်မနေ တိုးမြှင့်တည်ဆောက်နေခြင်းလည်း ဖြစ်ပါတယ်။

ဒါ့အပြင် ပြောင်းလဲလာတော့မယ့် ရန်ကုန်မြို့ပတ်ရထားပြေးဆွဲမှု မြန်နှုန်းတွေကြောင့် မဖြစ်သင့်တဲ့ မတော်တဆမှုတွေ ပြည်သူတွေ မကြုံတွေ့ရအောင် အခုလို လူကူးခုံးကျော်တံတားတွေ နှစ်ဆတိုးမြှင့် တည်ဆောက်ပေးနေခြင်း ဖြစ်ပါတယ်။ ရန်ကုန်မြို့ပတ်ရထား မိုင်နှုန်းမြှင့်ပြေးဆွဲနိုင်ဖို့အတွက် ရထားသံလမ်းတွေ အဆင့်မြှင့်တင်မှု၊ မြို့ပတ်ရထားလမ်း PC Girder လဲလှယ်ထားတဲ့ တံတားအောက်ခြေပိုင်း အဆင့်မြှင့်တင်မှု၊ ရထားသံလမ်းတစ်လျှောက် သံဆန်ခါခြံစည်းရိုးကာရံမှု၊ လမ်းခင်းကျောက်တွေ ဝယ်ယူဖြည့်ဆည်းမှု၊ သံမဏိတံတားပေါင်များ နေရာမှာ တံတားပေါင်အသစ်များ လဲလှယ်ခြင်းစတဲ့ လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။

ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်မှု၊ ရထားတွဲဆိုင်းသစ်တွေ ဖြည့်ဆည်းမှု၊ ဘူတာရုံတွေ၊ လူကူးခုံးကျော်တံတားတွေ အသစ်တည်ဆောက်မှုတွေ ပြီးစီးရင်တော့ အမြန်နှုန်းမြင့်နဲ့ ပြေးဆွဲတော့မယ့် ရန်ကုန်မြို့ပတ်ရထားကဏ္ဍသစ်မှာ ရထားလမ်းဖြတ်ကူးမယ့် ပြည်သူတွေလည်း ဘေးကင်းလုံခြုံမှုနဲ့အတူ သွားလာနိုင်တော့မှာ အမှန်ပါပဲ။ ။



ရန်ကုန်မြို့ အင်းစိန်-တညင်းကုန်းရထားလမ်းပိုင်းရှိ လူကူးခုံးကျော်တံတား။

**အချပ်ပို(ခ)မှ**

ခွေးတွေ များပြားပြီး ပြည်သူတွေ စိုးရိမ်ကြမယ်၊ တိုင်ကြား မယ်ဆိုရင် အဲဒီပြည်သူတွေနဲ့ ညှိနှိုင်းပြီး ဖမ်းဆီး ခြင်းပါ။ နည်းလမ်း(၅)က ခွေးကိုက်မှုတွေ များပြားလာမယ်ဆိုရင်လည်း ဌာနအနေနဲ့ သွားရောက်ဖမ်းဆီးပြီး လှိုင်သာယာမှာရှိတဲ့ ခွေးလေ ခွေးလွင့် ထိန်းသိမ်းရေးဂေဟာကို ပို့တဲ့ နည်းလမ်းများနဲ့ ဆောင်ရွက်နေတယ်လို့ သိရပါတယ်။

အထက်က ဆိုခဲ့တဲ့ နည်းလမ်း(၁)မှာ အိမ်မွေးခွေးအဖြစ် မွေးတော့မယ်ဆိုရင် ၁၉၂၂ ခုနှစ် ရန်ကုန်မြို့မ မြူနီစီပယ် အက်ဥပဒေအရ မှတ်ပုံတင်ရပါမယ်။ လျှောက်လွှာတင်တဲ့အခါ ခွေးပိုင်ရှင်က ၂၀၁၈ ဘဏ္ဍာနှစ်အရ မှတ်ပုံတင်ကြေးနဲ့ မှတ်ပုံတင်ကတ်ပြားခ ပေးဆောင်ရမှာ ဖြစ်ပါတယ်။ နောက်ခွေးကို ကာကွယ်ဆေး မထိုးရသေးရင်လည်း ဌာနမှာဖြစ်စေ၊ အပြင်တိရစ္ဆာန် ဆရာဝန်ဆီမှာဖြစ်စေ ကာကွယ်ဆေးထိုးရမှာ ဖြစ်ပါတယ်။ အဲဒါတွေဆောင်ရွက်ပြီးရင်တော့ ခွေးမှတ်ပုံတင်ကတ်ကို ခွေးလည်ပင်းမှာ အစဉ်အမြဲချိတ်ဆွဲပေးထားရမှာဖြစ်ပါတယ်။ အဓိကတော့ မိမိမွေးမြူထားတဲ့ခွေးကို မိမိက ထိန်းသိမ်းရမှာဖြစ်ပြီး အခြားသူတစ်ဦးကိုကိုက်မိရင် တာဝန်ယူရမှာဖြစ်ပါတယ်။

**ခွေးများကို လမ်းပေါ်အစာမကျွေးရ**

စည်ပင်ဥပဒေမှာ ပြဋ္ဌာန်းချက်တိတိပပရှိပါတယ်။ အများပြည်သူဆိုင်ရာ လမ်း နေရာတွေမှာ တိရစ္ဆာန်များကို အစာမကျွေးရလို့ ပြဋ္ဌာန်းထားပါတယ်။ တကယ်လို့ စေတနာအလျောက် ကျွေးကြမယ်ဆိုရင်တောင် မိမိအိမ်ဝင်း၊ ခြံဝင်းထဲမှာပဲ ခေါ်ကျွေးရမှာဖြစ်ပါတယ်။

ဒါပေမယ့် ခွေးအစာကျွေးသူအများအပြားက လမ်းမကြီးပေါ်မှာပဲ ချကျွေးကြတာကို တွေ့မြင်နေရပါတယ်။ အချို့လည်း ပလတ်စတစ်အိတ်နဲ့ အချို့ကလည်း ဇလုံ၊ ခွက်လေးတွေနဲ့ ချကျွေးပြီး ပြန်သိမ်းသွားတတ်ကြပါတယ်။ ဒါပေမယ့် ခွေးဆိုတဲ့ သတ္တဝါက မိမိကိုကျွေးတဲ့အစာကို ကုန်အောင် မစားတတ်ကြပါဘူး။ နောက်တစ်ကောင်ကျွေးတဲ့ အစာကို လုစားလေ့ရှိပါတယ်။ အဲဒီတော့ စားကြွင်းစားကျန်တွေက လမ်းပေါ်မှာ ပြန့်ကျဲနေတတ်ပါတယ်။ ပတ်ဝန်းကျင်ကို ညစ်ညမ်းမှု ဖြစ်စေတဲ့ အပြင် ကြွက်၊ ယင်များကြောင့် ကျန်းမာရေးရှုထောင့်က ကြည့်မယ်ဆိုရင် ဆိုးကျိုးတစ်ခုဖြစ်လာနိုင်ပါတယ်။

လက်ရှိအနေအထားမှာတော့ စည်ပင်က အဲဒီလိုလမ်းပေါ်မှာ စည်းကမ်းမဲ့ အစာကျွေးတတ်တဲ့ နေရာတွေကို လိုက်လံစာရင်းပြုစုတော့မှာလို့ သိရပါတယ်။ အဲဒီလို စာရင်းတွေပြုစုပြီးတဲ့နောက်မှာ အများပြည်သူတွေ သိသာမြင်သာစေဖို့ အသိပေးဗီနိုင်းဘုတ်တွေ လိုက်ကပ်မယ်၊ ပုံနှိပ်မီဒီယာ၊ ရုပ်သံမီဒီယာတွေကတစ်ဆင့် အသိပေးကြေညာမယ်။


လိုက်နာမှုမရှိခဲ့ရင်တော့ “အသိ” ပေးမှုကနေ “သတိ” ပေး တစ်ဆင့်တက်မှာ ဖြစ်ပါတယ်။ အကယ်၍များ “သတိ” ပေးခြင်းကို လိုက်နာမှုမရှိခဲ့ရင် “အရေးယူ” တဲ့အဆင့်အထိ ဖြစ်လာနိုင်ပါတယ်လို့ သိရပါတယ်။

**အစာမကျွေးရဆိုတဲ့ ပြဋ္ဌာန်းချက်**

အသစ်ထုတ်ပြန်လိုက်တဲ့ မြို့တော်စည်ပင်သာယာရေးဥပဒေ ၂၀၁၈ ဥပဒေပုဒ်မ ၂၃၅(က) အရ အများပြည်သူနဲ့သက်ဆိုင်တဲ့နေရာမှာ တိရစ္ဆာန်များကို အစာမကျွေးရဆိုတဲ့ ပြဋ္ဌာန်းချက်အရ ငွေဒဏ်၊ ထောင်ဒဏ်အဖြစ် သတ်မှတ်အရေးယူနိုင်တယ်ဆိုတဲ့ အကြောင်းလည်း သိရပါတယ်။

ဒါကြောင့် မိမိစေတနာမှ ဝေဒနာအဖြစ်သို့ ရောက်ရှိမသွားနိုင်စေရေးအတွက် နိုင်ငံကြီးသားများပီပီ ပြဋ္ဌာန်းထားတဲ့ စည်းမျဉ်းစည်းကမ်း၊ ဥပဒေများကို လိုက်နာကြရန် အထူးပဲလိုအပ်ပါတယ်။

အကြောင်းအမျိုးမျိုးကြောင့်ဖြစ်စေ၊ စေတနာသဒ္ဓါတရားကြောင့်ဖြစ်စေ၊ ယဉ်ကြအရဖြစ်စေ၊ တိရစ္ဆာန်များကို သနားကြင်နာမှုကြောင့်ဖြစ်စေ၊ တိရစ္ဆာန်များ အထူးသဖြင့် ခွေးများကို ကုသိုလ်ပြုအစာကျွေးလိုပါက လိုအပ်မှုအစဉ်ရှိနေသော ခွေးဂေဟာများသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကာ ကျွေးမွေးခြင်းဖြင့်သော်လည်းကောင်း၊ ငွေကြေးလှူဒါန်းခြင်းဖြင့် သော်လည်းကောင်း ကုသိုလ်ပြုကြပါလို့ တိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်း။ ။



> **❝ ရန်ကုန်မြစ်ကူး “ဒလ” တံတားကြီး မကြာမီပေါ်ထွက်လာပါက ရန်ကုန်နှင့် ဧရာဝတီခရီးမဝေး အနီးလေးဖြင့် ရန်ကုန်တစ်ဖက်ကမ်း ရှိ ဒလ၊ တွံတေး၊ ကွမ်းခြံကုန်း၊ ကော့မှူးမြို့နယ်များသို့ တစ်ဆက်တည်းသွားနိုင်မည်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးရှိ မအူပင်၊ ကျိုက်လတ်၊ ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေးမြို့များသို့ ကုန်းလမ်းခရီးဖြင့် လွယ်ကူစွာ သွားလာနိုင်မည်ဖြစ်ရာ ရန်ကုန်မြို့နှင့် ဆက်စပ်ဒေသများ ဖွံ့ဖြိုးမှုအတွက် များစွာ အထောက်အကူဖြစ်လာ ❞**

**အချပ်ပို(ဃ)မှ**

အခက်အခဲက ရန်ကုန်မြစ်ဖြတ် လုပ်ငန်းခွင်ဝင်တဲ့အချိန်ပါ။ ဒီမြစ်က ပြည်တွင်းပြည်ပ သင်္ဘောကြီးတွေလည်း အသွားအလာများတယ်။ ပြည်သူတွေနဲ့ ကိုယ့်ဝန်ထမ်းတွေ ထိခိုက်မှုမရှိအောင် ဂရုစိုက်လုပ်ရမယ့် တံတားကြီးပါ။ ပြီးသွားရင် ဟိုဘက်ကမ်း ဒီဘက်ကမ်း လူတန်းစား အလွှာအသီးသီး တိုးတက်ပြောင်းလဲလာမယ်လို့ ယုံကြည်ပါတယ်” ဟု ပြောသည်။

ထိုတံတားတည်ဆောက်ခြင်းအတွက် ကိုရီးယားနိုင်ငံမှ ကန်ဒေါ်လာ(၁၃၇ ဒသမ ၈၃၃)သန်းနှစ် ၄၀ ချေးငွေဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း၊ တာဝန်ယူဆောက်လုပ်သည့်အဖွဲ့မှာ ကိုရီးယားနိုင်ငံ၏ GS Engineering Group မှ တည်ဆောက်ခြင်းဖြစ်ကြောင်း၊ ဒုတိယအပိုင်းဖြစ်သည့် ရန်ကုန်ဘုန်းကြီးလမ်းဘက်အပိုင်း ချဉ်းကပ်ဘိုးပိုင်တူးဖော်ဆောက်လုပ်ခြင်းကို ရွှေတောင်ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်မည်ဖြစ်ကြောင်း၊ တတိယအပိုင်းက ရေလယ်ခန်းဖွင့် တာဝါတိုင်ကြီးနှစ်တိုင်နှင့် ကေဘယ်လ်ကြိုးဆိုင်းတံတားကို CCEC တရုတ်ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ယင်းတံတားကြီး၏ ရေလယ်အပိုင်း တာဝါတိုင်နှစ်တိုင် အကွာအဝေးသည် မီတာ ၃၇၀ ခန်းဖွင့်အကျယ်ရှိသည်။ ဒလဘက်အခြမ်း ချဉ်းကပ်တံတားအရှည်သည် ၅၇၇ မီတာ၊ ရန်ကုန်ဘက် အခြမ်းချဉ်းကပ်တံတားအရှည်သည် ၆၀၁ မီတာရှိသည်။ ရေလယ်အပိုင်း ပင်မတံတားအရှည်သည် မီတာ ၆၉၀ ရှည်သည်။ တံတားကြီး၏ စုစုပေါင်းအရှည်မှာ ၆၁၄၄ ပေ ရှည်လျားသည်။ ရေလမ်းကင်းလွတ်အမြင့်သည် ၄၉ မီတာ၊ ပေအားဖြင့် ၁၆၀ ရှိသည်။ တံတားတစ်ဖက်လျှင် ၄ မီတာကျယ် လူသွားပလက်ဖောင်းအသွားအပြန်ပါရှိကာ လေးလမ်းသွားတံတားဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြစ်ကူး “ဒလ” တံတားကြီး မကြာမီပေါ်ထွက်လာပါက ရန်ကုန်နှင့် ဧရာဝတီခရီးမဝေးအနီးလေးဖြင့် ရန်ကုန်တစ်ဖက်ကမ်းရှိ ဒလ၊ တွံတေး၊ ကွမ်းခြံကုန်း၊ ကော့မှူးမြို့နယ်များသို့ တစ်ဆက်တည်းသွားနိုင်မည်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးရှိ မအူပင်၊ ကျိုက်လတ်၊ ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေး မြို့များသို့ ကုန်းလမ်းခရီးဖြင့် လွယ်ကူစွာသွားလာနိုင်မည်ဖြစ်ရာ ရန်ကုန်မြို့နှင့် ဆက်စပ်ဒေသများ ဖွံ့ဖြိုးမှုအတွက် များစွာ အထောက်အကူဖြစ်လာပေသည်။

# ရန်ကုန်မြို့နှင့် ဆက်စပ်ဒေသများ ဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်လာမည့် ရန်ကုန်မြစ်ကူး ဒလတံတားကြီး

**မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ-မျိုးကြီး**

**ရန်ကုန်** တိုင်းဒေသကြီး၏ မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး ရန်ကုန်မြစ်ကူး(ဒလ) တံတားစီမံကိန်းကြီးကို ဇွန်လ ၂၈ ရက်က စတင်ကာ (ဒလ)ဘက်ကမ်း၌ ကမ်းကပ်ခုံ တိုင်အမှတ် A.1 ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းစတင် ဆောင်ရွက်နေပြီး ဖြစ်ကြောင်းနှင့် အဆိုပါတံတားကြီးအား ၂၀၂၂ ခုနှစ် နှစ်ကုန် ဒီဇင်ဘာလအပြီး တည်ဆောက်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ သိရှိရသည်။

**ဆက်သွယ်တည်ဆောက်မည်**

ရန်ကုန်မြစ်ကူး ဒလတံတားကို ရန်ကုန်မြစ်ဖြတ်သန်းဆောက်လုပ်မည့် တံတားဖြစ်ခြင်းကြောင့် ဒလမြို့နယ်ဘက် ဗိုလ်မင်းရောင်လမ်းနှင့် လမ်းမတော်မြို့နယ်ဘက် ဘုန်းကြီးလမ်းတို့ ဆက်သွယ်တည်ဆောက်မည်ဖြစ်ပြီး ဘိုးပိုင်တူးခြင်းလုပ်ငန်းကို ဒလဘက်ကမ်းမှနေ၍ ကမ်းကပ်ခုံ တိုင်အမှတ် A.1 ဘိုးပိုင်စတင်တူးခြင်းဖြစ်သည်။ ထပ်မံ၍ ပိုင်တိုင် ၁၄ ခု တည်ဆောက်ခြင်းနှင့် လေးလမ်းသွား ချဉ်းကပ်လမ်း တည်ဆောက်ခြင်းကို တစ်ဆက်တည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**ကေဘယ်လ်စတီးကြိုးတံတား ဒီဇိုင်း**

တံတားဆောက်လုပ်မှုနှင့် ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)အင်ဂျင်နီယာ ဦးသက်ဝေအောင်က "စီမံကိန်းလုပ်ငန်းတွေ တောက်လျှောက်လုပ်သွားတော့မယ်။ နည်းပညာအားလုံး ကိုရီးယားနည်းပညာတွေပါပဲ။ နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းအတိုင်း ကေဘယ်လ်စတီးကြိုးတံတား ဒီဇိုင်းနဲ့ပေါ့။ စီမံကိန်းက ၂၀၁၉ မေလက စတာပါ။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလကုန်အပြီး ခန့်မှန်းထားပါတယ်။

**အချပ်ပို(ဂ) သို့**




ကိုရီးယား-မြန်မာ ချစ်ကြည်ရေး(ဒလ) တံတားတည်ဆောက်ရေးအတွက် ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။



ကိုရီးယား-မြန်မာ ချစ်ကြည်ရေး(ဒလ) တံတားတည်ဆောက်ရေးအတွက် ဒလဘက်ခြမ်းလုပ်ငန်းခွင်ဧရိယာအတွင်း တည်ဆောက်ရေးလုပ်သားများက လိုအပ်သည်များ ပြင်ဆင်နေသည်ကို တွေ့ရစဉ်။ မောင်ယဉ်ဦး(ဒလ)